www.burmeseclassic.com

BURMESE CLASSIC

# နှင်းသမီး

ဒါမျိုးကဖြစ်တတ်တယ်

www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ
ဒေါ်မြင့်မြင့်ရီ (မြ-၀၄၅၀၆) (ဗျူးစာပေ)
အမှတ်- ၅၂၀(က)၊ အင်း၀ (၄)လမ်း၊
(၆) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်
ဦးကျင်ရင် (မြ-၀၅၄၁၇) (ရွှေခြေသံ့ပုံနှိပ်တိုက်)
အမှတ် (၁၂)၊ သရဖီလမ်း၊ တော/နောက် ရပ်ကွက်၊
အလုံမြို့နယ်၊ ရန်ကုန်မြို့။
မျက်နှာဖုံးပန်းချီ
သိန်းရွှေကြည်
အတွင်းဖလင်
ကိုကြီးပေါက် - 09 420243327, 09 796825492
ပုံနှိပ်ခြင်း
ပထမအကြိမ်၊
၂၀၁၅ ခုနှစ်၊ မတ်လ
တန်ဖိုး - ၁၀၀ ကျပ်၊ အုပ်ရေ - ၅၀၀
ဖြန့်ချိရေး
ဗျူးစာပေ
၀၉ ၅၀၃၀၁၁၀၆၊ ၀၉ ၅၁၈၅၀၈၄၊
၀၁ ၈၅၀၀၆၉၆

၈၉၅. ၈၃
နတ်သမီး
ဒါမျိုးကဖြစ်တတ်တယ်
ဗျူးစာပေ ၊ ၂၀၁၄။
၂၄၀ - စာ ၊ ၁၂ x ၁၈ စင်တီ။
(၁) ဒါမျိုးကဖြစ်တတ်တယ်

## အခန်း (၁)

"တင်းတောင် တင်းတောင် တင်းတောင်"

ဖက်လုံးကိုဖွပြီး ခြေပစ်လက်ပစ် အိပ်နေသော ဘွင်းဘွင်း မျက်လုံးတစ်ဖက်ကို အိပ်မှုံစုံမွှား ဖွင့်ကြည့်ပြီး

"ကျွတ် စောစောစီးစီး ဘယ်သူလဲမှာယ်၊ ဟဲ့ ရှင်းရှင်း ထစမ်း တံခါးသွားဖွင့်ပေးလိုက်၊ ငါ့ညြေ့သည်ဆို မရှိဘူးလို့ မနက်အစောကြီး ကတည်းက လမ်းထွက်လျှောက်တယ် ပြောလိုက်"

အိပ်ချင်မူးတူး အာလေးလျှာလေး အသံကြီးဖြင့် အနီးတွင် အိပ်နေသော ရှင်းရှင်းကို တစ်ဆင့်ပြန်ခိုင်းလိုက်သည်။

ရှင်းရှင်း အိပ်နေရာမှ စပရိန်မွေ့ရာကြီး ရမ်းခါသွားအောင် တိုယ်ကို လှုပ်လိုက်ပြီး

"ဟာ သူများ မသွားဖွင့်ချင်ဘူး၊ စောင့်ကိုခိုင်းလိုက်၊ ထင်း

www.burmeseclassic.com



ထင်း ထင်းထင်းရေ ထဟာ အိမ်ရှေ့မှာ ဘယ်သူလဲမသိဘူး။ တံခါးဘဲလ် တီးနေတယ်ဟ၊ သွားမေးလိုက် ဘာကိစ္စလဲလို့"

သေးတွင် ခြေကားယား လက်ကားယား အိပ်နေသော ထင်းထင်း ကျွတ်ခနဲ စုတ်သပ်ပြီး

"ဘာလဲကွာ သူများ ညက အင်တာနက်သုံးရင်း မနက် ၃ နာရီမှအိပ်ဖြစ်တယ်ကွာ၊ ကိုယ့်ဟာကိုယ် သွားဖွင့်ကြ၊ အရင်ဆုံးကြားတဲ့ လူ ထဖွင့်စတမ်းကို သိဘူး သွား"

အငယ်ဆုံးမို့ စကားကိုရွဲရွဲပျစ်ပျစ် ပြောတတ်တာ ထင်းထင်း၏ အကျင့်။

သုံးယောက်အိပ်ခုတင်ကြီးပေါ်မှာ အအိပ်အလွန်မက်သော ညီအစ်မသုံးယောက် အိမ်ရှေ့တံခါးကို သူဖွင့်ငါဖွင့်နှင့်တွယ်ကပ်နေဆဲ။ လူခေါ်ဘဲလ်ကလည်း မြည်နေဆဲ။

"အငယ်မ သွားဟာ နင်က အငယ်ဆုံးလေ၊ ငါလည်း ညက ရုပ်ရှင်ကြည့်ပြီး ဂိမ်းဆော့ဖတ်ပြီး နှစ်နာရီလောက်မှ အိပ်တဲ့ဟာကို၊ နင်ပဲ ကလေးပီပီ သွားဖွင့်"

"ဟာ မမကြီးတို့က အကြီးတွေလေ အငယ်တွေထက်ပိုပြီး တာဝန်ယူရမှာမို့လား။ ပြောတော့ အစ်မကြီးအမိရာဆို"

"နင် ဂါရဝမရှိဘူးလား။ ကိုယ့်အစ်မအကြီးဆုံးက သွားဖွင့်ပြီး အငယ်နှစ်ယောက်က စိမ်နဲ့အိပ်နေမယ်ပေါ့ ဟမ် အရိုင်းအစိုင်းလေး"

မနက်စောစောဟု ခေါ်၍မရသော နေဖင်ထိုးချိန်တွင် ခုတင်





ထက်မှာ ညီအစ်မသုံးယောက် တံခါးသွားဖွင့်ဖို့အရေး ပါးစပ်စစ်ဖြစ်နေကြသည်။

"မမကြီးနော် လာရန်မစနဲ့"

"ရန်စတော့ ဘာဖြစ်လဲ"

ထိုရန်ပွဲအသေးစားလေးတွေသည် သူတို့ညီအစ်မသုံးယောက်အတွက် မဆန်းတော့သော နေ့တဓူဝရန်ပွဲ။

"ဗျို့ အိမ်ရှင် မမရှိပါသလား ခင်ဗျာ"

ဒီတစ်ခါ ဘဲလ်သံ ထွက်မလာဘဲ ယောကျ်ားပျိုတစ်ယောက်၏ အသံသြသြကြည်ကြည်လေး ထွက်လာသည်။

ထိုအသံကြောင့် ညီအစ်မသုံးယောက် သူဖွင့်ငါဖွင့် အငြင်းပွားတွက်ကပ်ရန်ဖြစ်ကြရာမှ မျက်ခုံးတွေကိုယ်စီ ပင့်ကုန်ကြသည်။

"ဟယ် ယောကျ်ားလေးအသံပဲ"

"အေး ငယ်ငယ်ရွယ်ရွယ် အသံမျိုးလေး ရှင်းရှင်းရဲ့"

"နေ နေ ထင်းထင်းပဲသွားဖွင့်လိုက်တော့မယ်၊ ဘယ်သူ့ကိုမှ တွက်ကပ်မနေတော့ဘူး"

တတ်လည်းတတ်နိုင်ကြသည်။ ယောကျ်ားလေးအသံလည်းဆိုရော သွက်သွက်ခါအောင် ငြင်းဆန်နေကြသော ညီအစ်မသုံးယောက် စလုံး အိပ်ချင်စိတ်တွေ ပြေသွားကြသည်။

ထင်းထင်း ညအိပ်ဂါဝန်ကြီးကိုမ,ကာ ခုတင်ပေါ်မှ ဒုတ်ခနဲ ဆင်းလိုက်သည်။ ရှင်းရှင်းက အလွှတ်မပေး။ ခါလွင့်သွားသော ဂါဝန်



www.burmeseclassic.com

www.burmeseclassic.com



အနားစကို အမိအရ လှမ်းဆွဲလိုက်ပြီး

"ဟော့ ဟော့ အဲလိုလုပ်လို့ မရဘူးလေ"

"ဟမ် ဘာလဲ ဘာလို့ သူများဂါဝန်ကို ဆွဲနေရတာလဲ၊ တံခါး သွားဖွင့်မလို့လေ"

"စောစောကတော့ မဖွင့်ဘူးဆိုပြီး ပါးစပ်အမြှုပ်ထွက်မတတ် ငြင်းနေပြီးတော့"

"ခုတော့ မဟုတ်တော့ဘူး။ အပြင်က အော်ခေါ်နေတဲ့အသံက အရမ်းကိုချစ်စရာကောင်းတယ်၊ ဒီတော့ ထင်းထင်းပဲ သွားဖွင့်လိုက်မယ်၊ မကြီးနဲ့မလတ်တို့နေ နေ"

"အေး ခုတော့ နင့်ကိုမဖွင့်ခိုင်းတော့ဘူး။ ငါပဲ သွားဖွင့်လိုက်တော့မယ်"

"ဩော် နေပါ ထင်းထင်း သွားဖွင့်ပါ့မယ်"

"ဟော့အေးဟာ ငါပဲသွားဖွင့်တော့မယ်"

ရှင်းရှင်းနှင့်ထင်းထင်း အငြင်းပွားနေကြချိန်မှာ ဘွင်းဘွင်း ခုတင်ပေါ်က ငေါက်ခနဲထကာ ဆင်းလိုက်ပြီး အိပ်ခန်းထဲမှ ထွက်သွားသည်။

ဒီတစ်ခါ ရှင်းရှင်းနှင့်ထင်းထင်းကလည်း ကျန်မနေခဲ့။ ခုတင်ပေါ်မှ တဝုန်းဝုန်း ပြေးဆင်းပြီး ဘွင်းဘွင်းအနောက်ကို ကမူးရှူးထိုး ဖရိုဖရဲ ထလိုက်သွားကြသည်။

ညအိပ်ဂါဝန်ကြီးနှင့်တွန့်ခွေလိမ်နေသော ဆံပင်တွေပွယောင်း





ယောင်းနှင့် ညီအစ်မသုံးယောက် ကြိုက်မရှက်ငိုက်မရှက် ဝကာစ်ကာစ် ခန္ဓာကိုယ်ကိုမှအားမနာ ပြေးထွက်သွားကြသောမြင်ကွင်းက ရယ်ချင်စရာ။

ငယ်ငယ်ချောချော ယောက်ျားလေးတွေကို စိတ်ဝင်စားပြီး ပိုစ်ပေးသောဝါသနာကတော့ အမေ့ဝမ်းထဲက ကျွတ်ကတည်းက မသင်ရဘဲ တတ်ခဲ့သည့် ပညာတွေပါ။

အရွယ်ရောက်ကတည်းက ယခု အသက်လေးဆယ့်ပတ်ဝန်းကျင်အထိ ယောက်ျားလိုချင်ကြသောရောဂါက နေမြင့်လေ အရှူးရင့်လေပါပဲ။

ဒါကြောင့်လည်း အရွယ်နှင့်မလိုက်အောင် လန်းဆန်းပြီး လန်ထွက်နေအောင် အပျိုကြီးမသုံးယောက်ကို ယောက်ျားတွေက ချစ်ချင်ကြပေမယ့်လည်း ကံအားလျော်စွာဖြင့် သူတို့ရုပ်ခံလေးတွေက ညံ့နေပြန်ရော။

တကယ်ဆို သူတို့ညီအစ်မသုံးယောက်စလုံး ငွေကြေးချမ်းသာပြီး မိန်းကလေးတွေမှာရှိသင့်ရှိထိုက်သည့် အလှတရားတွေကတော့ ဆင်းရဲကြသည်။

လောကကြီးက ကောင်းတာတွေချည်းပဲ စုမပေးတတ်တာ သဘာဝပဲ။



www.burmeseclassic.com

## အခန်း (၂)

"ဟဲလို ကျွန်တော်က 'မှော်ဝင်နတ်သမီး' ပန်းဆိုင်ကပါ၊ ဒီ အိမ်က မမအပျိုကြီးတို့ ပန်းမှာထားလို့ လာပို့တာပါ"

အဖြူရောင် လီလီပန်းစည်းကြီးနှင့်အပြိုင် တင့်တယ်နေသော ကောင်မလေးကိုကြည့်ပြီး ညီအစ်မသုံးယောက် အသက်ရှူဖို့ပင် မေ့နေကြသယောင်။

မျက်ခုံး မျက်လုံး နှာတံနှင့် ပီရိပြီး သွေးရောင်လွှမ်းနေသော နှုတ်ခမ်းတစ်စုံ။ ပါးပြင်မှ မွေးညင်းစိမ်းစိမ်းလေးတွေ အပြာရောင်ခပ်လဲ့လဲ့ လွှမ်းတဲ့မျက်လုံးအရောင်၊ ရွှေညိုရောင် ဟဲစတိုင်နှင့် တောင့်တင်းသွယ်လျသော ခန္ဓာကိုယ်အချိုးအစားနှင့် စွဲမက်ခိုလှုံစရာကောင်းသည့် ရင်အုပ်ကျယ်ကျယ်။

"ဒီ ဒီမှာခင်ဗျာ ပန်းစည်းကိုလက်ခံပေးပါ၊ ငွေကတော့ ရှိ





ပြီးပြီဆိုတော့ လက်မှတ်လေး ထိုးရုံပါပဲ"

ပါးစပ်အဟောင်းသားဖြင့် ကောင်မလေး၏ချောမောတင့်တယ်မှုကို သတိလက်လွတ်ငေးမောနေရာမှ ကူခြေပြန်ဆည်လိုက်ပြီး

"ဪ အင်း အဲ မ မမကြီး နင် ပန်းစည်းမှာထားလို့လား"

"ဟင့်အင်း"

"ဒါဆိုရင် ရှင်းရှင်းရော"

"မှာပါဘူး ငါက ဒီပန်းစည်း ဘယ်သူ့ကိုပေးမှာမို့လို့ မှာရမှာလဲ နင်မှာရင် မှာတယ်ပြောစမ်းပါ၊ ငါတို့ကို လွှဲမချနဲ့"

"ဟင့်အင်း နီး နီး နီး ထင်းထင်း လုံးဝ မမှာဘူး"

"ဒီမှာလေ ဒီလိပ်စာနဲ့ အော်ဒါမှာထားတာပါ"

ကောင်မလေး ဖြတ်ပိုင်းစာအုပ်ထဲမှ ဘောက်ချာနှင့်လိပ်စာကို ထုတ်ပြသည်။

"ဪ ဒါဆိုရင် ဟိုဘက်ခြံပါ၊ မမတို့ခြံက ရ၆ ဘီ၊ ဟိုဘက်ခြံက ရ၆ အေ လေ"

"ဟာ ဒါဆိုရင် ကျွန်တော်လိပ်စာမှားဝင်လာတာပဲ၊ ဆောဆောရီးပါဗျာ ကျွန်တော့်ကြောင့် မမတို့ရဲ့နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေတဲ့အချိန်တွေ လန့်နိုးခဲ့ရပြီ၊ ပြန်အိပ်ကြပါ ပြန်အိပ်ကြပါ"

ကောင်မလေး အားနာစွာပြောပြီး လှည့်ထွက်သွားသည်။

လမ်းလျှောက်ပုံကအစ စတိုင်ကျသော ကောင်မလေးကို ညီအစ်မသုံးယောက် မျက်စိတစ်ဆုံးငေးပြီး

www.burmeseclassic.com



"အောင်မလေး ဒီမနက်ခင်းလေးက မင်္ဂလာရှိလိုက်တာဟယ် ဒီကောင်လေး အလွန်ဆုံးရှိမှ အစိတ်ဝန်းကျင်ပေါ့"

ဘွင်းဘွင်း စိတ်ထဲမှာ ဒီကောင်လေးနှင့်ပတ်သက်ပြီး ခံစားချက်တွေ ထွန်ထွန်လူးသွားသည်။

"ထင်းထင်းနဲ့သိပ်မကွာပါဘူး။ ချစ်သူအဖြစ်တွဲချင်လိုက်တာ"

"နင်ကအသားမည်းတော့ နင်နဲ့ဆို ဘာဘက်အင်္ကျီကြီး ဘယ်လိုမှ ပန်တျာမလာဘူး"

ရှင်းရှင်းစကားကြောင့် ထင်းထင်း နှုတ်ခမ်းရှေ့သို့ ရှုထော်လာပြီး

"အံ့မယ် မမရှင်းရှင်းနော် သူများက အသားညိုပေမယ့် ငယ်သေးတယ်၊ ခုမှ သုံးဆယ့်နှစ်ပဲရှိသေးတယ်၊ မမလတ်တို့သာ အခုတစ်ထပ် အသားတစ်ထပ်နဲ့ ဘယ်နေရာကကြည့်ကြည့် ဘယ်ယောက်ျားမှ ရင်မခုန်တဲ့ရုပ်တွေနဲ့"

"အောင်မယ် ထင်းထင်း နင်က ငါတို့အကြီးတွေကို အဲလိုပြောရအောင် ညည်းလေးရုပ်ကရော ဘယ်လောက်ပန်တျာလာနေလို့လဲ တစ်ပတ်တစ်ခါ တစ်ကိုယ်လုံးပေါင်းတင်တာတောင် အရေပြားတွေပါးပြီး ကင်ဆာသာ ဖြစ်သွားမယ်၊ နင့်အသားက ဘယ်တော့မှ ဖြူလာမှာမဟုတ်ဘူး"

"ကဲ တော်ကြပါတော့ ဒီလိုရန်ဖြစ်နေလို့ရော မော်ဒယ်လေးတွေ လိုလှပြီး ပြန့်ငယ်သွားကြမှာမို့လား။ အဲ နေပါဦး ဟိုကောင်လေး





ငါတို့ကို ဆက်အိပ်ကြတဲ့ ငါတို့အိပ်နေတာ သူက ဘယ်လိုသိလဲ"

"လာချောင်းကြည့်လို့နေမှာပေါ့"

"အယ် ပေါက်ကရမပြောစမ်းနဲ့"

ဘွင်းဘွင်း လှမ်းဟန့်ပြီးမှ သတိရသွားကာ

"ဟယ် ဗုဒ္ဓေါ ခု ခုမှ သတိထားမိတယ်၊ ဘွင်းဘွင်းရေ ရှင်းရှင်းတို့ အိပ်ရာဝင်ဝတ်စုံ ဖရိုဖရဲနဲ့ အပြင်ကိုထွက်လာမိကြပြီ ဘယ်လိုလုပ်မလဲ၊ အောင်မလေး မျက်နှာအသီပြောင်ပြောင် ဆံပင်တွေက စုတ်ဖွားနဲ့ ခုမှ အိပ်ရာထတဲ့ပုံစံကြီးမို့ ဒီစကားပြောသွားတာဖြစ်မယ်၊ ဟွန့် ရှက်လိုက်တာ"

"ခုမှ ရှက်မနေနဲ့ မမလတ်၊ အခန့်မသင့်ရင် ဝမ်းအရမ်းချုပ်နေတဲ့ မမကြီးပါ၊စပ်က အာပုတ်နံ့တောင် ရှူမိသွားဦးမယ်"

ထင်းထင်း အနိုင်ပိုင်းကာ ပြောခဲ့ပြီး ရေချိုးခန်းဆီသို့ အစ်မနှစ်ယောက်ထက်ဦးအောင် ခပ်သုတ်သုတ် မြေးဝင်လာခဲ့သည်။

ဒီလိုမှမပြောလျှင် ရေချိုးခန်းကိုလည်း သူအရင်ဝင်မယ် ငါအရင်ဝင်မယ်နှင့် လုပ်နေရမှာလေ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

"ကဲ ဘယ်လိုလဲ မန်နေဂျာကြီးရေ အလုပ်သမားလေး မလာတာနဲ့ ပန်းစည်းကို ကိုယ်ကိုယ်တိုင်သွားပို့နေရပြီလား"

စက်ဘီးကို ဒေါက်ထောက်ရပ်ပြီး ဆိုင်ကလေးထဲ လှမ်းဝင်လိုက်သည်နှင့် မမခရေ ပြုံးဖြီးဖြီးဖြင့် လှမ်းနှောက်သည်။

"ဒီလိုပေါ့ မမရာ တာဝန်ဆိုတာ ကျရာထမ်းရမှာပဲ ကိုယ့်အစ်မဆိုင် ကိုယ်မှမလုပ်ရင် ဘယ်သူက လုပ်ပေးမှာတုန်း"

ပန်းဆီရောင်နှင်းဆီပန်းစည်းကြီးကို တစ်ချက်ရှိုက်နမ်းပြီး မမခရေ၏ကောင်တာနားသို့ လျှောက်လာလိုက်သည်။

ယောက်ျားလေးတန်မဲ့ ပန်းကြိုက်သော မိုးစက်မောင်သည် ပန်းမြင်လျှင်ကို မနမ်းဘဲမနေနိုင်။





"ဝဲလ်ဒင်တစ်ခုကို ပန်းခြင်းအော်ဒါတွေ ပို့ရဦးမယ် မဟုတ်လား၊ တစ်လက်စတည်း သွားပို့ပေးမယ်လေ"

"ဘာလဲ သူများမင်္ဂလာပွဲအခမ်းအနားအပြင်အဆင်ကို သွားငေးပြီး အားကျမလို့လား"

"ဟဲ ဟဲ အားကျပေမယ့်လည်း ကျွန်တော့်ကိုကြိုက်မယ့်လူမှ မရှိတာဗျ၊ ခုချိန်ထိ ကောင်မလေးတွေက ကျွန်တော့်ကိုချစ်တယ်လို့ ဘယ်သူမှကို လာမပြောသေးတာဗျာ၊ အဲဒီလိုနဲ့ လူပျိုကြီးတက်ဖြစ်တော့မှာပဲ"

မိုးစက်မောင် စကားကြောင့် မမခရေ ရယ်ရှုံမဲ့လိုက်ပြီး

"ဘယ်မိန်းကလေးက ကိုယ့်ကိုချစ်တယ်လို့ လာပြောမှာလဲ၊ ဖြစ်နိုင်တာပဲ မိုးစက်ရယ် ကိုယ်ကယောက်ျားလေးပဲ ကိုယ်ကစရမှာ မဟုတ်ဘူးလား"

"ကျွန်တော်က စရမှာ ပျင်းတယ်ဗျာ၊ သူတို့ချစ်ရင် သူတို့လာပြောပေါ့၊ အဲဒီထဲကမှ ကျွန်တော် ရွေးချယ်မယ်လေ အဟဲ မကောင်းဘူးလား"

"အမလေး ဒါဆိုရင် မိန်းမတွေတော့ ကြိုက်မရှက် ဝော်မရှက်ဖြစ်ရဦးတော့မှာပဲ၊ ရှေးရိုးရာဇဝင်ကို ပြောင်းပြန်လှန်ဖို့ မကြိုးစားပါနဲ့ သားကွယ်၊ ဒီခေတ်မိန်းကလေးတွေ ပေါင်ရင်းပေါ် ချက်ပေါ်ရင်ပေါ်နဲ့ ဖျက်လုလုဖြစ်နေရတဲ့ကြားထဲ"

"ဟာ ကျွန်တော်က အဲလိုမိန်းမမျိုးတွေတော့ မသိုရိုး"



www.burmeseclassic.com

www.burmeseclassic.com



ခါးခါးသီးသီးကို ငြင်းပစ်လိုက်သည်။

"ဟဲ့ ငါ့မောင် အဲလိုမိန်းမမျိုးတွေကသာ ယောကျ်ား တစ်ယောက်ကိုချစ်တယ်လို့ ပြောခဲ့မှာလေ၊ တော်ရဲ့ ကြွေသိက္ခာရှိတဲ့မိန်းမမျိုးက ဘယ်ပြောမှာလဲ အနေသာကြီး"

"ဒါဆိုရင်လည်း ကျွန်တော့်ကိုချစ်တယ်လို့ လာပြောတဲ့မိန်းကလေး ဒီကမ္ဘာမှာ မမွေးသေးဘူးဆိုပြီး လူပျိုပဲ လွတ်လွတ်ကျွတ်ကျွတ် လုပ်ရတော့မှာပေါ့ဗျာ"

"ဟယ် ဒါဆိုရင် ငါက တူလေးတွေ တူမလေးတွေ မချီရတော့ဘူးပေါ့"

စိတ်မကောင်းစွာ ပြောနေသော မမခရေကိုကြည့်ပြီး မဲ့ပြုံးဖြင့် မျက်စောင်းဝေ့ကာ

"ဆုတောင်းလေ ဆုတောင်း ခလောလောဆယ် မမက အိမ်ထောင်သည် ကိုယ့်သားသမီးကိုယ်ချီရအောင်ပဲ အရင်ကြိုးစားကြပါဗျာ၊ ကျွန်တော့်ကိုတော့ မမျှော်နဲ့"

ကလေးမရနိုင်သော မမခရေ့ဖို့ မိုးစက်စကားကြောင့် ငိုမဲ့မဲ့လေး ဖြစ်သွားသည်။

ပြောပြီးမှ ဘာရိုတ်အုပ်မရသော ကိုယ့်နှုတ်ထွက်စကားကြောင့် ကလေးရူး ရူးနေသော မမကို အားနာသနားသွားမိသည်။

တကယ်ဆို မိုးစက်လည်း ကိုယ်ချစ်တဲ့မိန်းကလေးနဲ့ လက်ထပ်ပြီး မမခရေ လိုချင်တဲ့ တူမချောချောလေးတွေ တူချောချောလေးတွေ





မွေးပေးချင်တာပေါ့။ ဒါပေမဲ့ ခုချိန်ထိ မိုးစက် ရင်ခုန်နိုင်စွမ်းရှိတဲ့ မိန်းကလေး တွေ့ကို မတွေ့သေးတာပါ။

မိုးစက်နဲ့ဖူးစာရှင်က ခုချိန်ထိ မိုးစက်ရှေ့ ပေါ်မလာသေးဘဲ ဘယ်လိုချောင်ကောင်းကောင်းမှာ သွားအိပ်နေပါလိမ့်။

ဒါမှမဟုတ် မမွေးဖွားသေးတာလား။

www.burmeseclassic.com

## အခန်း (၄)

"အရှိုးသောင်း ဒါ ဘယ်နေရာလဲဟင်၊ လူတွေက များလိုက်တာနော် ပွဲဈေးလို မနည်းတိုးနေရတယ်"

ငွေလရောင် တိုးဝှေ့သွားလာနေသော ရန်ကုန်မြို့ကြီးကိုကြည့်ပြီး တော်တော်လေး အံ့သြနေမိသည်။

တိုက်ကြီးတွေကလည်း အမြင့်ကြီးတွေဖြစ်ပြီး မှန်တွေကာရံထားသော စားသောက်ဆိုင်လား ကုမ္ပဏီလားမသိသော ဆိုင်တွေကလည်း ထည့်ဝါလိုက်တာမှ ဒီတစ်သက်တော့ ငွေလရောင်လို ရွာသူတစ်ယောက်က ကိုရိုးယားမင်းသမီးလေးတွေလို ဝတ်စားပြီး ထိုင်နိုင်ပါ့မလား။

"ဒါ ရန်ကုန်မြို့လယ်ခေါင်ပဲ ဒီလိုနေရာမျိုးတွေမှာ ပိုက်ဆံရှိတဲ့ လူတန်းစားတွေပဲ နေနိုင်တာ၊ ဟော ဟိုမှာတွေ့လား၊ မှန်တွေကာပြီး သစ်လုံးပြောင်ပြောင်တွေနဲ့ ထိုင်ခုံတွေလုပ်ထားကြတာ၊ ပန်းပင်တွေရော





လေ အဲဒါမျိုးက နိုင်ငံခြားပုံစံလို့ခေါ်တယ်"

"အဲဒီထိုင်ခုံပေါ်မှာ လူတွေထိုင်ပြီး ဘာတွေစားနေကြတာလဲဟင်"

"လက်ဖက်ရည်တို့ ကာဖီတို့ကို ဖိမ်နဲ့သောက်နေကြတာပေါ့အေ"

"ဟင် လက်ဖက်ရည် ကာဖီရောင်းတာ ဒီလိုခမ်းနားတဲ့ဆိုင်မျိုးတွေနဲ့ရောင်းတယ် ဟုတ်လား၊ မြတ်ရော မြတ်ပါ့မလား အရှိုးသောင်းရယ်"

"သိပ်ပါဘူးအေ ငါတော့ ပိုက်ဆံချမ်းသာလည်း ဒီလိုကာဖီဆိုင်မျိုး ဘယ်တော့မှ မထိုင်ဘူး။ တစ်ခွက်ကို သုံးလေးငါးထောင်ပေးရမှာ၊ အဲဒီကာဖီသောက်မယ့်အစား မန်းကီးကော်ဖီတစ်ရာတန်ဝယ်ပြီး ကိုယ့်အိမ်မှာ ကိုယ်သောက်ပြီး ကြက်သားဟင်းဝယ်ချက်စားပစ်မယ် မှတ်ကရော"

ရန်ကုန်တစ်ခါမှ မရောက်ဘူးသော ငွေလရောင်နှင့် ရန်ကုန်ကို တစ်ခါလေးသာ ရောက်ဖူးသော အရှိုးသောင်း လူစည်ကားသော မြို့လယ်ခေါင်မှာ ကော်ဖီဆိုင်တွေ အကင်ဆိုင်တွေ ဘီယာဘားဆိုင်တွေကို မျှော်ကြည့်ပြီး မဲ့ကာရွဲ့ကာဖြင့် ပြောနေသည်မှာ ရယ်ချင်စရာပါ။

ဘာပဲဖြစ်ဖြစ် ငွေလရောင်အဖို့တော့ ကမ္ဘာသစ်ထဲရောက်နေသလိုပါပဲ။ ရွာမှာ အဘမရှိမှတော့ လယ်ကွင်းဘေးမှာရှိတဲ့ တဲအိမ်လေးထဲမှာ ငွေလရောင် ဘယ်လိုနေမလဲ။ တစ်ယောက်ထဲနေဖို့ဆိုတာ ဘယ်လိုမှ



www.burmeseclassic.com

www.burmeseclassic.com



မဖြစ်နိုင်တဲ့ကိစ္စကြီးပါ။

ဒီတော့ အရိုးသောင်းအကူအညီနဲ့ မြို့တက်ပြီး အိမ်ဖော်လေး လုပ်မယ်ပေါ့။ သူများအိမ်မှာ အစေခံလုပ်ရမှာမို့ ဘဝက နိမ့်ကျသွားပေမယ့် ငွေလရောင်လို ပညာသိပ်မတတ်သော တောသူမအဖို့ ဘယ်လို အလုပ်မျိုးရှိမလဲ။ ရှိသည့်ပဲထား ဘယ်မှာလဲ နေစရာ။

အလုပ်ကပြန်ပြီး လမ်းဘေးကြုံရာအိပ်ရမယ့် ကိုယ့်အနေအထားက ခုလို အိမ်ဖော်လုပ်တော့မှပဲ ကိုယ့်အတွက် ကျောတစ်ခင်းစာ ရမှာ မဟုတ်လား။

ဘာပဲဖြစ်ဖြစ် အဘမရှိတော့မှတော့ ကိုယ့်ဘဝကို တစ်ကနေ ပြန်စပြီး ရုန်းရတော့မှာပါပဲလေ။

“ပြေး ပြေး မြန်မြန် သိမ်း”

“ဟော့ ပစ္စည်းတွေ သိမ်းဟော့ မင်းပထွေးတွေ လာပြီ”

မိုးမျှော်တိုက်ကြီးတွေကို ငေး၍မော၍ကောင်းတုန်း လမ်းဘေးမှာ ရောင်းနေသော ဈေးသည်တွေ၏ ရုန်းစုအော်သံတွေ ပစ္စည်းတွေ သိမ်းနေကြပုံတွေ ပြေးကြသူတွေက ပြေးကြပုံတွေကြောင့် ငွေလရောင်ရင်ထဲ ထိတ်ခနဲ ဖြစ်သွားသည်။

အရိုးသောင်းလည်း စောစောကလို ငါသိငါတတ်ပုံစံမျိုး မဟုတ်တော့ဘဲ မျက်လုံးလေး ကလယ်ကလယ်နှင့် ကြီးကြည့်ကြောင်ကြည့် ကြည့်ပြီး ဘယ်ပြေးလို့ ပြေးရမှန်းမသိ။

“ဟော့တော် သောက်ကျိုးနည်း ဘာတွေလာလို့ ပြေးရမှာတုန်း”





“မသိဘူး ဟိုလူပြောတာတော့ သချိုင်းကုန်းက ပထွေးလာပြီ တဲ့”

“ဟင် ပထွေး ဟုတ်လား သချိုင်းကုန်းက ဘုရား ဘုရား”

ငယ်စဉ်ကတည်းက ပထွေးကို အရမ်းကြောက်ပြီး အနိုင်စက်ခံရသော အရိုးသောင်း ခြေမကိုင်မိ လက်မကိုင်မိဖြစ်ကာ တောင်ပြေးရမလိုလို မြောက်ပြေးရမလိုလိုနှင့် တော်တော်လေး သွေးပျက်နေသည်။

စိတ်ထဲမှာလည်း ဘယ့်နှယ်ကြောင့် ရွာမှာသေသွားသည့်ပထွေးက ရွာသချိုင်းကုန်းကနေ ရန်ကုန်ထိ ထလိုက်လာရသလဲပေါ့။

“ဇို ဇို့ပထွေး ဇို့ပထွေး အမလေး ကျုပ် ကြောက်တယ် လာလာ ငွေလရောင် ဟိုမှာလူတွေ အထုပ်အပိုးတွေနဲ့ ပြေးနေကြပြီ၊ ငါတို့လည်း ပြေးကြရအောင်”

အရိုးသောင်းနဲ့ ငွေလရောင်လည်း အဝတ်ထုပ်ကို ခေါင်းပေါ်ရွက်ပြီး သူတို့ပြေးသလိုပဲ လိုက်ပြေးလိုက်ကြတာပေါ့။

ဘယ်ကိုပြေးရမယ်ဆိုတာတော့ မသိပါဘူး။ သူတို့ပြေးတဲ့ဆီကို လိုက်ပြေးလိုက်တာ ကောင်းသည်။

ရန်ကုန်မြို့ကြီးကလည်း ဒီလို ပြေးရလွှားရတာပဲလား။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

"ဟယ် မောင်လေး"

ချွဲချွဲပျစ်ပျစ် ခေါ်သံကြောင့် ပန်းဆိုင်ထဲမှ ထွက်လာသော မိုးစက် ကိုယ့်ကိုများခေါ်တာလားဆိုပြီး လှည့်ကြည့်လိုက်သည်။

ဘွင်းဘွင်း မိုးစက်ကို ဖြီးနေအောင် ပြုံးပြလိုက်သည်။

"မောင်လေး မမကို မမှတ်မိဘူးလား။ ဟိုနေ့က ပန်းစည်းများ ပြီး လာပို့တဲ့အိမ်က အပျိုကြီးမမလေ"

ကိုယ့်ရဲ့ဝဝဖိုင့်ဖိုင့် ခန္ဓာကိုယ်ကြီးကို အိမ်တောင်သည်ဟု ထင်မည်စိုး၍ တစ်ခါတည်း ကြော်ငြာဝင်လိုက်ခြင်း ဖြစ်သည်။

မိုးစက်လည်း ခုမှ မှတ်မိသွားသည်။ ဟိုနေ့က မြင်ရသည့်ပုံတွေက ဆံပင်စုတ်ဖွား ဂါဝန်ပွပွကြီးတွေနှင့် မျက်လုံးမှ မျက်ဝတ်တွေက အသီးလိုက်။ ရုပ်ကလည်းဆိုးဆိုတော့ ခုလို လှတပတဖြစ်အောင် မနည်း





ပြင်ဆင်ထားရပုံနှင့် ယှဉ်လျှင် မဆိုသလောက်လေးတော့ ရုပ်ကွာတာပေါ့။

"ဩော် အင်း မှတ်မိပြီ ဟိုနေ့က အိပ်ပုံမှုံများ အဒေါ်ကြီးတွေ"

အဒေါ်ကြီးတွေဆို၍ ဘွင်းဘွင်း မျက်နှာကြီး မဲ့ဆင်းသွားသည်။

"ဟယ် ဘယ်က အဒေါ်ကြီးရမှာလဲ၊ မမတို့က အပျိုကြီးတွေ ဩော် ခက်ရချည်ရဲ့"

"ဟုတ်ပါပြီ ဆောရီးပါ မမကြီး"

"မောင်လေးက ဒီဆိုင်မှာ လုပ်တာလား"

မှော်ဝင်နတ်သမီးပန်းဆိုင်က အလုပ်သမားဟု ထင်နေပုံရသည်။ ဒီတော့ မဟုတ်ပါဘူးဟု ရှင်းပြနေလျှင် လေပိုရှည်သွားမည့် အပျိုကြီးတွေနှင့်စကားပြောလျှင် အမျှင်ကပြတ်တော့မည်မဟုတ်။

"ဟုတ်တယ်ခင်ဗျ ကျွန်တော်က ဒီဆိုင်က အလုပ်သမားပါ"

"ဒါနဲ့ မမကြီးက ဘယ်လာတာလဲ"

"ဩော် မမကလား အိမ်ဖော်ပွဲစားဆီလာတာကွယ်၊ အိမ်က အိမ်အကူလေး ရွာပြန်သွားလို့လေ အဲဒါနဲ့ နောက်တစ်ယောက်လောက် ဆပ်ရှာပေးပါလို့ ပြောမလို့၊ လစာကတော့ တစ်သိန်းပေါ့ကွယ်၊ မမတို့ အိမ်မှာလုပ်တဲ့ အိမ်အကူတွေကို မမတို့က လူတန်းစားခွဲခြားမဆက်ဆံဘူး။ တန်းတူထားတယ်လေ၊ အဝတ်အစား အစားအသောက်ကအစ ဘာလိုလေသေးမရှိစေရဘူး၊ ခုကောင်မလေးဆိုရင်လေ ရွာက သူ့အမေ နေမကောင်းလို့သာ ပြန်သွားရတာ မပြန်ချင်ရှာဘူး။ ပြန်ခါနီး မမတို့ကို ဖက်ပြီး ငိုလိုက်ပုံများ သနားစရာကွယ်"



www.burmeseclassic.com

www.burmeseclassic.com



ဘွင်းဘွင်း သူ့ကိုအထင်ကြီးအောင် ဟန်လုပ်ပြီး ပြောနေခြင်းဖြစ်သည်။

မိုးစက် စိတ်တွေညစ်နေသည်။ စကားက တော်တော်နှင့်မှ အမျှင်မပြတ်။ အပျိုကြီးတွေ လျှာကိုရှည်သည်။

■ ■ ■

## အခန်း (၆)

"ထင်းထင်း ထင်းထင်း ဟဲ့ ထင်းထင်း"

ထမင်းစားခန်းထဲမှ အသံပြာပြာဖြင့် လှမ်း၍ အော်ခေါ်နေသော ရှင်းရှင်းအသံကြောင့် ခုတင်ထက်တွင် လှဲအိပ်ကာ သခွားသီးအကွင်းလိုက်ဖြင့် မျက်နှာပေါင်းတင်နေသော ထင်းထင်း မျက်လုံးဖွင့်ကြည့်သည်။

"ဟာ ဘာလဲ မမလတ်ရာ အသံပြဲကြီးနဲ့ အော်နေပြန်ပြီ"

ရှင်းရှင်း အခန်းဝကို ရောက်လာသည်။

"ဟဲ့ မအော်လို့ရမလား ဒါ ထမင်းနဲ့တို့စားဖို့ သခွားသီးတွေ ဝယ်ထားတာ ခုတစ်လုံးမှ မရှိတော့ဘူး။ ညည်းရဲ့ဘယ်တော့မှ မပြေတဲ့ မျက်နှာပေါ်ကို ထပ်တင်လိုက်ပြန်ပြီလား"

"ကျွတ် ဒါများ မမလတ်ရာ ရေကြီးခွင်ကျယ် အော်ဟစ်နေ



www.burmeseclassic.com

www.burmeseclassic.com



ရလား။ ဒီသခွားသီး ဘယ်လောက်တန်လို့လဲ''

''မတန်ပေမယ့် ငါ သခွားသီးကြိုက်တာ နင်မသိဘူးလား။ သခွားသီးတောင် အကြီးကြီးတွေဆို ပိုပြီးတော့ကိုကြိုက်လို့ ဈေးက ဝယ်ထားတာ''

''သခွားသီးမရှိလည်း ခရမ်းသီးရှိတယ်လေ''

ထင်းထင်း ခပ်အေးအေးပင် ဖြေလိုက်သည်။

''ဟဲ့ ငါက ခရမ်းသီး ဘာလုပ်ရမှာလဲ''

''မမလတ်ပဲ အတောင့်ကြီးကြီးတွေ ကြိုက်တယ်ဆို''

''သခွားသီးကိုပြောတာဟဲ့ ခရမ်းသီးက ပျော့ပျော့ကြီး မကြိုက်ဘူး''

ထင်းထင်း တခိခိ ရယ်သည်။

''ဘာရယ်တာတုံး''

''ပျော့တာမကြိုက်ဘူးဆိုလို့ပါ''

''ဟုတ်တယ်လေ သခွားသီးက ကိုက်လိုက်ရင် ဂျိုးဂျိုးဂျွတ်ဂျွတ် နဲ့ ဒါ ငါ့အကြိုက်ပဲ''

''ဒါဆိုလည်း ရော့''

ထင်းထင်း သူ့မျက်နှာပေါ်က သခွားသီးအကွင်းတွေကို ခွာပြီး လှမ်းပေးသည်။ တစ်ကွင်းကို သူ ယူစားလိုက်သည်။

ရှင်းရှင်း ရွှဲသွားသဖြင့် ရွှံ့မဲ့ကာ

''အမလေး နင့်မျက်နှာပေါ်က အဆီတွေ စုပ်ထားတဲ့သခွားသီး





ကို ငါက စားရမှာလား''

''ပိုတောင် အရသာရှိသေးတယ်''

''နင်ပဲစား''

''စားတယ်လေ အဟီ ခစ် ခစ် ငနိုကျိုကျိုလေး ထမင်းနဲ့စားရင် သိပ်ဖျော်တောင် မလိုဘူး''

''တော် တော် ပေါက်ကရလေးဆယ်တွေ မပြောနေနဲ့တော့ ထ ထမင်းစားမယ်၊ နောက်တစ်ခါ သခွားသီးမြင်တိုင်း နင့်ဟာမထင်နဲ့''

မကျေမနပ်ပြောပြီး အိပ်ခန်းအပေါက်ဝမှ လှည့်ထွက်သွားသည်။

ထင်းထင်း ရယ်ကာမောကာဖြင့် ခုတင်ထက်မှ ထလိုက်သည်။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

"အရီးသောင်း အရီးသောင်းရေ"

အရီးသောင်းရေဟု အော်ခေါ်ပြီး တဟီးဟီး အော်ငိုနေသော မိန်းကလေးတစ်ယောက်အသံကြောင့် မိုးစက် ထမင်းစားနေရင်းမှ နားစွင့်လိုက်သည်။

"မေမေ အော်ငိုသံကြားလား"

ကိုယ်ပဲ နားကြားမှားသလားဟူသော အတွေးကြောင့် သေချာစေရန် မိခင်ဖြစ်သူကိုပါ မေးလိုက်သည်။

"အေး ဟုတ်တယ် သား၊ အိမ်ရှေ့မှာ ဘယ်သူများ လာပြီး အော်ငိုနေပါလိမ့်"

ထိုငိုသံကြောင့် သားအမိနှစ်ယောက်စလုံး ထမင်းဆက်မဟား နိုင်တော့။





"နေဦး မေမေ သား သွားကြည့်လိုက်ဦးမယ်"

"အေး အေး"

ထမင်းစားခန်းထဲမှ ထထွက်လာလိုက်သည်။

ခြံရှေ့အုတ်ခုံတွင် ထိုင်ပြီး တရှုံ့ရှုံ့ငိုနေသော ငွေလရောင်ကို ကြည့်ပြီး မိုးစက် မျက်မှောင်တစ်ချက် ကျုံ့လိုက်သည်။

"ဘာလဲဟ ငါတို့အိမ်ရှေ့မှာ ဘာလို့ အော်ကြီးဟစ်ကျယ် ငိုနေပါလိမ့်"

အိမ်ရှေ့သံပန်းတံခါးကိုဖွင့်ပြီး ခြံရှေ့သို့ ထွက်လာလိုက်သည်။ ငွေလရောင်က တရှုံ့ရှုံ့နှင့် ငိုကောင်းဆဲ။

"ဟော့ ကောင်မလေး ဘာဖြစ်လို့ ငိုနေတာလဲ မရှက်ဘူးလား"

မိုးစက်အမေးကြောင့် မျက်ရည်တွေသုတ်နေရင်းမှ မော့ကြည့် တာ

"မငိုလို့ရမလား အစ်ကိုကြီးရဲ့၊ ငွေလှ ပျက်ပြီရှင့် ပျက်ပြီ"

"ဟင် ငွေလ ငွေလဆိုတာ ဘာလဲ"

"ငွေလဆိုတာ သူများပေါ့လို့ သူများဘဝ ပျက်ပြီ"

"အဲဒါများ ကိုယ့်ဘဝပျက်တာမှမဟုတ်တာကွာ"

"ဟမ် ကိုယ့်ဘဝပျက်တာပေါ့လို့"

"မင်းပြောတော့ သူများဆို"

"အင်းလေ သူများဆိုတာ ဟော့ဒီ ကျွန်မ ငွေလရောင်ကို ပြောတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ကြော် မင်းနာမည်က ငွေလရောင်လား"

"အင်း"

ကလေးတစ်ယောက်လို တစ်ချက်ရှိုက်လိုက်ပြီး အင်းဟုဆိုကာ ခေါင်းညိတ်ပြသည်။

"ဒါဆို မင်းကို ဘယ်သူက ဓော်ကားလိုက်လို့လဲ"

"အမ် ဘာကိုလဲ"

"မင်းကို ဘယ်ကောင်ဓော်ကားလိုက်လို့လဲ"

"အို ဘယ်သူက ဓော်ကားလိုက်ရမှာလဲလို့ သူများသမီးပျိုကို"

"နို့ သိဘူးလေ မင်းပဲ ဘဝပျက်ပြီလို့ အော်နေပြီးတော့"

"ဟုတ်တယ်လေ ရန်ကုန်ကို တစ်ခါမှ မရောက်ဖူးလို့ အိမ်ဖော်လေးလုပ်ရအောင် အရီးသောင်းနဲ့ရန်ကုန်လိုက်လာပါတယ်၊ ခုတော့ အရီးသောင်းနဲ့ပြေးရင်းလွှားရင်းနဲ့ လူကွဲသွားတယ်၊ ခုတော့ ငွေလ ဘယ်သွားလို့ ဘယ်လာရမှန်းမသိဘူး။ လိုက်ရှာတာလည်း တစ်နေကုန်နေပြီ၊ အရီးသောင်း အရိပ်အယောင်တောင် မတွေ့ဘူး"

"ဒါဆို လူပျောက်တိုင်လိုက်လေ"

"ဘယ်လို တိုင်ရမှာလဲ"

"ရဲစခန်းကို"

ငွေလရောင် လန့်သွားသည်။ ရဲမြင်ရင် ငယ်ငယ်ကတည်းက ကြောက်တတ်တဲ့သူမို့ အရီးသောင်း ပျောက်တာနဲ့ ရဲစခန်းကို ဘယ်လို တိုင်ရဲပါ့မလဲ။





"ဟုတ်တယ်လေ အဲဒီ အရီးသောင်းဆိုတဲ့ အဒေါ်ကြီးဓာတ်ပုံနဲ့ စခန်းမှာတိုင်ရမှာ၊ ဒါမှ စခန်းက ဝိုင်းရှာပေးမှာပေါ့"

"အို ဟင့်အင်း ဟင့်အင်း ငွေလ မတိုင်ရဲပါဘူး။ နောက်ပြီး အရီးသောင်းဓာတ်ပုံလည်း ငွေလမှာ ဘယ်မှာလာရှိမှာလဲ"

"ဒါဆိုလည်း မင်းအိမ်မင်းပြန်လေ"

"ဟိုအဝေးကြီးမှာ အိမ်က နောက်ပြီး ရန်ကုန်တက်လာမယ်ဆိုပြီး အဲဒီတဲအိမ်လေးကို အဘဖိုးထူးနေဖို့ ပေးခဲ့တယ်"

ငယ်ငယ်ရွယ်ရွယ်နှင့် လောကဓံကို ခံစားနေရရှာသော ငွေလကို မိုးစက် သနားသွားပြီး အပူတို့ကပါ ရင်ထဲကို ကူးစက်လာသည်။

ရုတ်တရက် ငွေလရောင် ဗိုက်ထဲမှ တဂွီဂွီအော်မြည်လာသည်။ ထိုအသံက ကျယ်လောင်လာ၍ မိုးစက် ကြားသွားကာ စိတ်မကောင်းပိုဖြစ်သွားရသည်။

ငွေလ အရှက်ပြေရယ်ရင်း

"အဟင်း"

"မင်း ဗိုက်ဆာနေတာလား"

"ဟုတ် ဟုတ်ကဲ့ ငွေလ ဒီနေ့ တစ်နေကုန် ထမင်းမစားရသေးဘူး"

"ကဲ လာ လာ ငါ မင်းကို ထမင်းကျွေးဖို့လောက်တော့ အကူအညီပေးနိုင်တယ်"

"ရှင် တ တကယ်ကျွေးမှာလားဟင်"



www.burmeseclassic.com

www.burmeseclassic.com



"လာပါ ကျွေးမယ်"

"ကျေးဖူးတင်လိုက်တာ အစ်ကိုရယ်၊ ငွေလ ဗိုက်အရမ်းဆာနေတာ"

ငွေလ မျက်နှာလေး သောကတို့ အနည်းငယ် ဖျောသွားကာ မိုးစက် ခေါ်ဆောင်ရာနောက်သို့ ဆာလောင်မွတ်သိပ်လွန်းသော ခြေလှမ်းတို့ဖြင့် လိုက်ဝင်သွားလိုက်သည်။

■ ■ ■

## အခန်း (၈)

"ဟင် သား သူက ဘယ်သူလဲ"

"စောစောက အိမ်ရှေ့မှာ ငိုနေတဲ့ မိန်းကလေးလေ"

ဒေါ်မိုးဖြူ ငွေလကို ခြေဆုံးခေါင်းဆုံး အကဲခတ်ကြည့်ပြီး

"မင်းက တို့အိမ်ရှေ့မှာ ဘာလို့ အော်ငိုနေရတာလဲ"

ဒေါ်မိုးဖြူ အမေးကြောင့် ငွေလ အားငယ်စိုးရွံ့ကာ မျက်လုံးပေကလပ် ပေကလပ်ကြည့်ပြီး

"ငွေလက နယ်ကလာတာပါ၊ ငွေလကို ရန်ကုန်ခေါ်လာတဲ့ အရီးသောင်းနဲ့ လူကွဲပြီး ဘယ်သွားလို့ ဘယ်လာရမှန်းမသိ ဖြစ်နေလို့ပါ"

"ဟုတ်တယ် မေမေ မေမေ့အသိတွေထဲမှာ အိမ်အကူလိုတဲ့ သူလေးများ မရှိဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



သူများအတွက်ဆို အမြဲဦးစားပေး စဉ်းစားတတ်သော မိုးစက်ကို ကိုယ်နှင့်မဆိုင်ရန်ကောဟူသော အကြည့်မြင့်ကြည့်ကာ

"အဲဒီတော့"

"ရှိရင် သူ့ကို အဲဒီမှာ ပြောပေးလိုက်ပါလား မေမေ"

"မရှိပါဘူး သားရယ်"

"ခုလောလောဆယ်တော့ သူ ဗိုက်တအားဆာနေပုံရတယ်။ သားတို့ သူ့ကိုမနက်စာ ထမင်းကျွေးရအောင်"

ဆာလောင်နေသူကို ထမင်းတစ်နပ်စာလောက်ကျွေးဖို့အတွက်တော့ ဒေါ်မိုးဖြူ မတွန့်တိုပါ။

"အေး ကျွေးလေ သား လာ ကလေးမ ထိုင်"

ထမင်းအုပ်ထဲမှ ထမင်းကို ပန်းကန်တစ်ချပ်ထဲထည့်ပြီး ငွေလရှောင် ထိုင်လိုက်သော ခုံရှေ့ချပေးလိုက်သည်။

"ထည့်စားနော် ဘာမှအားမနာနဲ့ အဝသာစားပါ"

စိုးရွံ့နေသော ငွေလရှောင်ကို အားမနာစေရန် ပြောပြီး ပန်းကန်ထဲသို့ ပုစွန်ထုပ်ဟင်းတစ်ကောင် ထည့်ပေးလိုက်သည်။

"အို ငွေလကို အဲဒါမကျွေးလည်း ရပါတယ်ရှင့်၊ ငွေလ ထမင်းနဲ့ငပိရည်ရှိရင် ဖြစ်ပါတယ်၊ ဟင်းအကောင်းတွေ မစားတတ်လို့ပါ"

မည်မျှ ဆင်းရဲနုံချာခဲ့သလဲမသိ။ ဟင်းထည့်ပေးတာတောင် စားရမှာ မဝံ့မရဲ ဖြစ်နေရှာသည်။

"ဘာမှအားမနာပါနဲ့ ငါတို့အိမ်က ငပိမှမစားတာ၊ ဒီဟင်းတွေနဲ့ပဲ စားလိုက်ပါ"

ငွေလ အားနာလွန်း၍ ထမင်းပင် ဘယ်လိုမျိုချရမှန်းမသိတော့။

■ ■ ■

"ငွေလကို အစစအရာရာ ကူညီပေးတဲ့အတွက် ဒီကျေးဇူးကို တစ်သက်မမေ့ပါဘူး အစ်ကို"

"မလိုပါဘူး ငါက ဖြစ်နိုင်ရင် ငါ့အစ်မပန်းဆိုင်မှာ အလုပ်ခန့်ချင်တာပါ၊ ဒါပေမဲ့ နေဖို့စားဖို့တာဝန်ကိုတော့ ငါ့အစ်မက စီစဉ်ပေးနိုင်မှာ မဟုတ်ဘူး။ ဒါကြောင့် ငါ့သူငယ်ချင်း ဘုရားဖူးထွက်တဲ့ ဆယ်ရက်လောက်တော့ မင်း ဒီမှာနေခွင့်ရှိတယ်"

"ဟုတ်ကဲ့ပါ အစ်ကို၊ ဘယ်လိုပဲနေရ နေရ ငွေလ ဖြစ်အောင် နေတတ်ပါတယ်၊ ငွေလ အိမ်အကူအလုပ် လုပ်ရင်တော့ အဆင်ပြေသွားပါပြီ"

"ငါလည်း ကူရှာပေးမှာပါ"

"ကျေးဇူးတင်ပါတယ် အစ်ကိုရယ်"

သောကအရှို့ ပြေပျောက်အောင် ကူညီပေးမပေးသူ အစ်ကို့ကို စိတ်ထဲက ကျေးဇူးအနန္တပါ။

"ဟာ နေဦး ငါ ခုမှ သတိရတယ်"

"ရှင်"

"ဟုတ်တယ် မင်းအလုပ်အတွက် စဉ်းစားမိတယ်"

ငွေလ မျက်နှာဝင်းလဲ့သွားသည်။





www.burmeseclassic.com

www.burmeseclassic.com



"ဟုတ် ဟုတ်လား အစ်ကို"

"ငါ့ကို အဒေါ်ကြီးတစ်ယောက်က အိမ်အကူလိုတယ်လို့ပြောဖူးတယ်၊ ငါ အဲဒီမှာ သွားစုံစမ်းကြည့်မယ်"

မျှော်လင့်ချက်ရောင်ခြည် ထင်သန်းလာပြီမို့ ငွေလ ပျော်သွားသည်။ ဒီအချိန်မှာ ကျောင်းတစ်ခင်းစာရမယ့် ဘယ်လိုအလုပ်မျိုးကိုပဲရရ ငွေလ ရိုးရိုးသားသားနဲ့ ကြိုးကြိုးစားစား လုပ်မှာပါ။

■ ■ ■

## အခန်း (၉)

"ဟယ် မောင်လေး မမဆီလာလည်တာလား"

နွေနေ့လယ်ခင်း နေပူကြဲကြဲအောက်မှာ ဆိုင်ကယ်လေးဖြင့် ရောက်ရှိလာသော မိုးစက်ကြောင့် ဘွင်းဘွင်း ရင်တွေ တဒိတ်ဒိတ် ခုန်သွားသည်။

"ဟိုတစ်ခါ အစ်မကြီး အိမ်အကူလိုတယ်လို့ ကျွန်တော့်ကို ပြောဖူးတော့ ခုရော လိုသေးလားလို့ လမ်းကြုံတာနဲ့ ဝင်မေးတာပါ"

"လိုတာပေါ့ မောင်လေးရဲ့၊ ခုထိကို ရှာလို့မရသေးဘူး။ ဘာလဲ မောင်လေးမှာ လုပ်မယ့်လူရှိလို့လား"

"ဟုတ်ကဲ့ ခင်ဗျာ၊ ကျွန်တော့်ရဲ့ညီမဝမ်းကွဲလေးတစ်ယောက် နယ်ကတက်လာပြီး အလုပ်ရှာမရသေးလို့ အစ်မကြီး အဲ မမတို့အိမ်မှာ များ လိုသေးလားလို့ပါ အကယ်၍ လိုမယ်ဆိုရင် မမတို့ခေါ်သုံးလို့ ရပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟယ် မောင်လေးရဲ့ညီမ ဟုတ်လား၊ အမလေး၊ နမြော်လိုက်တာကွယ်၊ မောင်လေးတောင် ဒီလောက်ချောနေရင် မောင်လေးရဲ့ညီမကလည်း ချောမှာပဲနော်၊ ဒါနဲ့ မမ လစာဘယ်လိုပေးရမလဲကွယ်"

"မမက ခေါ်မှာလား"

"ခေါ်မှာပေါ့ တခြားသူမှမဟုတ်တာ၊ ကိုယ့်မောင်ရဲ့ညီမလေး ဆိုတော့ မမရဲ့ညီမလေးပေါ့"

ပေါ်တင်ကုန်းဆင်းပြီး ချွေမျှိုးအတင်းတော်နေသော ဘွင်းဘွင်း ပြင်းပို့ဆေးနှ လုံးဝမရှိ၊ မခေါ်ချင်လည်း ခေါ်ရမှာပင်။ ဘာဖြစ်လို့လဲဆိုတော့ မောင်လေးရဲ့ညီမလေး ဖြစ်နေသောကြောင့်ဖြစ်သည်။

"အင်း လစာကတော့ အရင် မမပြောထားတဲ့ဈေးအတိုင်းပဲ ပေးလိုက်ပေါ့၊ သူက တောသူတောင်သားဆိုတော့ အိမ်မှုကိစ္စကတော့ နိုင်နိုင်နင်းနင်းရှိပါတယ်"

"ဟမ် အရင်ပြောထားတဲ့ဈေး ဟုတ်လား"

"ဟုတ်ပါတယ်"

"အယ် မမပြောမိလိုက်လား"

"ပြောမိတယ်လေ"

ဘွင်းဘွင်း ကိုယ်ပြောထားတာ ကိုယ်မေ့နေသည်။ ဟန်လုပ်ပြီး သာနေရတာ တကယ်တမ်း အိမ်ဖော်ငှားဖူးတာမဟုတ်။ အဲဒီတုန်းက မော်ဝင်နတ်သမီးပန်းဆိုင်ရှေ့မှာ ဒီကောင်လေးကိုတွေ့လို့တွေ့ခြင်း ညှိပြီး သွားလုပ်ကြည့်ခြင်းသာ ဖြစ်သည်။





"ပြော် အေး ဒါ ဒါဆိုရင်လည်း ဒီဈေးနဲ့ပဲပေါ့ကွယ်၊ ဒါနဲ့ ဘယ်တော့များ အလုပ်ဝင်မလဲ"

"သဘက်ခါလောက်ဆိုရင် ကျွန်တော် ခေါ်လာပါ့မယ်"

ချက်ချင်းကြီးဆိုလျှင် အိမ်အကျတန်ဖိုး လျော့သွားမည်စိုး၍ ဈေးကိုင်သည့်အနေဖြင့် တစ်ရက်ခြားချိန်းလိုက်ခြင်းဖြစ်သည်။

"ကောင်းပါပြီကွယ်၊ တကယ်ခေါ်လာနော်၊ မမ ဆက်ဆက် မျှော်နေမယ် သိလား"

"ဟုတ်ကဲ့ ကျိန်းသေ ခေါ်လာမှာပါ၊ ဒါဆိုရင် ကျွန်တော် ပြန်လိုက်ပါဦးမယ်ခင်ဗျ"

"ဟယ် ပြန်တော့မလို့လား။ ရောက်တုန်းရောက်ခိုက် ကော်ဖီ မှုလေးသောက်သွားပါဦးလား"

"မသောက်တော့ပါဘူး မမ၊ ကျွန်တော့်ညီမလေးကို လက်ခံ ပေးတဲ့အတွက် ကျေးဇူးအရမ်းတင်ပါတယ်"

"ဟယ် မဟုတ်တာ ဒီလူနဲ့ ဒီလူ အားနာစရာလားကွယ်၊ ဒါပဲနော် မောင်လေးရဲ့ညီမကိုလည်း မမတို့ညီအစ်မလို သဘောထား ဆက်ဆံမယ်ဆိုတာ ယုံပါ"

"ဟုတ်ကဲ့ပါ"

ပြောပြီး လှည့်အထွက်

"ဟယ် နေဦးလေ မင်းနာမည်နဲ့ ဖုန်းနံပါတ်လေး ပေးခဲ့ပါလား"

တစ်လက်စတည်း အခွင့်အရေးယူလိုက်ခြင်း ဖြစ်၏။ ဘာပဲဖြစ်ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ငွေလရောင် လစာတစ်သိန်းတောင် ရမည့်အိမ်အကူအလုပ်ကို မပင်မပန်းဘဲ လုပ်နိုင်ပါစေလို့သာ ဆုတောင်းရတော့မှာပင်။

■ ■ ■

"လစာတစ်သိန်း ဟုတ်လား ကိုမိုးစက်"

"ဟုတ်တယ်"

"ဖြစ် ဖြစ်နိုင်ပါ့မလား"

ငွေတစ်သိန်းဆိုတာ ငွေလရောင်ဘဝမှာ မြင်တောင်မမြင်ဖူးခဲ့တာ အမှန်ပါ။ အိမ်အကူလုပ်တာ လစာတစ်သိန်းရသတဲ့။ ငွေလ အိပ်မက်များ မက်နေသလား။

ဘယ်လိုမှ မယုံနိုင်သဖြင့် ကိုယ့်လက်မောင်းသားကို ပြန်ပြီး ဆိတ်ဆွဲကြည့်မိသည်။ စူးခနဲ နာကျင်မှုက အိပ်မက်မဟုတ်ကြောင်း သက်သေပြရှာသည်။

"ကဲ ယုံပြီလား"

"ဟုတ်ကဲ့ အစ်ကို၊ ငွေလလေ ဒီလိုအခြေအနေမျိုး ရောက်လာလိမ့်မယ်လို့ ဘယ်တုန်းကမှ မတွေးခဲ့မိဘူး။ တစ်သိန်းဆိုတဲ့ငွေက ငွေလရဲ့ဘဝကိုတောင် တစ်ဆစ်ချိုးပြောင်းလဲလိုက်မလား မသိဘူးနော်၊ ရွာမှာဆိုရင်လေ ငွေလ အလွန်ဆုံးရှာနိုင်မှ ထောင့်ငါးရာပေါ့၊ ဒီနေ့ ဒီအချိန်ထိ တစ်သိန်းဆိုတဲ့ငွေကို ကိုင်ဖူးခဲ့တာမဟုတ်ပါဘူး"

ရိုးသားစွာ ရင်ဖွင့်ပြောဆိုနေသော ငွေလကိုကြည့်ပြီး ကူညီပေးရသော ပီတိတို့က ရင်ထဲမှာစိမ့်အေးနေသည်။





ကိုယ့်ရှေ့မှာ ဒုက္ခရောက်နေသူကို ကူညီပေးရသည့် ပီတိကဘာနှင့်မှအစားထိုး၍မရ။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

"ဘာရယ် အိမ်ဖော်ငှားမယ် ဟုတ်လား"

"ဟုတ်တယ် ငါတို့ကလည်း အိမ်အလုပ်တွေနဲ့ အချိန်အကုန်မခံနိုင်၊ ကိုယ့်အလုပ်တွေနဲ့ကိုယ်ဆိုတော့ အိမ်အကူငှားမှကိုဖြစ်မှာ"

"ထင်းထင်း"

"ရှင်"

မီးဖိုခန်းထဲမှ ရှင်းရှင်း ကျူးအော်သည်။ အသံနှင့်သိပ်မကွာလှပါ၊ အိမ်ရှေ့ရောက်လာသည်။

"နင် ပန်းကန်မဆေးဘူးလား ဟမ် ဘေစင်ထဲမှာ ဆေးရမယ့်ပန်းကန်တွေ ပွနေတာပဲ၊ ငါ ပြောပေါင်းများပြီ စားပြီးရင်ပုံထပ်မထားပါနဲ့ တစ်ခါထဲ ဆေးပါလို့"

"မမကြီးက အိမ်ဖော်လာမယ်ဆိုလို့ ထင်းထင်း မဆေးတာ"





"ဘာ အိမ်ဖော်က ဘယ်နေ့လာမယ်မှန်းမှ မသိတာ၊ ဒါကို စောင့်ပြီး မဆေးဘဲထားရင် စားထားတဲ့ပန်းကန်တွေကို လောက်တက်ကုန်မှာပေါ့"

သူချည်းပဲ ပန်းကန်ဆေးနေရသော ရှင်းရှင်း ကြာတော့ ပေါက်ကွဲလာသည်။ အမှန်ဆို အိမ်ဖော်ငှားမည်ဆိုတာ ခုမှ ထင်းထင်း သိတာဖြစ်သည်။

ရှင်းရှင်း ဆူနေ၍သာ ချော်လဲရောထိုင်လိုက်ခြင်းဖြစ်သည်။

"ဒီအိမ်မှာ ညီအစ်မ သုံးယောက်ရှိတယ်၊ ခုလို တစ်ယောက်အလုပ် တစ်ယောက်တွက်ကပ်နေလို့ဖြစ်မလား ဟမ်၊ စားဖို့ကျရင်တော့ အိမ်ဖော်လာမှပဲ စားတော့မယ်ဆိုပြီး အစာအိမ်ကိုသော့ခတ်ထားပါလား"

"သော့မှခတ်လို့မရတာ သော့ခတ်လို့ရရင် တစ်ပတ်ကိုတစ်ခါ သူတွေအလုပ်နားသလို အစာအိမ်ကိုလည်း တနင်္ဂနွေတစ်ရက် ပိတ်ခိုင်းလိုက်မယ်"

"တစ်ရက်မဟုတ်ဘူး နင့်အစာအိမ်ကို တစ်ပတ်လုံးပိတ်ခိုင်းရမှာ၊ ဒါဆိုရင် ဆေးစရာပန်းကန်တွေလည်း ထွက်လာမှာမဟုတ်ဘူး"

"မမလတ်နော် သူများကျတော့ပြောတယ်၊ မမလတ်ကျတော့ ချော ဝတ်ပြီးတဲ့အဝတ်တွေကို မလျှော်ဘဲ ဒီအတိုင်းထားတာ ဘယ်လောက် ကြာနေပြီလဲ၊ တစ်လလောက်တောင်ရှိနေပြီလား မသိဘူး လျှော်စက်ကလေးနဲ့လျှော်ရတာကို ပျင်းပြီးမလျှော်ဘဲနဲ့များ"

"ဒါ ငါ့ကိစ္စပါ နင်နဲ့မဆိုင်ဘူး၊ ငါဟာငါ တစ်လမလျှော်ဘဲထားရုံ



www.burmeseclassic.com

www.burmeseclassic.com



မကာလို့ တစ်နှစ်ပဲထားထား"

"ရှင်းရှင်း အဲလိုတော့ ထားလို့မရဘူးလေ၊ ညည်းလေးက ကိုယ့်အဝတ်ကျတော့ တစ်ခါဝတ် တစ်ခါမလျှော်ဘူး လျှော်တောင်းထဲမှာ နှစ်ဆွေးအောင် ထည့်ထားပြီး ဝတ်စရာမရှိတော့ ငါ့အဝတ်အစားတွေ ယူဝတ်တယ်၊ ယုတ်စွအဆုံး အတွင်းခံတောင် နေရလို့လား၊ ညည်းတို့ နှစ်ယောက် အတူတူပဲ ဘယ်သူမှ မိန်းမမပီသကြဘူး ဒါကြောင့် ငါက အိမ်ဖော်ငှားတော့ အိမ်ဖော်စရိတ်မျှခံရမှာကို တွန့်ဆုတ်နေကြတယ်"

ဘွင်းဘွင်း ညီမနှစ်ယောက်ကို ဟောက်စားလုပ်လိုက်သည်။

"တွန့်ဆုတ်မှာပေါ့ မမကြီးကရော ဘာထူးလို့လဲ၊ လုပ်ငန်းက ရသမျှ အမြတ်အစွန်းတွေကို ညီမတွေ မပြောဘူး ကိုယ်ထင်ရာကိုယ်လုပ်တယ်၊ နှစ်လုံး သုံးလုံး တစ်လုံး အကုန်ဆော့တယ်၊ ဒီကြားထဲ ဘယ်တုန်းကမှ လှမလာတဲ့ရုပ်ကို ပြင်လိုက်တာကလည်း ကြည့်ဦးလေ၊ အခြောက်မ နတ်ကတော်လို မျက်နှာတစ်ခုလုံး ပြာဟောက်နေပြီ၊ ဈေးဖိုးတစ်နေ့ တစ်သောင်းစာရင်းပြပြီး မိတ်ကပ်ဖိုး နှုတ်ခမ်းနီဖိုး၊ အဝတ်အစားဖိုး ကြောင့် စားရတာလည်း အူခြောက်နေပြီ"

ညီအစ်မ သုံးယောက် ငယ်ကျိုးငယ်နာတွေ ဖော်ကုန်ပြီမို့ အားလုံး၏မျက်နှာတွေက ရန်လိုရိပ်တွေပေါ်လာသည်။

"အောင်မာ ညည်းတို့က ဒီစကားမျိုး ပြောရအောင် မိဘ လက်ထပ်ပွား မိနီမတ်လေးကို ငါ့အစွမ်းအစနဲ့ငါ မပြိုပျက်အောင် ထိန်းသိမ်းနေခဲ့ရတာမဟုတ်လား"





"အဲလိုစကားမပြောနဲ့ ရှင်းရှင်းတို့ကရော ဒီဆိုင်မှာလုပ်အား မထည့်ရလို့လား။ မမကြီး ဦးစီးတယ်ဆိုပေမယ့် ရှင်းရှင်းတို့လည်း ဒီလုပ်ငန်းကို တိုးတက်အောင် ဝိုင်းဝန်းထိန်းသိမ်းရတာပဲ၊ ဆိုင်မှာတစ်ချိန်လုံး ဝန်ထမ်းကောင်မလေးတွေကို ပြောရဆိုရတာ ရှင်းရှင်းတို့ပါ၊ မမကြီးသာ ငါ့အချိန်မလင့်ခင် ရှာထားမှဆိုပြီး လင်ရှာထွက်ထွက်နေတာ ဟွန်း"

"ဘာ"

"အင့်ဟာ ငါ့ကိုများ ဒီစကားပြောဦး၊ နင်တို့ကရော ငါ့လိုပဲ မဟုတ်လား။ လင်လိုချင်လို့ ရူစိတက်နေတဲ့ဟာတွေ"

"ဘုန်း ဘုန်း"

"မမကြီး နင် လက်မပါနဲ့နော်"

ဘွင်းဘွင်းက ရှင်းရှင်း ကျောပြင်ကို တဘုန်းဘုန်းထုသည်။ ရှင်းရှင်း ဘွင်းဘွင်းကို ပြန်၍တွန်းသည်။ ဝဝဖိုင့်ဖိုင့် ကိုယ်လုံးကြီးများ ကြမ်းပြင်ပေါ် အိခနဲ လဲကျသွားသည်။

"ဟင် မမကြီးကိုဘာလုပ်တာလဲ၊ ရှင်းရှင်း နင်မိုက်ရိုင်းလှချည်လား ကဲဟာ"

ထင်းထင်းကလည်း အစ်မအကြီးဆုံးကို ပြန်ခံလုပ်သော ရှင်းရှင်းကို အကျီဆွဲဆောင့်၏။

ရှင်းရှင်းအကျီလက်မောင်း ဗျိခနဲ ပြဲထွက်သွားသည်။

"အောင်မာ နင်က ငါ့ကိုဆွဲတယ် ငပိန်မ ငမည်းမ နင့်ငါ သုပ်မယ် အင့် အွန့် ဟာ"



www.burmeseclassic.com

www.burmeseclassic.com



"ဘုန်း ဘုန်း"

"အောင်မလေး ကိုက်တယ် ကောင်မ အယုတ်တမာမ လင်တရူးမ"

"ဟဲ့ ငါက မရူးဘူး နင်သာ ရူးတာ၊ ခရမ်းသီးမရဲ့"

ညီအစ်မသုံးယောက် ကြမ်းခင်းမှာ လုံးထွေးသတ်ပုတ်ကာ ငယ်ကျိုးငယ်နာတွေ ဖော်ကုန်ကြတော့၏။

"တင်းတောင် တင်းတောင်"

ထိုစဉ် အိမ်ရှေ့တံခါး ဘဲလ်သံ ထွက်ပေါ်လာသည်မို့ လုံးထွေးသတ်ပုတ်နေရာမှ အရှိန်သတ်လိုက်ကြပြီး

"ဟွန်း ကောင်မ တွေ့မယ် အခု လူလာနေလို့ ပြန်ရင်တွေ့မယ်"

ပွယောင်းနေသော ဆံပင် ဖရိုဖရဲဖြစ်နေကြသော အင်္ကျီအဝတ်အစားတွေ မျက်နှာမှာ ကုတ်ခြစ်ရာတွေ ဗရပွနှင့် ညီအစ်မသုံးယောက် အိမ်ရှေ့ခန်းသို့ ဒေါနှင့်မောနှင့် အပြိုင်ထွက်လာကြသည်။

ဘွင်းဘွင်းက အရင်ဆုံး တံခါးကို ဆွဲဖွင့်လိုက်သည်။

■ ■ ■



## အခန်း (၁၁)

မိုးစက်နှင့်ငွေလရောင် လူခေါ်ဘဲလ်တီးပြီး အခန်းဝတွင် ရပ်နေကြရာမှ တံခါးချပ်ပွင့်လာပြီး ရုတ်တရက် ဘွားခနဲ ပေါ်လာကြသော ရုပ်ဖွားညီအစ်မသုံးယောက်ကြောင့် အံ့သြကာ ပါးစပ်အဟောင်းသား ဖြစ်သွားသည်။

အားလုံး၏ပုံစံတွေက နပန်းပွဲကများ ထွက်လာကြသလားမသိ။ ပုံစံတွေက နပန်းသမားတွေလို မိုက်ကန်းကန်း။

မိုးစက်ကိုမြင်သည်နှင့် တင်းနေသော မျက်နှာကြောတွေ ပြေလျော့သွားသော လေပူပေါင်းတစ်လုံးလို ရှူးခနဲ လျော့သွားသည်။

"မောင်လေးပါလား"

"ဟုတ်ကဲ့ မမတို့အတွက် ကျွန်တော့်ညီမကို လာပို့တာပါ"

"ဩော် အေး လာ ဝင် ဝင်ပါကွယ်"



www.burmeseclassic.com

www.burmeseclassic.com



မိုးစက်နောက်မှ အဝတ်ထုပ်လေးကို ပိုက်ပြီး မဲ့မဲ့ရဲရဲရပ်နေသော ငွေလရောင်ကို ညီအစ်မသုံးယောက် ပြုံးပြုံးနေအောင် ကဲကြည့်လိုက်ကြသည်။

ရုပ်ကလေးက တင့်တယ်လှသော မိန်းကလေးက မိုးစက်ညီမလေးဆို၍ မယုံနိုင်စရာမရှိ။ သူတို့စိတ်ထဲ မိုးစက်နှင့်ပင် ခပ်ဆင်ဆင်တူသည်ဟု မှတ်ချက်ချလိုက်ကြပုံဖြင့်

"ကလေးမလေးက ရုပ်ကလေးတော့ ချောသား"

"သူက တစ်ခါမှ ဒီအလုပ်မလုပ်ဖူးပါဘူး။ ရန်ကုန်မှာ အလုပ်လုပ်ချင်လို့သာ တက်လာတာလေ၊ ပညာကလည်း မတတ်တော့ အိမ်အကူအလုပ်ပဲ အဆင်ပြေမယ်ထင်လို့ပါ"

ငွေလရောင်ကို နှိမ့်ချဆက်ဆံမည်စိုး၍ မောင်နှမဝမ်းကွဲပါဟု ညာလိုက်ပေမယ့် စိတ်ထဲမှာ သိပ်ပြီးမလုံချင်။

"မမတို့အိမ်မှာ ညီအစ်မလို ဝိုင်းလုပ်ဝိုင်းစားပုံစံမျိုးနေရမှာမို့ မောင်လေးရဲ့ညီမကို စိတ်ချလက်ချ ထားခဲ့ပါကွယ် နော် ညီမလေး မမတို့ကိုလေ ကိုယ့်အစ်မတွေလို သဘောထား ဟုတ်ပြီလား"

ပျားရည်ကန်ထဲ ဖောက်ထိုးကျသလို ချိုမြိန်နေသော ညီအစ်မသုံးယောက်ကိုကြည့်ပြီး မိုးစက်စိတ်ထဲ ရယ်ချင်နေသည်။

ပုံစံတွေက ညီအစ်မသုံးယောက် နပန်းများသတ်ထားကြလေသလား။

ဆံပင်တွေ ဖွာလန်ကြဲနေပြီး မျက်နှာမှာလည်း ကုတ်ခြစ်ရာတွေ





အင်္ကျီပြဲတွက်ကာ ဖရိုဖရဲဖြစ်နေကြပုံတွေက အရှုံးထောင်ထဲမှ အရှုံးကြီး သုံးယောက်တွက်ပြေးလွတ်မြောက်လာကြသည့်နှယ်။

ဒါ့အပြင် သူတို့၏အကြည့်တွေက ပြိုတီတီနှင့် မိုးစက်ခေါ်မှမခွာ။ တကယ်တမ်း အနေကျုံ့ရသူက မိုးစက်ပင်ဖြစ်သည်။

ကိုယ့်အဖြစ်က ဘယ်သူနှင့်တူနေသလဲဆိုလျှင် ကျားသုံးကောင်ရှေ့ရောက်နေသည့် သမင်ပျိုမလေးသဖွယ် ကိုယ်ကပဲ ပြန်ရှက်နေရသည့်အဖြစ်။

■ ■ ■

"ဒီမှာ လိမ်လိမ်မာမာ နေခဲ့နော် ငွေလ၊ အကြောင်းကိစ္စရှိရင် အစ်ကို့ကို ဖုန်းဆက် အလုပ်ကိုမခိုမကပ်နဲ့ ကိုယ့်တာဝန်ပြီးမှ အနားယူ"

ညီမတစ်ယောက်လို အစ်ကိုတစ်ယောက်က မှာနေသည့်နှယ် မိုးစက်၏ဆက်ဆံမှုတွေက နွေးထွေးနေသည်။

"ဟုတ်ကဲ့ပါ အစ်ကို၊ ငွေလကြောင့် အစ်ကို မျက်နှာမပျက်စေရပါဘူး"

"အေးပါ ဒါဆိုရင် အစ်ကိုပြန်တော့မယ်"

ညီမလေးလို သဘောထားပြီး သထ…ာန်လုပ် သရုပ်တူရမည်မို့ ကိုယ့်ကိုကိုယ် အစ်ကိုဟုပဲ နာမ်စားသုံးလိုက်တော့သည်။

"ဟုတ်ကဲ့ပါ အစ်ကို"

ခြံဝအထိ လိုက်ပို့ပြီး နှုတ်ဆက်ပြန်သွားသော မိုးစက်ကျောပြင်ကို ငေးကြည့်ပြီး



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကို"

ငွေလ ခေါ်သံကြောင့် မိုးစက်လှည့်ကြည့်လိုက်သည်။

"ငွေလဆီကို လာဦးမှာလားဟင်"

မလာတော့မှာကို ပူပန်နေသောမျက်နှာဖြင့် မပုံမရဲလှမ်းမေးရာသည်။

ငွေလနှင့်အစ်ကို ဒီတစ်ကြိမ် နောက်ဆုံးအဖြစ် တွေ့ဆုံခြင်းဖြင့် အဆုံးမသတ်ချင်။ ကိုယ့်ကျေးဇူးရှင်ကို ခုလို ခရီးသွားဟန်လွှဲတွေ့ပြီး ပြီးဆုံးသွားမည့်အခြေအနေမျိုးကို ငွေလ ကြောက်သည်။

အားကိုးအားထားပြုသူတစ်ယောက်အနေနှင့် အမြဲမဟုတ်လျှင်တောင် မကြာခဏတော့ တွေ့ချင်သည်။

တခြား ဘာစိတ်မှတော့ မဟုတ်ပါ။ ကူညီဖူးသော ကျေးဇူးရှင်ကို ဒီအတိုင်း အဆက်မပြတ်ချင်သောဆန္ဒက ရင်ထဲမှာ နိုင်မာချင်နေတာကြောင့်ပါ။

"မကြာ မကြာ လာခဲ့ပါ့မယ်"

"တကယ်နော် အစ်ကို ငွေလ အစ်ကို့ကို ကိုယ့်ရဲ့အစ်ကိုတစ်ယောက်လို အားကိုးခင်တွယ်ပါရစေ"

တောင်းဆိုမှုဆန်သော ငွေလစကားကြောင့် မိုးစက် ခပ်နွေးနွေး ပြုံးလိုက်ပြီး ငွေလနားသို့ ပြန်လျှောက်လာသည်။

ငွေလ ခေါင်းမှဆံစတို့ကို ကရုဏာဖြင့် သပ်တင်ပေးလိုက်ပြီး "စိတ်ချပါ ငွေလရောင် ငါ မင်းကို အမြဲကူညီနေမှာပါ"





"ကျေးဇူးတင်လိုက်တာ အစ်ကို"

နွေးထွေးဖြူစင်သောအပြုံးတွေကို အပြစ်ကင်းကင်း ဖလှယ်လိုက်ကြပြီး ငွေလရှေ့မှ ထွက်ခဲ့လိုက်သည်။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)

"ငွေလရောင်"

"ရှင် မမကြီး"

ဘွင်းဘွင်း၏အသံကြောင့် ကြက်သွန်ခွာရင်း မျက်လုံးမှုန်နေ…သော ငွေလရောင် လုပ်လက်စအလုပ်ကိုရပ်ပြီး ထူးလိုက်သည်။

"ညည်းလေး အစ်ကို ဖုန်းနံပါတ်ကို သိလား"

"ရှင်"

ရုတ်တရက် အမေးကြောင့် ငွေလ ကြောင်သွားသည်။ ဖုန်း…နံပါတ်ကို ငွေလ မသိပါ။ အစ်ကိုဆီက တောင်းလိုက်ဖို့ လုံးဝမေ့သွား…သည်။ မမကြီးမေးတော့မှ အစ်ကိုကို ဆက်သွယ်နိုင်သည့်ဖုန်းနံပါတ်…ငွေလ ယူထားလိုက်ရမှာဟု စဉ်းစားမိပြီး ကိုယ့်ညံ့ကွက်ကို ကိုယ်ပြန်…ဒေါသထွက်မိ၏။

"ဩော် ဖုန်းနံပါတ်မေးတာ ဘာဖြစ်လို့ အသံမထွက်တော့တာ…





လဲ"

ဘွင်းဘွင်း စိတ်သိပ်မရှည်။

"ဟိုလေ ငွေလ အလွတ်မရဘူး မမကြီး"

"ဟွန်း ကိုယ့်အစ်ကို ဖုန်းနံပါတ်တောင် အလွတ်မရဘူးတဲ့၊ ညံ့လိုက်တာ"

အားမလိုအားမရ အပြစ်တင်စကားဆိုသည်။

"ဘာကိစ္စလဲဟင် မမကြီး"

"ဩော် မနက်ဖြန်ကို အိမ်မှာတစ်ခုခုလုပ်စားရင် ကောင်းမလားလို့ ဒါကြောင့် ညည်းလေးအစ်ကိုကို လှမ်းခေါ်မလို့"

မိုးစက်ကို တွေ့ချင်၍ ဘွင်းဘွင်း အကြောင်းရှာသည်ဆိုတာ ငွေလရောင် ရိပ်မိပါသည်။ စိတ်ထဲမှလည်း အခေါ်နှင့်တူအရွယ်လောက်မို့ ဘယ်လိုမှ မသင့်တော်ဟု တွေးကာ ရယ်ချင်နေမိသည်။

"ဒါပေမဲ့လည်း ရပါတယ်လေ၊ ငါပဲ ဆိုင်ကို သွားလိုက်ပုံမယ်"

"ဟုတ်ကဲ့ မမကြီး ဒါနဲ့ ဒီကြက်သွန်တွေကို ထောင်းလိုက်တော့မယ်နော်"

"အေး ချစ်လိုက် ချစ်လိုက်"

"ရှင် ဘာချစ်ရမှာလဲ မမကြီး"

မိုးစက်အကြောင်းတွေးနေခဲ့၍ စကားလုံးတွေလည်း အယောင်ယောင်အမှားမှားတွေ ဖြစ်ကုန်သည်။

"ဩော် ဟီး ဟီး ထောင်းလိုက်လို့ပြောတာပေါ့၊ အာရုံထဲကို



www.burmeseclassic.com

www.burmeseclassic.com



အချစ်က တိုးဝင်လာလို့ ချစ်လိုက်လို့ ပြောလိုက်မိတာ ဟင်း ဟင်း ဟင်း''

''ဩော် ဟုတ်ကဲ့ ထောင်းလိုက်တော့မယ်''

ငွေလ ရေတ်သီးထောင်းပြီးသားတွေကို ရေတ်ဆုံထဲမှ ဖွန်းဖြင့် ကလော်လိုက်ပြီး ခွာပြီးသား ကြက်သွန်တို့ကို ထည့်၍ထောင်းလိုက်သည်။

''ငွေလရေ''

''ရှင် မမလတ်''

''ငါ့ဆံပင် ဆေးဆိုးချင်လို့ လာကူစမ်းပါဦးဟယ်''

ကြားဖြတ်ဝင်နိုင်းသော ရှင်းရှင်းကြောင့် ကြက်သွန်ထောင်းနေသော ငွေလချောင် ထိုင်ရမလို ထရမလို ဖြစ်သွားသည်။

''ဟဲ့ ဒီမှာ ဟင်းချက်နေတယ်လေ၊ ဆိုးဆေး ဘယ်လိုက်ကိုင်မလဲ''

''ဟင်းက ဘယ်အချိန်ချက်ချက် ချက်လို့ရတယ်၊ ရှင်းရှင်းက အပြင်သွားစရာရှိတယ်''

''သွားစရာရှိရင် ဒီအတိုင်းသွား''

''မမကြီးနော် ဆံပင်ဖြူတွေ ထိုးထိုးထောင်ထောင်ဖြစ်နေတာ ရှင်းရှင်းက အပြင်ဘယ်လိုထွက်မလဲလို့ လာ ငွေလ ဘယ်လောက်မှ မကြာဘူး ငါးမိနစ်''

''ဟုတ်ကဲ့ မမလတ်''

ငွေလ မီးဖိုခန်းထဲမှထွက်ဖို့ ဟန်ပြင်လိုက်သည်။

''ငွေလ လိုက်မသွားနဲ့ ငါတစ်ယောက်ထဲ ဟင်းမချက်နိုင်ဘူး''





''ကျွတ် မမကြီးတို့ကတော့ ညစ်ပြီဟယ်''

''ငွေလရေ''

''ရှင်''

''လာပြန်ပြီ နောက်တစ်ယောက်''

''ငါ့ကို ဖုန်းငွေဖြည့်ကဒ် သွားဝယ်ပေးစမ်း''

''ထင်းထင်း ဒီမှာ ငွေလကို ဆံပင်ဆေးဆိုးခိုင်းမလို့''

''ဟာ ပြန်လာမှဆိုးပေးလိုက် ရော့ ငွေလ တစ်သောင်းတန် ဒီအက်အမ် နော်''

''ဟုတ်''

''ဟဲ့ ငွေလ မသွားရဘူး ဟင်းချက်ပြီးမှသွား''

''ဟင်းက နောက်မှချက် ဖုန်းကဒ်အရင်သွားဝယ်''

''မဝယ်နဲ့ ဆံပင်အရင်ဆေးဆိုးပေး လာ ငွေလ ဒီနေ့မှဆေးဆိုးရင် ငါ မနက်ဖြန် သွားစရာရှိတာ သွားလို့ရမှာမဟုတ်ဘူး လာ ဒီအခန်းထဲလိုက်ခဲ့''

ငွေလ လက်ကို ရှင်းရှင်းကတစ်ဖက် ထင်းထင်းကတစ်ဖက် ဆွဲနေကြသဖြင့် ငွေလ ကိုယ်လေးက ဟိုဘက်ယိမ်းလိုက် ဒီဘက်ယိမ်း လိုက်နှင့် ဘယ်သူခိုင်းတာ အရင်လုပ်ရမှန်းမသိတော့။

''ငွေလ လိုက်မသွားနဲ့ ကိုယ်လုပ်စရာရှိတာ ဆက်လုပ်''

ညီအစ်မ သုံးယောက် တစ်ယောက်တစ်မျိုးဆီ ခိုင်းနေ၍ ငွေလ ဘယ်သူ့အလုပ်ကို အရင်လုပ်ရမှာလဲ။



www.burmeseclassic.com

www.burmeseclassic.com



"မမကြီး မညစ်နဲ့နော်"

"ငါက ညစ်တာမဟုတ်ဘူး၊ နင်တို့က အလုပ်မဟုတ်တာ ချက်ချိန်ပြုတ်ချိန်ကြီး အလှပြင်စရာလား ဟမ်"

"မမကြီးက ဆံပင်ဆိုးပြီးလို့ကိုး"

"အဲဒါတွေက အရေးကြီးကြသလား၊ ဆိုင်အတွက် အလှကုန်တွေ မှာဖို့ ဖုန်းဘောကုန်နေပါတယ်ဆို"

"ဒါဆို ကိုယ့်ဟာကို ထွက်ဝယ်"

"ဝယ်ဘူး ငွေလ ရှိနေတာပဲ ဝယ်ပေးရမယ့်တာဝန်က ငွေလတာဝန်ပဲ"

"ဟဲ့ သူ့မှာ လက်နှစ်ဖက် ခန္ဓာကိုယ်တစ်ကိုယ်ပဲ ရှိတာ"

ညီအစ်မသုံးယောက် ပျံကျဈေးတန်းက ဈေးသည်တွေလို အော်ကြီးဟစ်ကျယ် ရန်တွေဖြစ်နေကြသည်။

ကြားထဲက စိတ်ညစ်ရသူက ငွေလ။

ထိုပြဿနာသည် တစ်နေ့တည်း ပြဿနာမဟုတ်၊ နေ့စဉ်နှင့်အမျှ ကြုံတွေ့နေရသည့်ပြဿနာ။

သူတို့ညီအစ်မသုံးယောက်ကြားထဲမှာ စိတ်ပင်ပန်းလူပင်ပန်းဖြစ်ကာ ဒေါင်ချာဆိုင်းအောင် မနားမနေလုပ်ရသူက ငွေလရယ်ပါ။

■ ■ ■



## အခန်း (၁၃)

"မိုး မိုးရေ"

စတိုးဆိုင်ထဲမှ ထွက်ခေါ်သောအသံကြောင့် မိုးစက် ကိုယ့်ကို ခေါ်နေသလားဟူသော အထင်နှင့် လှည့်ကြည့်လိုက်သည်။

လှည့်မကြည့်ရှုလည်း ရမှာမဟုတ်။ မိုးဆိုတဲ့နာမည်ကို ခေါ်နေတာ အသက်ထွက်မတတ်။

"ဩော် မမပါလား"

"အမလေး ချစ်မောင်လေးရယ် မမက ထင်လို့ထွက်ကြည့်တာ နောက်ဆုံးတော့ ငါ့မောင် ဖြစ်နေတာပဲလေ"

"ဟုတ်ကဲ့ မမ ဩော် ဒါနဲ့ ငွေလရော အဆင်ပြေရဲ့လား"

ဒီမိန်းမကြီးတွေကိုတွေ့တာနှင့် အရင်ဆုံး သတိရမိတာ ငွေလကိုပါ။ အပျိုကြီးတွေဆိုတော့ ဇီဇာကြောင်သည့်အပြင် ကိုယ်ချင်းစာစိတ်ပါ



www.burmeseclassic.com

www.burmeseclassic.com



နည်းတတ်ကြ၍ ငွေလရောင်လေး အဆင်မှပြေပါ့မလား။

"ပြေပါတယ် ငွေလလေးက အရမ်းအကင်းပါးလိမ္မာရုံတင် မဟုတ်ဘူး။ အိမ်မှုကိစ္စတွေအားလုံးကိုလည်း အရမ်းနိုင်နင်းတာ၊ ချစ်မောင်လေးရဲ့ညီမလေးဆိုတော့ မမရဲ့ညီမပေါ့"

"သြော် ဟုတ် ဟုတ်ကဲ့ပါ ကျေးဇူးတင်ပါတယ်"

"ဆိုင်ထဲဝင်ပါဦး မောင်လေးရဲ့"

"မဝင်တော့ပါဘူး မမ"

"ဟယ် ကြည့် စိမ်းကားတယ် ကြည့်စမ်း မရဘူး ဝင်ရမှာပဲလာ"

မိုးစက် လက်ကိုအတင်းဆွဲခေါ်ပြီး စတိုးဆိုင်ထဲ ဝင်သွားသည်မို့ မိုးစက် ဘယ်လိုမှ ငြင်း၍မရတော့။ သူ့လက်ကြမ်းကြီးနှင့် ဖွတ်အတင်းဆွဲခေါ်နေသည့် မြင်ကွင်းကို ဆိုင်ထဲမှ အရောင်းစာရေးမလေးတွေကြည့်ပြီး နှိုးကြောင်နိုးဝှက် ရယ်နေကြသည်။

"ကဲ ထိုင် ဘာစားမလဲ ဘာသောက်မလဲ"

"ဟာ နေပါစေ မစားတော့ပါဘူး မမ"

"ဟယ် မမက တစ်ခုခုကျွေးရမှ ကျေနပ်နိုင်မယ်ကွယ်"

ကောင်တာမှ ပန်ကာကိုဖွင့်လိုက်ပြီး နဖူးပေါ်မှာ သီးနေသော ချွေးစတို့ကို တစ်ရှူးဖြင့် တို့သုတ်လိုက်ပြီး

"မိသင်းရေ မိသင်း"

"ရှင်"





"ရေခဲသေတ္တာထဲက ကိုလာဘူး ထုတ်ခဲ့စမ်း"

"ဟုတ်ကဲ့"

အလှကုန်ကောင်တာမှ ကောင်မလေး အတွင်းခန်းထဲကို လှစ်ခနဲ ဝင်သွားသည်။ ရှင်းရှင်းမျက်နှာမှာ မိုးစက်နှင့် ခုလို တရင်းတနှီးနေရပုံကြောင့် တော်တော်လေး ဂုဏ်ယူဝင့်ကြွားနေဟန် လိုတာထက်ပို၍ မြူးဖြိုးနေသည်။

"အလုပ်အဆင်ပြေရဲ့လား ချစ်မောင်"

လူကိုခေါ်ပုံက ချစ်မောင်တဲ့။ နားထောင်ရတာကျောထဲ စိမ့်ချင်စရာတောင် ကောင်းသေးတော့၏။

"အဆင်ပြေပါတယ် မမ"

"မပြေရင်ပြောနော် ဟောဒီ မမတို့ပိုင်တဲ့ စတိုးဆိုင်ကြီးမှာ မန်နေဂျာရာထူးပေးပြီး အလုပ်ခန့်လို့ရတယ် သိလား၊ အချိန်မရွေး လာခဲ့နော်"

ကောင်မလေး ကိုကာကိုလာဘူးကို ဇန်းသေးသေးလေးဖြင့် ထည့်လာပြီး မိုးစက်ရှေ့သို့ လာချပေးသည်။

"သောက်နော် မောင်လေး"

သူကိုယ်တိုင် ကိုလာဘူးကို ဖောက်ပေးသည်။

"မမတို့က အပျိုကြီးတွေကွယ့်"

ဘာမှမဆိုင် ကောက်ကာငင်ကာ သူတို့အပျိုကြီးဖြစ်ကြောင်းကို ကြော်ငြာဝင်သည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတလေ ယောကျ်ားသားမရှိတော့လည်း ရှေ့ဆက်လျှောက်ရမယ့်အနာဂတ်ခရီးမှာ အားငယ်စိတ်ဝင်မိတယ်ကွယ်"

စကားခေါ်နေသော ရှင်းရှင်းစကားကြောင့် မိုးစက် အလိုက်အထိုက် ခေါင်းညိတ်လိုက်ပြီး

"ဒါဆိုရင်လည်း အိမ်ထောင်ပြုလိုက်ပေါ့ မမရယ်"

"ဟယ် အိမ်ထောင်ပြုတယ်ဆိုတာ အမြင်မှာသာ လွယ်ကူတာကွယ့်၊ တကယ်တမ်း ရင်ထဲက ခံစားချက်ပါဖို့ကျတော့ ခက်တယ်လေ၊ အချစ်မပါဘဲ အိမ်ထောင်ပြုလိုက်ရင်လေ အောက်ခြေမခိုင်တဲ့ ကန့်ထရိုက်တွေလို ပြိုကျဖို့က သေချာနေပြီလေ"

"အချစ်ဆိုတာ ကိုယ်ကလိုက်ရှာစရာ မလိုပါဘူး။ ကိုယ့်မှာသာ အချစ်ကိုပိုင်ဆိုင်ခွင့်ရှိမယ့် ကံကြမ္မာပါလာရင် အချစ်က ကိုယ့်ဆီကို သူ့အလိုလိုရောက်လာတာ မမရ"

"ကျွန်တော်ကတော့ အချစ်ကို တကူးတက လိုက်မရှာဘူး။ အချစ် ကျွန်တော့်ဆီလာမယ့်အချိန်ကိုပဲ စောင့်နေတာ"

အချစ်အကြောင်းကို စိတ်ပါလက်ပါ ပြောနေသော မိုးစက်ကို ကြည့်ပြီး ရှင်းရှင်း တစ်ဖက်သတ် ခံစားလာရသည်။ ဒါဆိုလျှင် သူက ကိုယ့်ဆီကို ရောက်လာတာပဲ ကိုယ်က တကူးတက ရှာနေတာမှမဟုတ်တာ။

မိုးစက်၏စကားကို တစ်ဖက်သတ် အဓိပ္ပာယ်ကောက်နေသော ရှင်းရှင်း ရင်တွေတဒုန်းဒုန်း တဒိုင်းဒိုင်း အခုန်မြန်လာသည်။





မသေခင်လေးမှာ ဒီလို နုနုရွရွ လှတပတ တင့်တယ်ခန့်ညား သော မိုးစက်ကိုသာ ပိုင်ဆိုင်ခွင့်ရမယ်ဆိုလျှင် ရှိသမျှ စည်းစိမ်အကုန် ပုံအောပြီးကို ပေးပစ်ချင်ပါသည်။

"မောင်လေးမှာ ချစ်သူရှိလားဟင်"

ရင်ထဲမှာ အသိချင်ဆုံး အရာတစ်ခုကို မအောင့်အည်းနိုင်ဘဲ ဒဲ့ပင် မေးချလိုက်သည်။

"ဟာ မရှိသေးပါဘူး"

"မောင်လေးရဲ့ချစ်သူကို ဘယ်လိုစံနှုန်းတွေနဲ့ ပြည့်စုံမှ ရွေးချယ်မယ်လို့ စိတ်ကူးထားလဲဟင်"

"အဓိကကတော့ အချစ်ပေါ့ မမရယ်၊ ကျွန်တော့်ဘဝလက်တွဲဖော်က ရုပ်ချောဖို့ မချောဖို့အဓိက မဟုတ်ဘူး။ ရိုးသားဖြူစင်ပြီး မိန်းမတို့မှာရှိသင့်ရှိထိုက်တဲ့ ကိုယ်ကျင့်တရားတွေရှိနေပြီး ကျွန်တော်ကိုယ်တိုင်က သူ့ကိုရင်ခုန်တယ်ဆိုရင် ရွေးချယ်မှာပါ"

ဘုရားရေ မျှော်လင့်ချက်ရောင်ခြည်တော့ သန်းလာပါပြီ။ ရုပ်ချောဖို့ မလိုဘူးတဲ့။

"ဒါ ဒါဆိုရင် မောင်လေး ရင်ခုန်ရတဲ့သူက အသက်ကြီးနေတဲ့ သူဖြစ်နေရင်ရော"

"အချစ်က အသက်အရွယ်နဲ့လည်း မဆိုင်လောက်ပါဘူး။ နိုင်ငံခြားမှာဆိုရင် အသက်နှစ်ဆယ်ဝန်းကျင်လောက်နဲ့ အသက်ခြောက်ဆယ် ကျော် အဘွားကြီးတွေ မင်္ဂလာဆောင်ကြသလို အသက် ... နှစ်အရွယ်



www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးနဲ့ အသက် ရဝကျော် အဘိုးကြီးတွေ အိမ်ထောင်ပြုနေကြတာပဲ၊ အဓိကက ရင်ဘတ်ထဲက လာတဲ့ ချစ်ခင်စုံမက်မြတ်နိုးမှုကသာ သူတို့ရဲ့အနာဂတ်တွေကို အင်အားအဖြစ် ပံ့ပိုးသွင်းလျှောက်လှမ်းကြရမှာပါ"

"ဟယ် ဒါဆိုရင် မမ အသက်က သုံးဆယ်ကိုးနှစ်ပဲ ရှိသေးတာ မမရဲ့ဖူးစာရှင်က ကိုယ်မသိဘဲ ကိုယ့်ရှေ့ရောက်ချင် ရောက်နေမှာပေါ့နော်"

- "ဒါပေါ့ မမရာ"

အမလေး ဝမ်းသာလိုက်တာ။ ဒီနေ့ မိုးစက်နှင့်တွေ့ရခြင်းသည် နောင်တစ်ချိန်မှာ ဆုံဆည်းပေါင်းသင်းဖို့အတွက် ပထမဆုံးတွေ့ဆုံခြင်းပဲ ဖြစ်ပါစေတော့။

ယောကျ်ားတစ်ယောက်က မိန်းမတစ်ယောက်ကို ချစ်လာဖို့ နည်းလမ်းအမျိုးမျိုးသုံးပြီး သွေးဆောင်ဖြားယောင်းခွင့်ရှိတာပဲ။ ဒါဟာ ဥပဒေနှင့်လွတ်ကင်းသည့် ကိုယ်ပိုင်လွတ်လပ်ခွင့်ပဲ။

ဟုတ်တယ် မိုးစက်နှင့်နီးစပ်ဖို့အတွက် ရှင်းရှင်း နည်းလမ်းတွေသုံးပြီး ကြိုးစားမယ်။

■ ■ ■



အခန်း (၁၄)

"ဟယ် ကံ့ကော်တွေ ပွင့်နေပြီပဲ ကြည့်စမ်း ဒါကြောင့် ညက တည်းက ကံ့ကော်နံ့သင်းနေပါတယ်လို့"

ခြံဝနားရှိ ကံ့ကော်ပင်မှ ကံ့ကော်ပွင့်တွေကိုကြည့်ပြီး ထင်းထင်း ပျော်သွားသည်။ ထိုအပျော်နှင့်အတူ ကံ့ကော်မှုန်းမြင်လျှင် မခူးရမနေနိုင်သော မရိုးမရွစိတ်က အပင်ပေါ်တက်ပြီး စိတ်ကြိုက်ခူးဖို့ ထကြွ ပိုးထိုးလာသည်။

ငယ်စဉ်ကတည်းက အပင်ပေါ်တက်ပြီး မျောက်ရှုံးအောင် ဆော့တတ်သော ထင်းထင်း ဒီအသက်ဒီအရွယ်ထိ အပင်ပေါ်တက်ချင်တုန်း။ အပင်က သိပ်မမြင့်သဖြင့် အုတ်တံတိုင်းပေါ်မှတစ်ဆင့် အပင်ပေါ်ကို ခွေ့ခနဲတက်ပြီး ကံ့ကော်ပွင့်တွေကို စိတ်ကြိုက် ခူးလိုက်သည်။

"အဟီး ပန်းခူးပြီးရင် ရေချိုးမယ်၊ ရေချိုးပြီးရင် မုန့်လေးတွေ



www.burmeseclassic.com

www.burmeseclassic.com



နဲ့ အလှချင်းပြိုင်မယ်''

ကိုယ့်ရုပ်မှ ကိုယ်အားမနာ။ ပန်းနှင့်များ အလှချင်းပြိုင်ဦးမည်ဟု ကြွေးကြော်နေသော ထင်းထင်းကို ကုံကော်ပွင့်တွေသာ အသက်ရှိလျှင် အပင်ပေါ်က တွန်းချကန်ချကြမလား မသိ။

''ဝီ ဝီ ဝီ ဝီ''

''အမလေး မုဒ္ဒေါ''

ပျားအုံကြီးက နည်းမှမနည်းတာပဲ။ တဝီဝီပျံနေသော ပျားအုံတွေကိုကြည့်ပြီး ထင်းထင်း ရင်ထဲ ထိတ်ခနဲ ဖြစ်သွားသည်။

လောကမှာ ထင်းထင်းအကြောက်ဆုံး သတ္တဝါတွေက ပျားတွေပဲဖြစ်သည်။ ငယ်စဉ်တုန်းက ပျားအတုတ်ခံရ၍ ဆယ်ရက်လောက် အပြင်းဖျားဖူးသည်။

''အောင်မလေး မမကြီး မမလတ် ကယ်ကြပါဦး ဒီမှာ ပျားတွေ ပျားတွေတော့''

တဝီဝီ ပျံသန်းနေသော ပျားတွေကိုကြည့်ပြီး ထင်းထင်း ကုန်းအော်တော့သည်။

''အစ်မ အစ်မ ဘာဖြစ်တာလဲ ဘာဖြစ်တာလဲ''

''ဟင် မိုးစက် အမလေး ကယ် ကယ်ပါ ဟောဒီမှာ ထင်းထင်းကို ပျား ပျား''

''အမလေး''

''အောင်မလေးဗျ''





ထင်းထင်း ကုံကော်ပင်ပေါ်မှ ကိုင်းကျိုးကျကာ ကုံကော်ပင်အောက်တွင် ရောက်နေသော မိုးစက်ပေါ်သို့ ပြုတ်ကျသွားသည်။ အရှိန်မထိန်းနိုင်သော မိုးစက်လည်း ထင်းထင်းနှင့်လုံးရင်းထွေးရင်း လဲကျခဲ့တော့သည်။

နာကျင်မှုတွေနှင့် မရှုနိုင်မကယ်နိုင်ဖြစ်ပြီး အရေးပေါ်ရောက်မြဲဟု ထင်ထားသော အထင်တို့သည် နွေးထွေးလှိုက်ဖိုသော အထိအတွေ့နွေးနွေးနှင့် ယောက်ျားပီသသော ကိုယ်သင်းနံ့တို့ကြောင့် နာကျင်မှုဆိုတာပေးစွာ။ နောက်ထပ်အကြိမ်ပေါင်းများစွာ ထပ်ပြီး ပြုတ်ကျလိုက်ချင်သေးသည်။

အခွင့်အရေးကို လက်လွှတ်မခံဘဲနှင့် ထင်းထင်း လက်တွေက မိုးစက်ကို အသက်ရှူကျပ်မတတ် လွှတ်မထွက်အောင် သိမ်းဖက်ထားလိုက်၏။

ယောက်ျားတစ်ယောက်၏ရင်ခွင်မှာ မျက်နှာအပ်ခွင့်ရအောင် လုပ်ပေးသော ပျားလေးတွေကို ယနေ့မှစ၍ ထင်းထင်း မကြောက်တော့ပါ။

''အား အစ် အစ်မ လွှတ် လွှတ်ပါဗျ ကျွန်တော် အသက်ရှူကျပ်နေပြီ''

မိုးစက်၏ကိုယ်ပေါ်တွင် ထင်းထင်း ကားယားကြီးခွလျက် တင်းကျပ်စွာ ဖက်ထားသောမြင်ကွင်းက ဘယ်လိုမှ ကြည့်ပျော်ရှုပျော်မရှိ။

မဖွယ်မရာ မြင်ကွင်းမျိုးကြီးမို့ မိုးစက် အတင်းတွန်းလွှတ်၏။

''အောင်မလေး မိုးရယ် ငါ့မောင်ကယ်ပေလို့ နို့မို့ဆိုရင်

ဖျူးစာပေ

www.burmeseclassic.com

www.burmeseclassic.com



ထင်းထင်းလေ ထိပ်ကျိုးထိပ်ပဲ့ ဖြစ်ပြီတော့ ဟီး ဟီး ဟီး''

ထင်းထင်း ရယ်နိုင်သလောက် မိုးစက် မရယ်နိုင်ပါ။ နာသွား သော ခါးကိုဖိနှိပ်ရင်း မြေကြီးပေါ်မှ ကုန်းကုန်းကွကွ ထလိုက်သည်။

''လာ မိုး ထင်းထင်း တွဲမယ်လေ၊ အိမ်ထဲရောက်ရင် ဆေး လိမ်းပေးမယ်နော်''

''အား ကျွတ် ကျွတ် ကျွတ် ရ ရပါတယ်ဗျာ''

ရပါတယ်ဟု ဘယ်လောက်ပြောပြော ထင်းထင်း ဖွတ်အောင်းကို တွဲသည်။

■ ■ ■

## အခန်း (၁၅)

''ရင်ဘတ်ချင်း ပူးကပ်လိုက်သောအခါ ထွက်ပေါ်လာသော တုန်ခါမှုနှုန်းတို့သည် စကြဝဠာကြီးဆီသို့ ပျံ့နှံ့ပြီး ကြည်နူးတိမ်းမူးခြင်း များ ပြည့်နှက်နေသော ချစ်ခြင်းမေတ္တာတွေ ပြန်လည်ပို့လွှတ်ပါစေသော် ချစ်တယ် မိုးစက်ရယ်''

''အံမယ် အံမယ်''

''ခုတင် ခေါင်းရင်းမှာ စာကပ်ထားလို့ ဘာများလဲလို့လာကြည့် တာ ငါ့ရင်ကို ဓားနဲ့ခွဲ ဆားပက်တဲ့ စာသားတွေပဲ ဟမ်''

နံရံမှာရေးပြီး ကပ်ထားသော စာရွက်ပေါ်မှ စာတွန်းတွေကို ဖတ်ပြီး ဘွင်းဘွင်း ဆွေ့ဆွေ့ခုန်လေတော့သည်။

မိုးစက်က ဘယ်သူ့အတွက်မှမဖြစ်စေရ။ သူ့အတွက်သာ ဖြစ်စေ ရမည်ဟု စိတ်ထဲမှကြွေးကြော်ကာ နံရံမှစာတန်းကို ဆွဲဖြုတ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"တောက်"

"အချစ်အတွက်နဲ့ ညီအစ်မချင်း သတ်ချင်သတ်ရပါစေ မိုးစက်ကိုတော့ မပေးနိုင်ဘူး။ မိုးစက်က ငါ့အတွက်လေ မိုးစက်နဲ့ငါနဲ့က အရင်ဆုံးရင်းနှီးခွင့်ရတာ"

ထင်းထင်း ရေချိုးပြီး အိပ်ခန်းထဲဝင်လာသည်။ သူကိုယ်တိုင်ရေးပြီး ကပ်ထားသော စာကို ဘွင်းဘွင်း ဆွဲဖြဲလိုက်သည်မို့ ဒေါသတို့အထွတ်အထိပ်ရောက်ကာ

"မမကြီး ဒါ ဒါဘာလုပ်တာလဲ"

"မြင်တဲ့အတိုင်းပဲလေ မိုးစက်က ငါ့အတွက် နင်က ကြားထဲကဖြတ်ခုတ်ဖို့ စိတ်မကူးနဲ့"

"အို ဘာလဲ ဘာတွေလာပြောနေတာလဲ၊ ထင်းထင်းက ဘာမှဖြတ်မခုတ်ဘူး။ ဖြတ်ခုတ်တာက မမကြီး ကိုယ့်အသက်ကဖြင့် သွေးဆုံးဖြူနေပြီ ကိုယ်နဲ့မတန်မရာကို မှန်းစရာလား"

"ဟဲ့ ဖူးစာဆိုတာ ဦးရာလူပဲ ငါနဲ့မတန်ဘူးပြောရအောင် နင်နဲ့ရော တန်လို့လား"

"တန်တယ် တန်တယ် တန်လို့ပဲ ကံကြမ္မာက ရင်ဘတ်နှစ်ခုကိုပူးကပ်အောင်လုပ်ပေးလိုက်လို့ မိုးစက်ကိုခွတောင်ပြီးပြီ၊ သူ့ရင်ဘတ်ထဲခိုဝင်ရတဲ့အရသာ ခုချိန်ထိ နွေးနေတုန်း။ သူ့အငွေ့အသက်တွေ ကိုယ်နှာစွဲထင်နေလို့ ရေတောင်မချိုးဘူး။ သုံးရက်ရှိပြီ၊ ဒီနေ့မှ ကိုယ့်အနံ့ကိုယ်မခံနိုင်လို့ ချိုးရတာ"





ထင်းထင်း စကားကြောင့် ဘွင်းဘွင်း ခွက်ထိုးခွက်လန် ရယ်သည်။ ဘွင်းဘွင်းရယ်တော့ ထင်းထင်း မကျေမနပ် ဘုကြည့်ကြည့်ကာ

"ဘာရယ်တာလဲ မယုံဘူးလား"

"ယုံစရာဘာအကြောင်းမှ မရှိဘူး။ ညည်းက ခွတယ် ဟုတ်လား၊ ကလိထိုးပြီး ရယ်လိုက်ချင်သေး"

"ရယ်ပေါ့"

"ရယ်မှာ ရယ်မှာ မိန်းကလေးဖြစ်ပြီး ဣန္ဒြေသိက္ခာမရှိယောကျ်ားတစ်ယောက်ပေါ် တက်ခွတယ်ဆိုပြီး လျှောက်ပြောတယ်၊ အမိပ္ပာယ်မရှိ တကယ်တမ်း မိုးစက် စိတ်ဝင်စားနေတာ ငါ့ကို"

"ဘာ အဟစ် ဟစ် ဟမ် ခစ် ခစ် လို့ ရယ်လိုက်ချင်ပါရဲ့"

"ရယ်လေ ငါ တကယ်ပြောတာ ငါ့ကိုကြည့်ရင် သူ့မျက်လုံးထဲက အသည်းပုံတွေ ထွက်လာတယ်"

"အံမယ် ငြိမ်နှားတောင်နေလို့ အဟိုတ်မှတ်နေလား မမကြီးရယ်"

ရှင်းရှင်း ရောက်လာသည်။

"မမကြီးက အသည်းပုံပဲထွက်လာတာ ရှင်းရှင်းကိုတော့လေ ချစ်သူတစ်ယောက်ကို ကစ်ပေးခါနီးကြည့်တဲ့အကြည့်နဲ့ ကြည့်ပြီး အသံထွက် ချစ်တယ်လို့ ပြောတာ"

သူကလည်း မိုးစက်နှင့်ဘာဘာညာညာ ထင်အောင် အားကျခံပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



ထင်းထင်း အားရပါးရ ရယ်သည်။ ထင်းထင်းရယ်သံကြောင့် ဘွင်းဘွင်းနှင့်ရှင်းရှင်း မျက်လုံးပြူးကြည့်ကြသည်။

ထင်းထင်း ရယ်သံနှောသောအသံဖြင့်ပင်

"နင်တို့ကို အဲလောက်လေးကြည့်တာ စာဖွဲ့နေကြတယ်၊ ဂွင်ဝင်တင်လောက်ပါရဲ့၊ ဒါကရော ဘာဟုတ်သေးလဲ၊ ငါ့ကိုတော့လေ သူ့ရင်ခွင်ထဲထည့်ပြီး ဖက်ထားလိုက်တာများ အမလေး ရင်ထဲမှာလေ သီဟိုဠ်စေ့ဆယ်ကီလိုစားလိုက်ရသလို အီစိမ့်သွားတာပဲ၊ ငါ့ကိုယ်ကို့ လာနမ်းကြည့် သူ့ကိုယ်သင်းနံ့ ခုချိန်ထိ စွဲနေတုန်း"

"ဒါဆိုရင်တော့ ညီအစ်မသုံးယောက်စလုံး ယောကျ်ားတစ်ယောက်ကို လုရတော့မယ်ပုံစံပဲ"

ဘွင်းဘွင်း တွေးတွေးဆဆ ပြောသည်။

"အဲဒါကြောင့် မမကြီးက ကိုယ်နဲ့သက်တူရွယ်တူ ယောကျ်ားမျိုးကိုပဲ စိတ်ကူးပေါ့လို့"

"ဟဲ့ ထင်းထင်း နွားအိုမြက်နုကြိုက်တာ မဟုတ်ဘူး၊ နွားအိုမကလည်း မြက်နုကြိုက်တယ်ဟဲ့၊ ဒီတော့ ကိုယ့်မှာအရည်အချင်းရှိသလောက်တော့ အချစ်နဲ့ရင်ဆိုင်ရမှာလဲ"

"ဒါဆိုရင် မိုးစက် ဘယ်သူ့ကိုရွေးချယ်မလဲဆိုတာ စောင့်ကြည့်ပြီး ကိုယ့်နည်းကိုယ့်ဟန်နဲ့ ကိုယ့်ဘက်ပါအောင် သိမ်းသွင်းရတော့မှာပဲ"

"ဟုတ်တယ် ကျန်တဲ့ကိစ္စတွေမှာ ညီအစ်မချင်း အလျှော့ပေးလို့ရပေမယ့် ဒီကိစ္စကိုတော့ လုံးဝ အလျှော့မပေးနိုင်ဘူးနော်၊ ကိုယ့်နည်း



ကိုယ့်ဟန်နဲ့ မိုးစက်အချစ်ကို ရအောင် ကြိုးစားကြမယ်၊ နည်းလမ်းမမှန်တဲ့နည်းနဲ့ ကြိုးစားရင်တော့ ညီအစ်မတွေ ဘာတွေ နားမလည်ဘူး။ ဒီအိမ်ထဲမှာတင် စစ်ပွဲအကြီးကြီးဖြစ်သွားမယ်"

"စိန်လိုက်လေ ငါတို့ကလည်း ဒါမျိုးဆို ကြိုက်ပြီးသားပဲ၊ ငါတို့ထဲက ဘယ်သူပဲရရ မှန်ကန်တဲ့နည်းလမ်းနဲ့ ကြိုးစားတဲ့အတွက် အလျှော့ပေး လက်ခံရမယ်"

"ဒါပဲလေ"

"အိုကေ"

ညီအစ်မသုံးယောက် သဘောတူစွာ လက်ဝါးချင်း ရိုက်လိုက်ကြသည်။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၆)

"ငွေလလေးရေ မမဆီ လာပါဦးကွယ်"

ခုတလော ငွေလကို ဟိုအရင်ရောက်ခါစကထက် ပိုပြီး ချိုချို

နေကြသည်။

"ဟုတ်ကဲ့ လာပါပြီ မမကြီး"

ငွေလကလည်း အပြစ်ဆိုတာ တစ်စိုးတစ်မျှ မလုပ်မိအောင်

ကြိုးစားပြီး ဘယ်တုန်းကမှ မတည့်ကြသည့် ညီအစ်မသုံးယောက်ကြား

အလိုက်အထိုက် နေသည်။

"မမကြီး ဘာခိုင်းမလို့လဲ"

"ဩော် မခိုင်းပါဘူး ညီမရယ် ဒီနေ့ မမကြီး ရှော့ပင်ထွက်မည့်

ငွေလပါ လိုက်ခဲ့"

"ဟုတ်ကဲ့ မမ၊ ငွေလ အဖော်လိုက်ပေးပါ့မယ်"

သူဝယ်သမျှ အထုတ်လိုက်ဆွဲဖို့ပဲ မလိုက်ချင်ဘူးဟု ငြင်းပိုင်ခွင့်





မရှိ။

■ ■ ■

"ငွေလရေ ဒီမှာ ငွေလအတွက် မမရဲ့လက်ဆောင်"

ထင်းထင်းပေးသော လက်ဆောင်တွေက ငွေလဘဝမှာ တစ်ခါမှ မရဖူးသည့် ပလက်တီနမ်ဆွဲကြိုးလေးတစ်ကုံး။

"မမထင်းထင်း ငွေလ အဲလောက်တန်ဖိုးကြီးတာကြီး မယူရဲဘူး"

ငွေလ ငြင်းသည်။

"အို ယောက်မလေးရယ် ဘာကိုအားနာနေသလဲလို့ မမထင်းထင်းမှာလေ ဒီယောက်မလေးပဲ ရှိတာကို"

မိုးစက်၏ညီမထင်ပြီး ငွေလအပေါ် အရမ်းကောင်းနေသော ညီအစ်မသုံးယောက်အပေါ်မှာ ငွေလ ဘာအခွင့်အရေးမှ မလိုချင်။

ငွေလ၏စိတ်က ဟိုငယ်စဉ်ကတည်းက အလကားယူလိုစိတ်မရှိ။ ယူခဲ့မိလျှင်လည်း တန်ဖိုးညီမျှတာနှင့် ပြန်ပေးဆပ်တတ်ခဲ့သူ။

ယခုချိန်ထိလည်း တန်ဖိုးကြီးကြီးဆိုတာကိုလည်း မရခဲ့ဘူးပါ။

ထင်းထင်း သူ့စကားနှင့်သူ စိတ်မလုံမလဲဖြစ်ကာ ငွေလကို မြုံးဖြီးဖြီး ကြည့်ပြီး

"တကယ်တော့လေ မိုးစက်နဲ့ မမထင်းထင်းနဲ့ နီးစပ်တော့မယ် ထင်တယ် ငွေလရဲ့၊ ဒါကြောင့် မမထင်းထင်းက ယောက်မလို ကြိုပြီးခင် လုပ်ပြီး ခေါ်လိုက်တာ ဟီး ဟီး ဟီး"



www.burmeseclassic.com

www.burmeseclassic.com



သွားဖြဲပြီး ရယ်ပြနေသော မမထင်းထင်းကို ငွေလကလည်း စိတ်မလုံစွာ သွားလေးဖြဲပြီး ရယ်ပြလိုက်သည်။

တကယ်ဆို ငွေလဟာ ကိုမိုးစက်၏ညီမ မဟုတ်ဘူးဆိုတာ သိလျှင် ခုလိုကောင်းနိုင်မည်မဟုတ်။ ထိုအမြော်အမြင်နှင့် ညီမပါဟု ဇာတ်လမ်းထွင်လိုက်သည့် ကိုမိုးစက်၏စိတ်ကူးတွေက ငွေလအတွက် အနေချောင် အစားချောင်ခဲ့ခြင်း ဖြစ်သည်။

ရင်ထဲမှာ ကျေးဇူးအနန္တပါ ကိုမိုးစက်ရယ်။

■ ■ ■

"ဘာရယ် ရှင်းရှင်း နင်က ဖူးခက်ကိုသွားမလို့ ဟုတ်လား"

"အင်း ဟုတ်တယ်"

ဘွင်းဘွင်းနှင့်ထင်းထင်း မအောင့်အည်းနိုင်တော့ဘဲ တခိခိ တခွိခွိ ရယ်လိုက်သည်။

"ဟဲ့ ဘာရယ်ကြတာလဲလို့ ငါ တကယ်ပြောနေတာ၊ ငါပြော တဲ့အထဲမှာ ရယ်စရာ လုံးဝမပါဘူး"

ရှင်းရှင်း သဘောမကျဟန်ဖြင့် မျက်စောင်းရွယ်လိုက်သည်။

"အေး အဲဒီရယ်စရာမပါတာကိုက ရယ်ချင်နေတာအေ့၊ ဘယ့် နှယ်အေ ညည်းက ဖူးခက်ကို အပန်းဖြေခရီးထွက်ရအောင် ခင်ဝဇ္ဇီဝါ တို့ ဝိုင်းလေးတို့လိုအရွယ်မျိုးလေးတွေမို့လား"

"ဖူးခက်ကိုသွားဖို့ အရွယ်ကန့်သတ်ချက်ရှိလို့လား အဓိပ္ပာယ် မရှိ"





"ဒါပေမဲ့ ကဗျာမဆန်ဘူး"

"မလိုပါဘူး"

"ဒါဆို ထင်းထင်းတို့လည်း လိုက်မယ်"

"အို လိုက်မရှုပ်နဲ့"

"ဟင် ညည်းက ဘယ်သူနဲ့သွားမှာမို့လဲ"

ဘွင်းဘွင်းအမေးကို ရှင်းရှင်း မျက်နှာပင့်မော့လျက် ဂုဏ်ယူ ဝင့်ကြွားစွာ

"မိုးစက်နဲ့"

"ဘာ"

"ဟဲ့ ပလုပ်တုတ် ဖြည်းဖြည်း ဘာ"

ဘာဟု အော်လိုက်သဖြင့် ထင်းထင်း လန့်သွားသည်။

"မသွားရဘူး"

"ညည်း၊ ခြေလှမ်းတွေ ကြဲနေပါဈေး"

"စိတ်နေတယ်လို့တောင် ထင်ထားတာ"

"ကိုယ်နဲ့တန်ရာကိုမှန်း နောက်ပြီး ကိုယ်က အပျိုလေး"

"အဲဒီအပျိုလေးက အသက်ဗထက်ချိုင့်ရောက်ပြီး အပျိုမှိုတက် ဖြစ်နေပြီ အခွင့်အရေးကို ရတုန်း တက်ခွထားပြီး မလွှတ်တမ်း ဆုပ်ကိုင် ထားမှ"

ဘွင်းဘွင်းနှင့်ထင်းထင်း မနာလိုစိတ်တွေက ရင်ထဲမှာ ကလိ တလီ။



www.burmeseclassic.com

www.burmeseclassic.com



"ဒါနဲ့ မိုးစက်ကိုရော ခေါ်ပြီးပြီလား"

"သူကိုယ်တိုင်ကိုက ဖူးခက်သွားမယ် ပြောတာ"

ဟုတ်ဟုတ် မဟုတ်ဟုတ် လူရှိန်အောင်တော့ ပြောလိုက်မှ။

ဘွင်းဘွင်းနှင့်ထင်းထင်း တံတွေးကိုယ်စီကို ဂလုခနဲ မြိုင်တူ မျိုချပြီး

"ဒါဆို ငါလည်းလိုက်မယ်"

ဘွင်းဘွင်းက စတင်ပြီး တောင်းဆိုသည်။

"ဩော် အဲလိုလုပ်စတမ်းလား ဟမ် ညီအစ်မသုံးယောက်ရှိ တယ်၊ နှစ်ယောက်ကသွားပြီး တစ်ယောက်က နေခဲ့ရမှာလား"

"တစ်ယောက်မှ မလိုက်နဲ့"

"နင် မယုတ်ပက်နဲ့"

"မပက်ပါဘူး လေယာဉ်လက်မှတ်က သုံးယောက်စာပဲ စီစဉ် ထားတာ"

"ဘယ်သူရယ် ဘယ်သူရယ်"

"မိုးစက်ရယ် ရှင်းရှင်းရယ် ပြီးတော့ ဟောဒီက ယောက်မလေး ငွေလရယ်ပေါ့"

ဘေးမှာရပ်နေသော ငွေလ မျက်လုံးလေး ဝိုင်းသွားသည်။

"အို မဟုတ်တာ ငွေလ မလိုက်ရဲပါဘူး"

"မလိုက်လို့ မရဘူးလေ ငွေလရဲ့၊ မိုးစက်က သူ့ညီမ မပါလို့ စိတ်ကောင်းပါ့မလားလို့ နောက်ပြီး မမထင်းဝင်းရဲ့ဝေယျာဝစ္စလုပ်ပေးဖို့





ငွေလ မဖြစ်မနေ လိုက်ရမှာပဲ"

"ဟို ငွေ ငွေလ လေယာဉ်မစီးရဲဘူး မမရဲ့"

"ဘာမှမကြောက်နဲ့ လေယာဉ်စီးချိန် ဘယ်လောက်မှ မကြာ ဘူး"

အပိုင်ပြောနေသော ရှင်းရှင်းကိုကြည့်ပြီး ဘွင်းဘွင်းနှင့်ထင်း ထင်း မျက်လုံးပေကလပ် ပေကလပ်ဖြင့် ငုတ်တုတ်မေ့နေသည်။

တကယ်ပဲ မိုးစက်နှင့် ငြိသွားပြီလား။

ဘုရား ဘုရား ဒါဆိုလျှင်တော့ ဘဝက ဒုတ်ရင်း ဒုတ်ရင်း အတိုင်း ပြန်ဖြစ်ပြီး ဒီဇာတ်သက် အပျိုကြီးဘဝနဲ့ပဲ ဂိတ်ဆုံးရတော့မည် ထင်ပါရဲ့။

အားကျစိတ် အားငယ်စိတ်တွေဖြင့် မျှော်လင့်ချက်တွေ မှဲကုန် ကြသည်။

ရှင်းရှင်းကတော့ မော့တော့ မော့ရတော့နှင့်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၇)

"ဖူးခက်သွားမယ်ဆိုတာ တကယ်လားဟင်"

"အင်းလေ ဘာဖြစ်လို့လဲ"

ငွေလ အမေးကြောင့် မိုးစက် ခေါင်းညိတ်ဖြေပြီး မေးခွန်းပြန်ထုတ်လိုက်သည်။

"ဘာမှတော့ မဖြစ်ပါဘူး။ အဲဒီကိစ္စအတွက်နဲ့ ညီအစ်မသုံးယောက် စစ်ခင်းနေကြတယ်"

"ဟမ် ဘာဖြစ်လို့လဲ"

"ကိုမိုးစက်နဲ့ မမရှင်းရှင်း ဖူးခက်ကို သွားကြမှာကို သူ့ မလိုလားကြဘူးလေ"

"အမ် ကိုယ်က အလုပ်ကိစ္စနဲ့ ဖူးခက်ကိုသွားမှာပဲ သူ ဘာဆိုင်လဲ"





"မမရှင်းရှင်းနဲ့ သွားမှာဆို"

ထိုအမေးကြောင့် မိုးစက် မျက်လုံးပြူးသွားသည်။

"ဟမ် မဟုတ်တာ ကိုယ်က ဘာလို့ အဲဒီမိန်းမကြီးတွေနဲ့ သွားရမှာလဲ"

"ဟင် သိဘူးလေ ဒီအိမ်မှာတော့ အစ်ကိုနဲ့သွားမယ်လို့ချည်းပဲ ပြောနေတော့တာပဲ"

"ဟာကွာ ပေါက်ကရတွေ ဖူးခက်ဘက်ကိုသွားစရာရှိတယ်လို့ ပြောမိတာလေးနဲ့များ သူကပါ လိုက်ဦးမယ်တဲ့"

"ဘာပဲဖြစ်ဖြစ် အလိုက်အထိုက်လေးတော့နေပေးပါ အစ်ကို ရယ် ဩော် ဒါနဲ့ အခု အစ်ကိုလာတာကရော ငွေလဆီကိုလာတာလား ဟင်"

"ဟုတ်တယ်လေ သူတို့တွေ ဘယ်သူမှမရှိတဲ့အချိန် ငွေလနဲ့ စကားအေးအေးဆေးဆေး ပြောရအောင်"

"မမကြီးရှိတယ် အစ်ကိုရဲ့"

"ဟင် ဟုတ်လား တာကွာ သူက ဒီနေ့ ဘယ်မှမသွားဘူးလား"

"နေသိပ်မကောင်းလို့ဆိုပြီး မသွားဘူး။ အမှန်တော့ ဒီနေ့ အလှပြင်ဆိုင်မှာ သူ့တစ်ကိုယ်လုံး ပေါင်းသွားတင်မလို့"

"ဘယ်လို ဒီအရွယ်ကြီးက တစ်ကိုယ်လုံးကို ပေါင်းသွားတင်မယ် ဟုတ်လား"

"အင်း ဟုတ်တယ် နောက်ပြီး ဂျင်ဆိုလား ဘာလား အဲဒီကို



www.burmeseclassic.com

www.burmeseclassic.com



လည်း နေတိုင်းသွားတယ်''

မိုးစက် စိတ်ပျက်စွာ ရယ်လိုက်ပြီး

''ဒီအရွယ်ကြီးကျမှ အိမ်ထောင်လည်းမကျနိုင်တော့ပါဘူးကွာ''

အခေါင်သေးရှုတ်ချွစွာ ပြောနေသော မိုးစက်စကားက သူ့ဆီက အချစ်ကို ညီအစ်မသုံးယောက်စလုံး အာသာငမ်းငမ်း မျှော်လင့်နေကြသည်ဆိုတာ မသိလေရော့သလား။

''ဒါပေမဲ့ သူတို့အားလုံး အချစ်ကိုမျှော်လင့်နေကြတယ် အစ်ကို''

အစ်ကို့ဆီကအချစ်ဆိုတာကြီး မျှော်လင့်နေတယ်ဆိုတာကိုတော့ ဖွင့်မပြောမနေတော့။ ထိုသို့ဖွင့်ပြောလိုက်လျှင် ငွေလဆီသို့ အစ်ကို သိပ်လာတော့မည်မဟုတ်။

''ဘာပဲဖြစ်ဖြစ် ငွေလကတော့ သူတို့ကို သနားတယ်''

''ကိုယ့်ကိုကိုယ်ပဲ ပြန်သနားစမ်းပါကွာ၊ ခုချိန်မှာ ကိုယ်က သူတို့ရဲ့ကျေးကျွန်ဖြစ်နေရတယ် မဟုတ်လား''

''ဒါကတော့ ငွေလရဲ့ကံကြမ္မာပဲပေါ့ အစ်ကိုရယ်''

''အရာရာကို ကံကြမ္မာနောက်က ရေစုန်မျောပြီး လိုက်နေလို့ မဖြစ်ဘူး ငွေလ ဒီဘဝကနေ လွတ်မြောက်အောင် ကြိုးစားရမယ်''

''ဒါပေမဲ့ ငွေလက မိမရှိ ဖမရှိ ဆွေမရှိ မျိုးမရှိပါ အစ်ကို၊ ခုချိန်မှာ ငွေလ ဘေးမှာရှိနေတဲ့အစ်ကိုကသာ ငွေလရဲ့သွေးရင်းသားရင်း တစ်ယောက်လို အားကိုးရာပါ။ အစ်ကို့အရိပ်ကြောင့် ငွေလလေ ဒီအိမ်မှာ





ကောင်းကောင်းနေ ကောင်းကောင်းစားရပါတယ်''

ငွေလသာ မိုးစက်နှင့် ဘာမှမတော်သလိုနေခဲ့ကြလျှင် ညီအစ်မသုံးဖော်၏ ဦးစားပေးလိုက်လျောခြင်းတွေကို ခံစားရမှာမဟုတ်။

ကျေးဖူးအနန္တ တင်မဆုံးဖြစ်နေသော ငွေလမျက်နှာပေါ်မှ ငြိမ်းအေးသောအလှကို မိုးစက်ငေးကြည့်ရင်း သက်ပြင်းမသိမသာ ရှိုက်လိုက်သည်။

နှလုံးသားက နောက်ထပ်တစ်ကြိမ်ခုန်ဖို့ အချက်ပေးနေပြီလားမသိ။ ငွေလရောက်ကို စတွေ့ကတည်းက သူစိမ်းတွေလို့မျိုး ခံစားမှုတွေက စိမ်းသက်မနေ။

ဒါဟာ ထူးဆန်းမနေဘူးလား။

ကိုယ် ကူညီပေးလိုက်၍ သူ့ဟာသူ အလုပ်အတည်တကျဖြစ်နေမှတော့ ငွေလဆီကို ခဏခဏ လာဖို့မှ မလိုတာ လာစရာလည်း အကြောင်းမရှိ။

သို့သော် ငွေလအကြောင်းကို တစ်နေ့မှ မစဉ်းစားဘဲမနေနိုင်ခဲ့သလို ငွေလဆီကို အခွင့်အရေးရတိုင်း လာချင်သည့်စိတ်ဆန္ဒကိုလည်း ဘယ်လိုမှ မထိန်းချုပ်နိုင်ခဲ့။

ထို့ကြောင့်လည်း ငွေလပဲရှိနေတတ်သော အချိန်မျိုးကိုမှ ရွေးပြီးလာခြင်းဖြစ်သည်။

''လက်ညှိုးနဲ့လက်မလေး ကွေးလိုက်ပါ xx လက်ညှိုးနဲ့လက်မလေး ကွေးလိုက်ပါ xx ဒါ ဒါ ဒါ xx ဒီ ဒီ xx ဒီ ဒီ''



www.burmeseclassic.com

www.burmeseclassic.com



"ဟင် မ မကြီး ဂျင်သွားတော့မယ်ထင်တယ် အစ်ကိုရောက်နေတာကိုတွေ့ရင်တော့ အဲဒီနေရာကို အစ်ကို့ကို ချောခွဲပြီး လိုက်ပို့နိုင်လိမ့်မယ်"

"ဟမ် ဟုတ် ဟုတ်လား"

"မပို့ချင်ရင်တော့ ပုန်းနေပေါ့ အစ်ကို"

"ပုန်းနေမှဖြစ်မယ် ပုန်းနေမှဖြစ်မယ်"

ညှော်ခန်းထဲဝင်လာသော မမကြီး လက်ညှိုးနှင့်လက်မကို ကွေးချည်ဆန့်ချည်လုပ်ပြီး ပါးစပ်မှ အလက်ာကို ရွတ်နေ၍ ဆိုဖာခုံအနောက်ကို ဖျတ်ခနဲ ဝင်ပုန်းလိုက်သော မိုးစက်ကို မမြင်လိုက်။

ရှုကြောင်ကြောင်နိုင်သော ဘွင်းဘွင်းပုံစံနှင့် ပါးစပ်မှ တတွတ်တွတ် ရွတ်နေသောအဓိပ္ပာယ်ကို ငွေလ နားမလည်။

"မမ ဂျင်သွားတော့မလို့လား"

"အေးပေါ့"

"ဟိုလေ အခု မမရွတ်နေတာက ဘာလဲဟင်"

"ဩော် လေ့ကျင့်ရေးခန်းမမှာ သင်တန်းနည်းပြဆရာတွေက ကိုယ်လက်လှုပ်ရှားမှုလေ့ကျင့်ခန်းတွေကို ဟောဒီ အလက်ာလေးတွေနဲ့တွဲရွတ်ပြီး လေ့ကျင့်ရတယ်ကွဲ့"

"ဩော်"

"ဘာလဲ မမ ဆိုတာ နားထောင်လို့အရမ်းကောင်းတယ်နော် ဟုတ်လား"





ဖြစ်မှဖြစ်ရလေ မေးလိုက်တာနှင့်ပဲ သူ့အသံနားထောင်၍ ကောင်းသည်ဆိုတာ ဖြစ်ရချည်ရဲ့။

"ဟုတ် ဟုတ်တယ် မမရဲ့ နားထောင်လို့ကောင်းတယ် နောက်ပြီး မမရဲ့ကိုယ်ခန္ဓာ အရင်ကထက်ပိုပြီး အချိုးကျလာသလိုပဲ"

ညီအစ်မသုံးယောက်စလုံး အမြှောက်ကြိုက်ကြသည်မို့ သူတို့နှင့် ဆန့်ကျင်ပြီး စကားမပြော။ သူတို့ညီအစ်မတွေ သဘောကျနှစ်သက်စေမည့်စကားမျိုးကိုသာ သူတို့အကြိုက်ဆောင်ပြီး လိုက်ပြောမေးရသည်။

"ဟယ် ဟုတ်လို့လား ငွေလရယ်"

အဆီတစ်ဝက် အသားတစ်ဝက်ပုံစံကို ငုံ့ကြည့်ပြီး သဘောတွေ့နေတတ်သည်။

"ဟုတ်တယ် မမရဲ့ ဟောဒီ ဗိုက်ကအဆီတွေဆိုရင် ပိုပြီး သိသိသာသာ ကျသွားတာ"

"အမလေး ဒါဆိုရင်တော့ မမ ဂျင်သွားကျိုးနပ်သွားပြီပေါ့ ဟီး ဟီး ဟီး ဒါ ဒါနဲ့ ဟိုဟာမလေးတွေမရှိတုန်း မေးရဦးမယ်"

"ဟုတ်ကဲ့ မေးပါ မမ"

"မမတို့ညီအစ်မသုံးယောက်ထဲမှာ ဘယ်သူအလှဆုံးလဲဟင်"

ကလေးဆန်သော ထိုမေးခွန်းကို ငွေလတင်မဟုတ် ဆိုဖာနောက်ကျောတွင်ပုန်းနေသော မိုးစက်ပါ ရယ်ချင်စိတ်ကို မနည်းထိန်းထားရသည်။

ဒီအရွယ်ထိရောက်နေပြီ စိတ်တွေက မတည်ငြိမ်သေး။ ပေါ



www.burmeseclassic.com

www.burmeseclassic.com



ကောင်းတုန်းရှိကြသေးသည်။ ဒါကြောင့် ယောက်ျားမကြေတာဟု မသိမသိုင် ဝင်၍ ဝေဖန်လိုက်သည်။

"မမရယ် ညီအစ်မသုံးယောက်စလုံး တစ်ယောက်တစ်မျိုးစီ လှကြပါတယ်"

ဘွင်းဘွင်း ခြေဆောင့်သည်။

"ပူ"

ထိုအသံသည် ဘွင်းဘွင်း အီးပေါက်လိုက်သောအသံဖြစ်သည်။

မိုးစက်ကြားပြီး အနံ့ဆိုးတွေ နှာခေါင်းထဲဝင်မလာခင် နှာခေါင်းကို ပိတ်ထားရသည်။

"တော်တော်စုတ်ပဲ့တဲ့ မိန်းမကြီးပဲ"

နှုတ်ခမ်းသာလှုပ်ပြီး အသံမထွက်သော ဝေဖန်ခြင်းဖြင့် မကျေမနပ် ပြောလိုက်သည်။

"ဟော့အေး တစ်ယောက်ထဲပြော မမက ပိုလှပါတယ်လို့ပြောရင် ဟိုနှစ်ယောက်ကို အားနာနေတာမဟုတ်လား မမသိတာပေါ့"

"ဟုတ် ဟုတ် မမ"

ချော့လဲရောထိုင်လိုက်ရသည်။

"သူတို့ရှိတာမှမဟုတ်တာ ပြော ပြော"

ခွတ်ပင် ပြောခိုင်းနေသည်။

"ဟင်း ဟင်း ဟင်း"

ပြီးတော့ သူ့ဟာသူ မလုံမလဲဖြင့် ရယ်သည်။





"မမက သူတို့ထက် နည်းနည်းမဆိုသလောက်လေး ပိုတာက လွဲပြီး အသားအရေနဲ့မိန်းမတို့ရှိသင့်ရှိထိုက်တဲ့ခန္ဓာကိုယ် အချိုးအစား ကျတော့လေ မမက ပိုတောင့်တယ်ကွယ့်"

သူ့ပေါင်လုံးကြီးကို တဖြန်းဖြန်းရိုက်ပြီး သူလှကြောင်း အမွှမ်းတင်နေသည်။

"နုတောင်မမကို ပရိုပို့စ်လုပ်ထားတဲ့ယောက်ျားတွေ တစ်ဒါဇင် တိတိရှိတယ်"

"ပရိုပို့ဆိုတာ ဘာလဲ မမ"

မသိတာကို မသိသည့်အတိုင်း ရိုးရိုးသားသား မေးလိုက်သည်။

"ပရိုပို့စ်ဆိုတာလေ ယောက်ျားတွေက မိန်းမတွေကို ချစ်ကြောင်း လက်ထပ်ချင်ကြောင်း ဖွင့်ပြောပြီး ခွင့်တောင်းတာကို ပရိုပို့စ် လုပ်တယ်လို့ခေါ်တယ်"

"ဪ ဟုတ်လား မမ"

"ကဲပါလေ မမ သွားလိုက်ဦးမယ်"

"ဪ မမ ဂျင်ဆော့ပြီး နုလို ဝိတ်လျှော့နေတာကို ဟိုနှစ်ယောက် မသိစေနဲ့နော်"

"ဟုတ်ကဲ့ပါ မမရဲ့"

"အေး အေး မမရဲ့ချစ်သူလေးနဲ့ အမြန်ဆုံးနီးစပ်ဖို့အတွက် လေ့ကျင့်ရေးခန်းမကို သွားလိုက်ဦးမယ်ကွယ်"

ဘွင်းဘွင်း ထသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီတော့မှ ငွေလလည်း သက်မမောကို ဟင်းခနဲ ချလိုက်တော့သည်။

အခန်းအဝအထိ လိုက်ကြည့်ပြီး ဘွင်းဘွင်း အပြင်ထွက်သွားတော့မှ မိုးစက် ပုန်းနေရာသို့ လျှောက်သွားပြီး

"အစ်ကိုမိုးစက် ထွက်လာတော့ ရပြီ"

ငွေလစကားအဆုံး မိုးစက် ပုန်းနေရာမှ ထလာသည်။ မျက်နှာက ရှုံ့မဲ့ပြီး နှာခေါင်းကို လက်ဖြင့်ပိတ်လာသည်။

"အစ်ကို ဘာဖြစ်လို့လဲ၊ ကြောင်သေးစော် နံနေလို့လား"

"ဘယ်ကလာကွာ အဲဒီမိန်းမကြီးလေ အီးပေါက်လိုက်တာကွာ နံစော်ပုတ်အဲ့နေတာပဲ၊ အီးနံ့ကလည်း သူ့ခန္ဓာကိုယ်လို ဟဲဗီးအနံ့ကြီးပဲ"

စိတ်ပျက်လက်ပျက် ပြောနေသော မိုးစက်ကိုကြည့်ပြီး ငွေလ သဘောတကျ ရယ်လိုက်သည်။

"သူတို့ညီအစ်မတွေကိုသာ အစ်ကိုတစ်နေ့လုံး လာထိုင်ကြည့်ရင်လေ တစ်နေ့လုံး ရယ်နေရမှာ အစ်ကိုရဲ့"

"ကြီးပေါကြီးတွေပေါ့ ဟုတ်လား"

"အဟင်း ဟုတ်ပ့ါ အဲဒါ အမှန်ပဲ"

ဒီထက်မှန်စေချင်လျှင် လင်တရွှးဟု ပြန်ပြီးပြောပြလိုက်ချင်ပေမယ့် ပြော၍မကောင်း။

■ ■ ■



## အခန်း (၁၈)

"ဟယ် ဒါ ဒါ ဘာတွေကြည့်နေတာလဲ"

ဖြုန်းခနဲ ပေါ်လာသော ရှင်းရှင်း၏အသံကြောင့် အချစ်ဇာတ် ...ကို ဖုန်းထဲမှာထည့်ပြီး ကြည့်နေသော ထင်းထင်း လန့်သွားသည်။

ဘယ်အချိန်ကတည်းက ရောက်နေမှန်းမသိသော ရှင်းရှင်းကို ...ကြည့်ပြီး ဖုန်းကိုပိတ်လိုက်သည်။

"ဟာ ယဉ်ကျေးမှုမရှိလိုက်တာ သူများအခန်းထဲဝင်တာ အသံ ...ဘာလေးပေးပြီးမှ ဝင်ရမယ်လေ"

"အောင်မယ် ကြီးကျယ်လိုက်တာ၊ ဘာ သူများအခန်းလဲ ဒီ ...ခန်း နင်တစ်ယောက်ထဲပိုင်တာလား။ ငါတို့ပါပိုင်တဲ့အခန်းလေ၊ နင် ...တ်က ဟုတ်က ကားတွေကြည့်နေတာလား"

"ဟာ မဟုတ်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



လက်ထဲမှ ဖုန်းကို နောက်ပို့လိုက်ပြီး သူ့ခိုးလူမိ ရုက်ကိုးရှက် ကန်းငြင်းနေသော ထင်းထင်းကိုကြည့်ပြီး မဟုတ်တာတစ်ခုခုလုပ်ထား သည့်ဆိုတာ သိသာလွန်းနေသည်။

"နှင်မညာနဲ့ စောစောက ငါတောင်တွေ့လိုက်သေးတယ်၊ ကောင်လေးနဲ့ကောင်မလေး ရေအတူချိုးနေရင်း ကစ်ပေးနေတာ၊ ငါ တောင် ကြည့်လိုက်ရသေးတယ်"

"ဟာ အဲဒါလေး တစ်ခန်းပဲပါတာ"

"မယုံဘူး ပြ"

ရှင်းရှင်း ဖုန်းကိုအတင်းတောင်းကြည့်သည်။

"ဟာ မမလတ် ဘာကိုပြရမှာလဲ"

"နင် ကြည့်နေတာကိုလေ"

"ကျွတ် သီချင်းနားထောင်နေတာ ကိုရီးယားသီချင်း"

"အေးလေ ဒါဆိုရင် ငါ့ကိုလည်းပြလေ၊ ဒါမှမဟုတ် ငါ ဖုန်း ထဲကို ကူးထည့်ပေး"

"ကူးထည့်ပေးလို့မရဘူး Zapya မရှိဘူး"

"ဒါဆိုရင် နင့်ဖုန်းကို ခဏပြ"

ရှင်းရှင်းကလည်းဖွတ် ထင်းထင်းကလည်း မပြ။ အခန်းထဲမှ ရှောင်ကွင်း၍ ထွက်သွားသည်။

"ထင်းထင်း နင်မယုတ်မာနဲ့နော်၊ နင်ကြည့်သလို ငါလည်း ကြည့်ချင်တာပေါ့ဟဲ့"





ရှင်းရှင်း ထင်းထင်းနောက်မှ ကလေးမုန့်တောင်းသလို တ ကြော်ကြော်အော်ပြီး လိုက်တောင်း၏။

"အင့်"

"ဟဲ့"

ဘုရားဆွမ်းတော်ကပ်ပြီး ဘုရားခန်းထဲမှ ထွက်လာသော ငွေလရောင်ကိုတောင် ဝင်တိုက်သွားကြသေးသည်။

"ဟော့တော် ဒါက ဘယ်လိုဖြစ်ကြပြန်ပြီလဲ"

ဝင်တိုက်ခံရ၍ ယိုင်သွားသော ကိုယ်ကို လဲမကျအောင် နံရံကို ကိုင်ထားပြီး ဝရုန်းသုန်းကား ပြေးနေကြသော ရှင်းရှင်းနှင့်ထင်းထင်းကို တအံ့တဩ ငေးကြည့်လိုက်သည်။

ထမင်းစားခန်းထဲ ပြေးဝင်သွားကြပြီးနောက် ဘွင်းဘွင်း၏အသံ ပါ ကြားလိုက်ရသည်။

"ဟဲ့ ဟဲ့ ဒါက ဘာတွေစီးပေါင်းထွကြပြန်ပြီလဲ ဟမ် ငါ့နှယ် မပြောလိုက်ချင်ဘူး၊ ဒီအသက်ဒီအရွယ်ရောက်နေပြီ ကလေးကိုမရဘူး"

"ဘွင်းဘွင်း သူ ပေါက်ကရတွေကို ဖုန်းထဲထည့်ပြီး ကြည့် တယ်"

"ဘာ ဘာတွေလဲ ဘာပေါက်ကရတွေလဲ"

"ဘာမှမဟုတ်ဘူး၊ ဘာမှမကြည့်ဘူး၊ အလကား သူများသီချင်း နားထောင်နေတာကို"

ဘွင်းဘွင်းကိုယ်ကိုပတ်ပြီး ပြေးနေကြသည်။ ထမင်းစားခန်းထဲ



www.burmeseclassic.com

www.burmeseclassic.com



မှာ ဝရုန်းသုန်းကား။

"ဘာသီချင်းလဲ သီချင်းသံ လုံးဝမထွက်ဘဲနဲ့ ရေချိုးခန်းထဲမှာ ကောင်လေးနဲ့ကောင်မလေး ကစ်ပေးနေတဲ့ပုံတွေကို ကြည့်နေတာ"

ရှင်းရှင်း စကားကြောင့် ကိတ်မုန့်တွေ ပလုပ်ပလောင်း ပစ်စား နေသော ဘွင်းဘွင်း ပါးစပ်အပေါင်းသားဖြစ်ကာ မျက်လုံးပေကလပ် ပေကလပ် ဖြစ်သွားရှိတင်မဟုတ် အရောင်ပါ တောက်လာသည်။

"ဒါ ဒါဆိုရင် သူ သူ ဟိုကားတွေ ကြည့်နေတယ်ပေါ့ ဟုတ်လား"

"ဟုတ်ဘူး"

"ဘာမဟုတ်ရမှာလဲ မဟုတ်ရင် ပြလေ၊ နင်မပြတာ နင်မရိုးသားလို့ပေါ့"

"အမလေး နေကြပါဦး နေကြပါဦး နင်တို့ကို ကြည့်ပြီး ငါ နင်တော့မှာပဲဟယ်"

ဘွင်းဘွင်း ကိတ်မုန့်နင်နေ၍ ကော်ဖီကို တစ်ငုံငုံ၍ သောက်လိုက်သည်။ ပြီးမှ ရင်ဘတ်ကို တဘုန်းဘုန်းထုကာ

"ဟဲ့ ထင်းထင်း လာစမ်း ဒီကို"

လှမ်းခေါ်သဖြင့် ထင်းထင်း ထိုင်ခုံမှာ လာထိုင်သည်။

"ပေးစမ်း အဲဒီဖုန်း"

"ဟာ ဘာလဲ ဘာမှမဟုတ်ပါဘူးဆို"

"အေး အဲဒီဘာမှမဟုတ်တာကို ငါလည်းကြည့်ချင်တယ်"





"မမတို့အသက်အရွယ်နဲ့ ဒါမျိုးတွေ ကြည့်စရာလား"

"နင်ကရော နင့်အသက်အရွယ်နဲ့ ကြည့်စရာလား"

"အသက်သုံးဆယ့်ရှစ်နှစ်အရွယ်ဆိုတာ အပျိုဖြန်းလေးလား"

"အေးလေ အပျိုဖြန်းပဲဖြစ်ဖြစ် အပျိုလန်းပဲဖြစ်ဖြစ် နင်လည်း အပျိုဖြန်း အဲ အပျိုမကြီးတကြီး ငါတို့လည်း အပျိုကြီး ဒီတော့ ဘယ်လိုပဲ ခံစားခံစား မျှဝေခံစားကြမယ်၊ ဒီတော့ နင်ကြည့်သလို ငါတို့ကိုလည်း ပြ"

ပြောပြောဆိုဆို ဘွင်းဘွင်း ဖုန်းကို ဆတ်ခနဲ လုလိုက်သည်။

ဘွင်းဘွင်းဆီမှာ ဖုန်းရသွားပြီမို့ ရှင်းရှင်းပါအနားမှာ ဇွတ်ခနဲ ဝင်ထိုင်လိုက်သည်။

ပြီးနောက် တခွီးခွီး တခိခိဖြင့် အချစ်ဇာတ်လမ်းလေးကို ရင်သပ်ရှုမောစွာကြည့်ကြ၏။

ခံစားမှုတွေက ပို၍ပို၍ နုပျိုလာသလိုလို။

အမလေး အပျိုကြီးတွေဘဝက ဘယ်တော့များမှ ကျွတ်လွတ်ပါ့မလဲ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၉)

"ဟင် အမလေး ဘုရား ဘုရား"

ထမင်းစားခန်းထဲတွင် ဖုန်းတစ်လုံးရှေ့ချပြီး ညီအစ်မသုံး ယောက် ခေါင်းချင်းဆိုင်ကြည့်နေကြသည်မို့ ဘာများထူးဆန်းနေလို့လဲ ဟူသော သိချင်စိတ်ဖြင့် အနောက်မှာသွားရပ်ကြည့်လိုက်သည်နှင့် ခေါင်း မွေးတွေ ထောင်ထသွားအောင်ကို အံ့သြထိတ်လန့်သွားသည်။

ဒီညီအစ်မသုံးယောက် တော်တော်ဆိုးတာပဲ။

ကိုယ့်ကိုကိုယ် မိန်းကလေးတွေဆိုတာကိုရော တွေးမိကြပါရဲ့ လား။ ယောက်ျားလိုချင်ကြသော ခံစားမှုတွေက သူတို့ဘဝမှာ အပြင်း ထန်ဆုံးဆန္ဒတွေလား။

သနားစရာလည်း ကောင်းပါ၏။





"မမဘွင်းဘွင်း"

"ပြောလေ မိုးစက်"

"ကျွန်တော် မမဘွင်းဘွင်းကို ပြောစရာရှိတယ်"

အရိပ်အကဲကြည့်ကာ မဝံ့မရဲပြောနေသော မိုးစက်ကို ရွှန်းရွှန်း စားစား ကြည့်ကာ

"ပြောလေ မိုးစက်ရယ် ဘာပြောမှာလဲ၊ ပြောစရာရှိတာသာ ပြောပါ ခွင့်တောင်းစရာ မလိုပါဘူးကွယ်"

"ဒါပေမဲ့ ကျွန်တော်ပြောလိုက်ရင်လေ မမဘွင်းဘွင်း ကျွန်တော့် ကို မပတ်သက်တော့မှာ ကြောက်တယ်"

စကားပလ္လင်တွေ ခံနေသောကြောင့် မိုးစက် ဘာပြောမှာလဲ ဆိုတာကို ဘွင်းဘွင်း ရိပ်မိလိုက်သည်မို့ ရင်ထဲမှာ ဖုတ်လိုက်ဖုတ်လိုက်။

ဒီနေ့လိုနေ့မျိုးကို စောင့်ခဲ့ရတာ ကြာခဲ့ပြီပဲ။

"ဒါဆိုရင် ကျွန်တော်ပြောမယ် စိတ်မဆိုးနဲ့နော်"

"အေးပါကွယ် ပြောပါ မမ နားထောင်ချင်လှပြီ"

"ဒါဆိုရင် ကျွန်တော် ပြောမယ်နော်"

"အင်းပါဆို"

"ကျွန် ကျွန်တော်လေ"

"ပြော ပြောပါ မြန်မြန်"

မိုးစက် ဘွင်းဘွင်းရှေ့မှာ ဒူးတစ်ဖက်ထောက် မုဆိုးထိုင်ထိုင် တာ ဘောင်းဘီနောက်အိတ်ကပ်ထဲမှ နှင်းဆီဖြူတစ်ပွင့်ကို ဆတ်ခနဲ



www.burmeseclassic.com

www.burmeseclassic.com



ခွဲထုတ်ရလိုက်သည်။ တဆက်တည်းမှာပင်

"အား"

မျက်နှာရှုံ့မဲ့သွားသော မိုးစက်ကိုကြည့်ပြီး ဘွင်းဘွင်း စိတ်မှ သွားကာ အားမလိုအားမရလည်း ဖြစ်သွားမိသည်မို့

"ဘာဖြစ်တာလဲ"

"နှင်းဆီဆူး စူးသွားလို့"

"ဟော့တော် လက်ကိုဆူးတာလား"

"မဟုတ်ဘူး တင်ပါးကို"

"အိုကွယ် ဒါဆိုရင် ဘယ်လိုစုပ်ပေးမလဲ"

"ဗျာ"

"သြော် လက်မှာဆိုရင်တော့ ထွက်နေတဲ့သွေးကို စုပ်ထုတ်ပေး လို့ရတယ်၊ တင်ပါးမှာဆိုတော့ မင်းများရှက်နေမလားလို့ အဟင်း ခစ် ခစ်"

"ဟာ ဟာဗျာ မမရယ် ကျွန်တော့်ရင်ထဲ လှိုက်ခနဲနေအောင်ကို စိတ်လှုပ်ရှားမိတယ်ဗျာ၊ ကျွန် ကျွန်တော်လေ မမကို အရမ်းချစ်တယ် ကျွန်တော့်ကို ပြန်ချစ်ပါနော်"

ဘွင်းဘွင်း လက်ကို မလွှတ်တမ်း ဆုပ်ကိုင်ကာ အချစ်ကို အငမ်းမရ တောင်းခံသည်။ ဘွင်းဘွင်းသာ ငြင်းလိုက်မည်ဆိုလျှင် ဇွတ် တုတ်မေ့ အသက်ပျောက်သွားရမည့်ကိန်းမျိုး။

"ချစ်တယ် အရမ်း အရမ်းကိုချစ်တယ် မင်းသာ မမကို





အသက်ကြီးနေပြီဆိုပြီး ထားမသွားရဘူးနော်"

"စိတ်ချပါ မမရယ်၊ ကျွန်တော်က ချစ်သူဆိုရင် ကြီးမှချစ်ချင် တာလေ"

"ဟင် ဘယ်လို ကြီးမှဟုတ်လား"

"အသက်ကြီးတာကိုပြောတာ ကြီးရင်မို့ ငယ်ရင်ချိုတဲ့၊ ကျွန် တော်က ချိုရမယ့်အလုပ်မလုပ်ချင်ဘူး။ မို့ရတဲ့အလုပ်ပဲ လုပ်ချင်တာ၊ နောက်ပြီး ဟောဒီလိုမို့ပြီးချစ်ချင်တာ"

ဘွင်းဘွင်း ကိုယ်လုံးအိအိပွံ့ပွံ့ကြီးကို မိုကာ ချစ်ပြလိုက်သည်မို့ ဘွင်းဘွင်း နွားမကြီးအောက်သွားမရှိ တပှီးပှီးရယ်ကာ မိုးစက်၏ကိုယ် ကို လွှတ်ထွက်မတတ်ကို အားကုန်ဖက်ထားလိုက်သည်။

ရင်ထဲမှာပျော်လိုက်သည့်ဖြစ်ခြင်း။ ဒီနေ့တစ်နေ့တာ ဝအောင် ချစ်ပစ်လိုက်ပြီး မနက်ဖြန် သေရမည်ဆိုလျှင်တောင် သေပျော်ပါ၏။

■ ■ ■

"အ အား မမကြီး လွှတ် လွှတ်ပါ အောင်မလေး အသက် ထွက်တော့မယ် ထင်တယ်"

ရှင်းရှင်းလည်ပင်းကို အတင်းသိုင်းဖက်ကာ တပြွတ်ပြွတ် နမ်း နေသော ဘွင်းဘွင်းအိပ်မက်အပြင်ဘက်တွင် ရှင်းရှင်း လျှာထွက်မတတ်။

အတင်းရုန်းပေမယ့်လည်း ဘွင်းဘွင်း၏လေးပတ်လည် ထောက် မောင်းလုံးတွေအောက်မှာ ဘယ်လိုမှ တွန်းထိုးရုန်းထွက်၍မရ။

ဒါ့အပြင် ပေါင်လုံးကြီးဖြင့်လည်း ခွထားသည်မို့ လူမှာ မြွေ



www.burmeseclassic.com

www.burmeseclassic.com



တစ်ကောင်အပတ်ခံနေရသလို လှုပ်မရ ပြုမရ။

ထင်းထင်းကတော့ တခွီးခွီးဖြင့် အိပ်မောကျနေသည်မို့ မနိုး။

ဘယ်လိုမှ ရုန်းထွက်မရသည့်အဆုံး

"အား"

အာခေါင်ခြစ်၍ အသံကုန်ဟစ်ပြီး အော်လိုက်သည်။ ညလူခြေတိတ်ချိန်မို့ ရှင်းရှင်း၏အသံက တစ်အိမ်လုံးဟိန်းသွားရုံတင်မက အိမ်အမြင်ကိုပင်လျှံထွက်သွားမလား မပြောတတ်။

ရှင်းရှင်း၏ ပြာတာတာအသံကြောင့် ဘွင်းဘွင်း၏အိပ်မက်ထဲမှ ဝေါက်ခနဲနှိုးထွက်လာရသည်။

"မိုးစက် မိုး ဘာဖြစ်တာလဲ"

ပါးစပ်မှလည်း အယောင်ယောင် အမှားမှား။

ထင်းထင်း အိပ်မှုံစုံမွှားဖြင့် ဝေါက်ခနဲ ထထိုင်သည်။

"ဘယ်သူလဲ ဘယ်သူတိုက်ပေါ်က ပြုတ်ကျတာလဲ"

ပါးစပ်မှ သွားရည်တွေကိုသုတ်ပြီး ကယောင်ကတမ်း မေးသော ထင်းထင်းအမေးကို

"ငါဟော့ ငါ ငါ တိုက်ပေါ်ကပြုတ်ကျပြီး သေရတာမှ လေထဲမှာ လွင့်မျောနေရလို့ မသေခင်လေး လေအဟုန်ကြောင့် အသက်ဝဝရှူခွင့်ရဦးမယ်"

"နင်လုပ်တာနဲ့ ငါ့အိပ်မက်လေး သွားပါပြီ ရှင်းရှင်းရယ်"

"သွားတာကနောက် ဒီမှာ သေတော့မယ် လူကိုဖက်ထားတာ"





ရှင်းရှင်း မျက်စောင်းတခဲခဲဖြင့်ပြောပြီး ဘုန်းခနဲ ပြန်လှဲအိပ်လိုက်သည်။

ဘွင်းဘွင်းမှာသာ သူ့အိပ်မက်ထဲက မိုးစက်နှင့်ချစ်နှလုံးထကြွသော မြင်ကွင်းကို နှမြောတသစွာဖြင့် နောက်တစ်ကြိမ်ဆက်မက်ရန် အာရုံတွေကို စုစည်းလိုက်သည်။

ဘယ်လိုမှ စုစည်း၍မရတော့။

ရခဲလှသောခံစားမှု မက်ခဲလှသော ဒီအိပ်မက်၊ ခုတော့ သွားပါပြီ။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၀)

"အမလေး ညက အိပ်မက်က ကောင်းလိုက်တာအေ၊ ငါ့ဘဝမှာ တစ်ခါမှမကြုံဖူးတဲ့ရင်ခုန်ခံစားမှုမျိုးတွေနဲ့ လူက ကမ္ဘာသစ်တစ်ခုကို ရောက်သွားသလိုပါပဲ"

"ဘာအိပ်မက်မို့လဲ မမကြီး"

ငွေလရောင် အမေးကြောင့် ရင်ဘတ်ကိုဖိကာ ရှက်ကျဲကျဲ ရယ်လျက်

"ငါ ငါပြောရမှာ ရှက်တယ် ယောက်မလေးရဲ့၊ ညကလေ ကတ္တီပါဖဲမွေ့ရာပေါ်မှာ အချစ်စစ်တွေခင်းကြတာ အမလေး ပြောရင်းနဲ့ ရင်တွေခုန်လာပြန်ပါပြီ"

ရှက်တယ်လည်းပြောသေးသည် အချစ်စစ်ခင်းနေကြတာကို ဖာချဲ့ပြောတော့မည့် မမဘွင်းဘွင်းစကားကို ငွေလ နားမထောင်ရဲ ယိုသူမရှက် မြင်သူရှက်ဆိုတာ ဒါမျိုးကိုနေမှာ။





တစ်နေ့တစ်နေ့ ကိုမိုးစက်အကြောင်းတွေ ပြောကြ တွေးကြ စိတ်ကူးယဉ်နေကြတာနှင့် ညီအစ်မသုံးယောက် အာရုံတွေ မအားလပ်ကြ။

"ကဲပါ မမကြီးရယ် ငွေလကိုပြောရင် ခံစားမှုတွေလျော့သွားမယ် ဟုတ်ပြီလား၊ အခု မမထင်းထင်း ဆိုင်ကိုမသွားခင် စားဖို့ ငွေလ ထမင်းပွဲပြင်ထားပြီးပြီ လာစားလိုက်တော့နော်"

"အေးပါ ယောက်မရယ် အေးပါ ညည်းလေးအစ်ကိုနဲ့ ကျုပ် ...မြန်နိုးစပ်အောင် ညည်းလေးက ကြားထဲကနေ လှော်ပေးစမ်းပါအေ၊ ...ညည်းတစ်သက် မပူမပင် မကြောင့်မကြနေရအောင် ဖူးဖူးမှုတ်ထားပေး ...မယ်အေ"

ကိုယ့်ကိုပါ စစ်ကူတောင်းနေသည်မို့ ငွေလ ခေါင်းတခတ်ခတ် ...ညိတ်လျက်

"စိတ်ချပါ မမကြီးရယ် ငွေလကလေ အစ်ကိုမိုးစက်လာရင် ...ကြီးရဲ့ကောင်းကြောင်းတွေကို ပြောပေးပါ့မယ်"

"ကောင်းကြောင်းပြောရုံနဲ့မပြီးဘူး ငွေလရဲ့၊ မမကြီးက အချစ် ...ဒီ တန်ဖိုးထားတဲ့မိန်းမတစ်ယောက်၊ နောက်ပြီး အစ်ကိုမိုးစက်ကိုလည်း ...ယ်လောက်အလေးအနက်ထားသလဲဆိုတာကိုပါ ထည့်ပြောရမယ်လေ"

"ဟုတ်ကဲ့ ပြောပါ့မယ် မမကြီး"

"အမလေး ငါ့ယောက်မလေးက သိတတ်လိုက်တာကွယ်"

ငွေလ ပါးနှစ်ဖက်ကို ခပ်ဖွဖွလိမ်ဆွဲပြီး ချစ်ကြည်ရေးနဲ့နေ ...သာ မမကြီးကြောင့် အနေခက်တာတော့ သေချာပါသည်။



www.burmeseclassic.com

www.burmeseclassic.com



တကယ်ဆို ငွေလ အမှန်အတိုင်း ပြောလိုက်ချင်တာပါ။ ကိုမိုးစက်နှင့်ငွေလ ဘာမှမတော်ဘူးဆိုတာကိုလေ။

အကယ်၍ အမှန်အတိုင်း သိသွားလျှင်ရော ငွေလကို ခုလိုတရေးတယူ ဆက်ဆံမှာတဲ့လား။

■ ■ ■

"ကျွိ ကျွိ ကျွိ"

ရေချိုးခန်းထဲတွင် လုံချည်တွေ စကပ်တွေလျှော်နေသော ငွေလ တံခါးဖွင့်သံကြောင့် ရေဘုံဘိုင်ကို ပိတ်ပြီး နားစွင့်လိုက်သည်။

မမကြီးတို့ ညီအစ်မသုံးယောက်စလုံး မရှိကြ။ အပြင်ကို အားလုံးထွက်သွားကြသည်။ အိမ်တွင် ငွေလ တစ်ယောက်ထဲရှိသည်။

"အစ်ကို မိုးစက်များလား"

အတွေးနှင့်အတူ ရေချိုးခန်းထဲမှ ထွက်ခဲ့လိုက်သည်။

"ဟင်"

မမကြီးတို့အခန်းထဲသို့ ရိပ်ခနဲ ဝင်သွားသော ယောကျ်ားတစ်ယောက်။

"ဘုရားရေ သူခိုး သူခိုးပဲဖြစ်မယ်၊ အစ်ကိုမိုးစက်တော့ မဟုတ်လောက်ဘူး"

ငွေလကြံရာမရဖြစ်ပြီး မုန့်ဗီရိုပေါ်တွင် တင်ထားသော ဒံပန်းအိုးကို ဆွဲယူကာ ထိုလူဝင်သွားသော မမကြီးတို့အခန်းဆီသို့ ခြေခပ်ဖွဖွ နင်း၍ လျှောက်ဝင်လာလိုက်သည်။



ကြောက်စိတ်ကို ရဲဆေးတင်ထားရ၍ လူက ရင်တွေ တဒိတ်ဒိတ်ခုန်၍နေသည်။

သူခိုးကို ကိုယ်က ခေါင်းရိုက်မခွဲဘဲ သူခိုးက ကိုယ့်ကိုခေါင်းရိုက်ခွဲခဲ့လျှင် ဒါမှမဟုတ် တခြားနည်းတစ်ခုခုနှင့် တုန့်ပြန်ခဲ့လျှင် ဘယ့်နှယ်လုပ်ရပါ့။

တွေဝေနေလျှင် သူခိုးက လက်ဦးသွားနိုင်တာမို့ အံကိုခပ်တင်းတင်းကြိတ်ကာ ဗီရိုအံခွဲတွေကိုဖွင့်ပြီး တစ်စုံတစ်ခုကို မွှေနှောက်ရှာဖွေနေသော သူခိုးဆီသို့ အပြေးတစ်ပိုင်းလျှောက်သွားကာ လက်ထဲမှ ဖန်ပန်းအိုးဖြင့် အားကုန်လွှဲရိုက်လိုက်ပြီး

"ခွပ်"

"အား အောင်မလေးဗျ"

ခေါင်း၏နောက်စေ့ကို ထိထိမိမိ ရိုက်ခွဲလိုက်သည်။

သွေးတို့ မြင်မကောင်းအောင် ထွက်ကျလာသည်။

သွေးမြင်တော့မှ ငွေလ ပို၍ထိတ်လန့်ကာ လက်ထဲမှ ဖန်ပန်းအိုးကိုလွှတ်ချပြီး နံရံကို အထိတ်တလန့်ကျောမှီ၍ ကပ်လိုက်သည်။

"ဟော့ မင်းဘယ်သူလဲ၊ ဘာကြောင့် ငါ့ခေါင်းကို ရိုက်ရတာလဲ"

ထိုလူ သူ့ခေါင်းမှသွေးတွေကို လက်ဖြင့်ဖိသုတ်ပြီး ငွေလကို ဒေါသတကြီးမေးသည်။

"ရှင် ရှေ့တိုးမလာနဲ့နော်၊ တိုးလာရင် ကျွန်မ ရဲတိုင်လိုက်မှာ"

ပြောမယ့်သာ ပြောရသည်။ ခုနေ ငွေလကို ဒီလူတစ်ခုခု



www.burmeseclassic.com

လက်တုန့်ပြန်မည်ဆိုလျှင်တောင် ငွေလ ပြန်ခုခံနိုင်ပါ့မလား။

"အောင်မာ နင်ကများ ပြန်ပြီးပြောင်းပြန်၊ ငါကသာ နင့်တို့ရဲ့တိုင်မှာ"

"တိုင်လေ ရှင်က သူခိုးပဲ၊ သူခိုးမို့လို့ ရိုက်လိုက်တာပေါ့"

ငွေလ စကားကြောင့် ထိုလူ ပို၍ဒေါသထွက်သွားသည်။

"ဘာ ဘာပြောတယ် သူခိုး ဟုတ်လား"

"ဟုတ်တယ် လက်ပူးလက်ကြပ်မိတာတောင် ငါ သူခိုးမဟုတ်ဘူးလို့ မညာနဲ့"

"အောင်မာ အောင်မာ သူခိုးက လူဟာစ်လို့ ငါ့အိမ်ထဲ ငါဝင်လာတာလေ၊ ဘယ်သူ့ဆီက ခွင့်တောင်းရဦးမှာလဲ"

"ရှင့်အိမ် ဟုတ်လား"

"ဟုတ်တယ် ဒါ ငါ့အိမ်၊ မမကြီးတို့ မမလတ်တို့ ဘယ်သွားလဲ အား ကျွတ် ကျွတ် အား မင်းကို ရိုက်မှုနဲ့တရားစွဲမယ်"

"ငွေ ငွေလက မသိလို့ပါ၊ ရှင်က အသံမပေးဘာမပေးနဲ့ နံကြောင်နိုးဂုက် ဝင်လာတာကိုး"

ထိုလူ ခေါင်းမှ သွေးတွေကို အဝတ်စင်ပေါ်မှ အကျီတစ်ထည်ယူပြီး သုတ်လိုက်သည်။

"မင်းက ဘယ်သူလဲ အရင်က ဒီမှာမရှိဘူး၊ ငါ့အစ်မတွေနဲ့ ဘယ်လိုပတ်သက်ပြီး ရောက်လာတာလဲ"

"ငွေလက ဒီမှာအိမ်အကူ လာလုပ်တာပါ"





"အား ကျွတ် ကျွတ် လာကြည့်စမ်း ငါ့ခေါင်း တော်တော်ကွဲသွားလားလို့"

အိမ်အကူဟု ပြောလိုက်သည်နှင့် ထိုလူ့လေသံ ပို၍တင်းမာသွားသည်။ ငွေလ မရဲတရဲ လျှောက်သွားပြီး

"နည်းနည်းကွဲသွားတယ်ရှင့်"

နည်းနည်းမဟုတ် တော်တော်ကို ကွဲသွားတာဖြစ်သည်။ အကွဲကြောင်းရာ ဟက်ဟက်ကြီးကိုကြည့်ပြီး ငွေလ အသည်းတွေယားနေသည်။

"အား တောက် မမေးမစမ်းဘဲနဲ့ လူကိုချိန်ပြီး ရိုက်ရတယ်လို့"

"ငွေ ငွေလ ဆရာဝန်ဆီ ဖုန်းဆက်ပေးရမလား"

"နေပါ ကိုယ့်ဟာကိုယ် ဆေးထည့်မယ်"

"ဖြစ် ဖြစ်ပါ့မလား"

"ငါက ဆရာဝန်လောင်းပါ၊ ခုနေ ဆေးခန်းသွားကြည့် ဒီခေါင်းကွဲတဲ့ဒဏ်ရာက ရာဇဝတ်မှုမြောက်တယ် မင်းနားလည်လား"

ဘုတောနေသော ထိုလူ့ကိုကြည့်ပြီး ငွေလစိတ်ထဲ အားနာတာရော ကြောက်တာရော ရှုပ်ထွေးကာ ဘာလုပ်၍ ဘာကိုင်ရမှန်းမသိတော့။

နောက်ဆုံးတော့ ကိုယ့်ကိုကိုယ်ပဲ အပြစ်တင်ရတော့မှာပင်။ ဒီလူကရော အမှန်ဆိုရင် အသံလေးဘာလေး ပေးပြီး အိမ်ထဲဝင်သင့်တာပဲ။ ခုတော့ ဟိုညီအစ်မသုံးယောက်လာရင် ဘယ်လိုရှင်းရပါ့။

■ ■ ■

www.burmeseclassic.com

## အခန်း (၂၁)

"ညီညီကျော်"

"ဟဲ့ ဒါက ဘယ်လိုဖြစ်တာတုန်း"

"အမလေး ခေါင်းမှာပတ်တီးအဖွေးသားနဲ့ ဘယ်သူက ခေါင်း ရိုက်ခွဲလိုက်မှ အိမ်ကိုပြန်ရောက်လာတာလဲ"

အိမ်ထဲဝင်ဝင်ချင်း ညီအစ်မသုံးယောက် တစ်ယောက်တစ် ပေါက် မေးသံမြန်းသံတွေကြောင့် ထမင်းစားခန်းထဲမှာ ညနေစာပြင်ဆင် နေသော ငွေလ ရင်ထဲ ထိတ်သွားကာ အိမ်ရှေ့ဧည့်ခန်းထဲသို့ ကမူးကမော ထွက်ခဲ့လိုက်သည်။

ညီအစ်မသုံးယောက်စလုံး ပတ်တီးအဖွေးသားနှင့်လူကိုပြူး ကြည့်ပြီး တစ်ယောက်တစ်ခွန်း စကားတွေများကာ အမေးအမြန်းတွေ ထူနေကြသည်။





ငွေလအနားမှာ မင့်မရဲ သွားရပ်လိုက်သည်။ ဘယ်ကစပြော ရမှန်းမသိအောင်ကို တော်တော်လေး အခက်တွေ့ဟန်ဖြင့် ညီအစ်မသုံး ယောက်စလုံး၏အရိပ်အကဲကို ကြည့်နေရ၏။

"ပြောစမ်း မင်းဘယ်အချိန်က အချုပ်ကပြန်လွတ်လာပြီး ဘယ် သူနဲ့ရန်ဖြစ်လာလို့ ဘယ်သူက ခေါ်လိုက်သလဲ"

"ကျွတ် နာရတဲ့ကြားထဲ ဘာတွေလာမေးနေကြတာလဲဗျာ"

ညီညီကျော် မကွဲစဖူး ကွဲလိုက်ရ၍ စိတ်ထဲမှာသိပ်ကျေနပ်ပုံမရ။ ထို့ကြောင့် အစ်မတွေကို ဘုတောနေခြင်းဖြစ်သည်။

"ဟဲ့ မမေးလို့ရမလား"

"အဲ အဲဒါ ငွေ ငွေလကြောင့် ကွဲသွားတာပါ"

ငွေလ၏အပြစ်ဝန်ခံသံ ခပ်တိုးတိုးကြောင့် ညီအစ်မသုံးယောက် စလုံး မယုံနိုင်သောအကြည့်တွေဖြင့် ပြိုင်တူလှည့်ကြည့်လိုက်ကြသည်။

"ဘာရယ် ငွေ ငွေလက သူ ဒီဘဝရောက်အောင် လုပ်ခဲ့တာ ဟုတ်လား"

ငွေလ လန့်နေသည်။ သူတို့မောင်ကို ကွဲအောင်ခေါ်တဲ့ ငွေလ ကို သူတို့၏လက်သည်းချွန်ချွန်တွေနဲ့ ကုတ်ဖဲ့ကြလေမလား။

"ဟုတ် ဟုတ်ပါတယ် ဟိုလေ ငွေ ငွေလက အိမ်ထဲကို အသံ မပေးဘဲ ဝင်လာပြီး မမတို့အခန်းထဲဝင်သွားတော့ သူခိုးထင်ပြီး ခေါ် အဲ ရိုက်လိုက်မိတာပါ။ အဲဒီအတွက် ငွေလကို အပြစ်ပေးပါ"

မျက်ရည်လေးဝဲကာ အပြစ်ဝန်ခံသော ငွေလကိုကြည့်လိုက်



www.burmeseclassic.com

www.burmeseclassic.com



ခံလိုက်ရ၍ ရှက်နေသော မောင်ဖြစ်သူကိုကြည့်လိုက်နှင့် သူတို့သုံးဦးစလုံး ဓါးမျက်နှာပေါ်မှာ ရယ်ချင်ရိပ်တွေ ထင်ဟပ်လာကာ နောက်ဆုံးမှာ တဟားဟား တခွီးခွီးဖြင့် ရယ်ကြတော့၏။

ငွေလ ဘယ်လိုမှ နားမလည်။ အမှန်ဆို သူတို့အားလုံး ငွေလကို စိတ်ဆိုးကာ အပြစ်ဝိုင်းတင်ကြရမှာ။

"ဟာ ဘာရယ်ကြတာလဲ လျောင်တာလား"

ညီညီကျော် ဂျစ်ကန်ကန် ပြန်မေးသည်။

"အံ့သြတာပေ့ အံ့သြတာ ဆေးကျောင်းသားလည်းဆိုသေး ကိုယ့်ဂုဏ်သိက္ခာနဲ့မလိုက်ဖက်အောင် လူတကာနဲ့ရန်ဖြစ် လူတကာကို လက်ဦးအောင် ဆော်တတ်တဲ့ ငါ့မောင် ခုတော့ မိန်းကလေးတစ်ယောက်ရဲ့ အဆော်ကို ခံလိုက်ရလို့ ထိပ်ပေါက်ခေါင်းကွဲ ဖြစ်ရတယ်လို့ ရာဇဝင်ကို ပြောင်းပြန်ဖောက်ထိုးလုပ်ပစ်တာကွယ် မိန်ချက်ကတော့ ကမ်းကုန်"

"ဟို ငွေလလည်း မရည်ရွယ်ပါဘူးရှင် တောင်းလည်းတောင်း ပန်ပါတယ်"

"အို နီး နီး နီး တောင်းပန်ဖို့မလိုဘူး သူ့ကိုနိုင်တဲ့သူ ပေါ်လာလို့ ငွေလကို ကျေးဇူးတောင်တင်သေး ဟေး ဟေး ဟေး ဒါပဲနော် အချုပ်က လွတ်လာလို့ အိမ်မှာ ကောင်းကောင်းနေချင်နေ မနေရင်တော့ ကိုယ့် ထိုက်နဲ့ကိုယ့်ကံပဲ"

မောင်ကို တော်တော်ချစ်သော အစ်မများပါလား။ ကိုယ့်မောင် ထိပ်ပေါက်ခေါင်းကွဲဖြစ်တာ စိတ်မကောင်းမဖြစ်တဲ့အပြင် ဝမ်းတောင်





သာနေကြသေးသည်။

ဒါ့အပြင် သူတို့မှာ မောင်ရှိတယ်ဆိုတာ ငွေလကို တစ်ယောက်မှ လေသံတောင်မဟဘူးကြ။

ခုမှ ရိုက်မှုနှင့် အချုပ်ကျသွားသော ဆေးကျောင်းသား သူတို့ မောင်ရှိမှန်း သိရတော့သည်။

■ ■ ■

"ငွေလရောင်"

"ရှင်"

"ငါ ထမင်းစားမယ်"

"ဩော် ဟုတ်ကဲ့ပါ အစ်ကိုလေး။ ငွေလ ခုပဲ ထမင်းပွဲပြင်ပေး ပါမယ်"

"မြန်မြန်ပြင်နော်"

"ဟုတ်ကဲ့ ဩော် ဒါနဲ့ ခေါင်းကဒဏ်ရာ သက်သာလားဟင်၊ ဆေးထည့်ရင် ငွေလကိုပြောပါ ငွေလ ကူပေးမယ်"

ကိုယ့်ကြောင့် ရထားသည့် ဒဏ်ရာမို့ ဝတ္တရားအတိုင်းတော့ မေးလိုက်သည်။

ညီညီကျော် ရွတည်တည်နှင့် ပြန်ကြည့်သည်။ စိတ်ဆိုးသည့် အရိပ်တွေတော့ မရှိတော့။

"ရပါတယ် ငါ ဒီလိုခံစားလိုက်ရတာ အိမ်လုံတဲ့ခွေးလေးတစ် ကောင်ကြောင့်လို့ပဲ သဘောထားလိုက်ပါမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်"

ငွေလ ကြောင်အမ်းအမ်းဖြစ်သွားသည်။

ကိုယ့်ကို ချွေးနှင့်နှိုင်းလိုက်သည်ပေါ့။ ရှိစေတော့ ကိုယ်က မှားခဲ့တာကို။ သူ့ဘက်က ဒီထက်ဆိုးဝါးသော တုန့်ပြန်မှုတွေ ပြန်မလာတာကိုပဲ ငွေလ ကံကောင်းတာပါ။

"ဒါနဲ့ မင်း ဒီကိုရောက်တာ ဘယ်လောက်ကြာပြီလဲ"

"နှစ်လကျော်ပါပြီ"

"ငါ့အစ်မတွေနဲ့ရော တည့်ရဲ့လား"

"ရှင် ဟုတ် တည့်ပါတယ်"

"အဟက် ထူးဆန်းတာပဲ၊ ငါတို့အစ်မတွေ တော်တော်ဆိုးတာ ဘယ်လိုအိမ်ဖော်မျိုးခေါ်ခေါ် တစ်ပတ်မခံဘူး၊ သူတို့ရဲ့ဇီဇာကြောင်တဲ့ ဒဏ်ကို မခံနိုင်ကြလို့ သူတို့က ရစ်စရာမရှိရင် သူတို့ဆံပင်နဲ့ သူတို့လည်ပင်း ပြန်ရစ်ချင်ရစ်နေကြတဲ့သူတွေ"

"ငွေလကိုတော့ ညီမတစ်ယောက်လို စေတနာထားပြီး ဆက်ဆံပါတယ်"

"အေးလေ အဲဒါကိုက မယုံနိုင်စရာ၊ နောက်ပြီး သူတို့က ရုပ်ချောတဲ့မိန်းကလေးတွေနဲ့ဆိုရင် မနာလိုစိတ်အားကြီးတယ်၊ မင်း ဒီလောက်လှတာကို သူတို့မနာလိုမဖြစ်တာ တော်တော်လေး အံ့ဩစရာကောင်းနေပြီ"

အမ်မတွေကို ဝေဖန်နေသော ညီညီကျော့စကားကြောင့် ငွေလ





ငြိုးလိုက်သည်။ ငွေလမှာ သူတို့ပြဿနာမရှာနိုင်လောက်သည့် အဓိက သော့ချက်ကြီးက ရှိနေပြီပဲ။

ငွေလကို မိုးစက်သာမကူညီလျှင် ရှုကြောင်ကြောင် အပျိုကြီး သုံးယောက်ကြားမှာ ငွေလဘဝ မတွေးရဲစရာ။

ခုလိုအခြေအနေမျိုးကို ဖန်တီးပေးထားသော မိုးစက်ဟာ ငွေလ ဘဝရဲ့အားကိုးရာ တံတိုင်းကြီးတစ်ခုလိုပါပဲ။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၂)

"ကျွန်တော့်ကို ဒီဆိုင်လေးလာဖို့ ခေါ်တာ ဘာကိစ္စရှိလို့လဲ မမရှင်းရှင်း"

အရွယ်နှင့်မလိုက်အောင် မျက်နှာကိုပြင်ဆင်ခြယ်သထားသော မမရှင်းရှင်းကိုကြည့်ပြီး မိုးစက် ရယ်ချင်စိတ်ကို မနည်းထိန်းနေရသည်။

သူတို့ညီအစ်မသုံးယောက်စလုံး မိုးစက်ကို အထာပေးနေသည် ဆိုတာ မိုးစက် သိသားပဲ။ တမင်ပင် မသိချင်ဟန်ဆောင်ပြီး ပြောခြင်း ဖြစ်သည်။

"ဘာရယ်တော့မဟုတ်ပါဘူး၊ ဒီဆိုင်က အကင်က အရမ်းစား ကောင်းလို့ မောင်လေးကို ကျွေးချင်တယ်လေ၊ ဒါကြောင့် သတိတရနဲ့ ခေါ်လိုက်တာပါ"

စိတ်ထဲမှ ကျွတ်ခနဲ စုတ်သပ်လိုက်သည်။ လူကိုများ သူတို့လို





အားယားနေတယ်ဟုများ ထင်သလားမသိ။

"ဩော် ဟုတ်လား ကျေးဇူးပဲ မမရှင်းရှင်း"

"ကြည့် ကျေးဇူးတင်စရာလားလို့ မောင်လေးနဲ့မမကြားမှာ ကျေးဇူးဆိုတာ မရှိကြေးပါနော်"

ငြုတုတုဆိုလာသော စကားကြောင့် ဝတ္တရားအရ ပြုံးလိုက် သည်။

"ဩော် ဒါနဲ့ တစ်လက်စထဲ မမရှင်းရှင်း မင်းဆီက အကူ အညီတစ်ခုတောင်းချင်တယ်ကွယ်"

"ဗျာ ဟုတ်ကဲ့ တောင်းပါ"

"ဒီလိုပါ မိုးစက်ရယ် မမကိုလေ လူတစ်ယောက် အသည်း အသန် လိုက်နှောင့်ယှက်နေတယ်ကွယ်"

"ဟင် ဟုတ်လား ဘာလို့လိုက်နှောင့်ယှက်ရတာလဲ၊ အဲဒီလူက မူးနေလို့လား ဒါမှမဟုတ် မမရှင်းရှင်းရဲ့ရည်းစားဟောင်းလား"

"အို ဘယ်ကလာကွယ် မမမှာလေ ရည်းစားဆိုလို့ မူလို့တောင် ရှူစရာမရှိပါဘူး ဘုရားပေးပေး ကျမ်းပေးပေးပါ"

"ဒါဆို မမကိုကြိုက်မယ့် လူတစ်ယောက်မှ မရှိဘူးပေါ့ အဲလို လား"

ထိုသို့သောအထင်မျိုးကိုတော့ အမှန်တရားဖြစ်နေပါစေ အထင် မခံနိုင်။

"အဲလိုလည်း မဟုတ်ဘူး၊ မမက ယောကျ်ားဆိုရင် စိတ်ကို



www.burmeseclassic.com

www.burmeseclassic.com



မဝင်စားတာ"

"တော်ပါသေးရဲ့"

ထိုစကားကို မိုးစက် စိတ်ထဲက ပြောလိုက်ခြင်းသာ ဖြစ်သည်။

"ဒါကြောင့် မမကို တွဲပါလားဟင်"

"ဗျာ တွဲရမယ် ဟုတ်လား၊ ခြေထောက် ဘာဖြစ်လို့ တွဲရမှာလဲ မမ"

"ညှောင့်ဆူးလို့ အယ် မ မဟုတ်တာတွေ ပြောမိပြန်ပြီကွယ်"

စကားတွေ အယောင်ယောင်အမှားမှားတွေဖြစ်ကုန်သည်မို့ လူကြီးရှက်တော့ရယ်ဆိုသလို တခိခိရယ်လိုက်ပြီး

"ဒီလိုကွဲ့ အဲဒီဂျော်နီကောင်းစံဆိုတဲ့ လူကြီးကလေ မမကိုမှ မရရင် သူ့ဘဝ ဆုံးပြီတဲ့"

"ဒါဆိုရင် ကျော်သူခေါ်ပေးလိုက်ပေါ့ မမရယ်"

မိုးစက် ရုပ်ကြွမ်းကြီးနဲ့ နူပြနေသော ရှင်းရှင်းကို ရွဲ့လိုက်ခြင်း ဖြစ်သည်။

"အာ အဲဒီကျော်သူခေါ်ရုံနဲ့ မပြီးဘူး၊ မမဆီကအချစ်နဲ့မှ သူ့ ဘဝ ပြန်ရှင်သန်နိုင်မှာတဲ့"

"ဒါဆိုလည်း ကုသိုလ်ရပါတယ် မမရယ် အဲဒီအချစ်ကို ဒါနပြုလိုက်ပေါ့"

"အို ကိုယ်မှမချစ်တာ မပြုနိုင်ပါဘူး၊ မမနှလုံးသားက ချစ်သောသူတစ်ယောက်အတွက်ပဲ လုံးဝ သီးသန့်"





"သြော်"

"မသြော်နဲ့ ရော့ မမကို အမှတ်တရဓာတ်ပုံရိုက်ပေး"

"ဗျာ ဟုတ်ကဲ့"

လှမ်းပေးသော ဖုန်းကို လှမ်းယူပြီး အကင်စားရင်း ပို့စ်အမျိုးမျိုးပေးနေသော ရှင်းရှင်းကို ဓာတ်ပုံရိုက်ပေးလိုက်သည်။

"တို့နှစ်ယောက် အမှတ်တရ ရိုက်ရအောင်နော်"

မိုးစက်ဆီမှ ဖုန်းကို လှမ်းယူပြီး မိုးစက်ဘက်သို့ ပြောင်းထိုင်၍ ခေါင်းကိုမှီကာ သူ့စိတ်သူ့သဘောနှင့် ရိုက်လိုက်သည်။

တားချင်ပေမယ့် အားနာစိတ်ရှိသူဖြစ်၍ အောင့်သက်သက်ဖြင့်သာ ငြိမ်နေလိုက်ရသည်။

"ဟယ် ဓာတ်ပုံထဲမှာ တကယ့်အတွဲကျနေတာပဲနော်၊ မြင်ရတာ ကြည်နူးစရာပဲကွယ် မောင်လေးက တကယ်ချောတာပါကွယ် ဒါကြောင့်လည်း မမ ရင်ခုန်မိတာပေါ့"

ရေလာဖို့မြောင်းပေးရုံတင်မဟုတ် မရှာသောရေကို အတင်းမော်တာနှင့်စုပ်ယူနေသော ရှင်းရှင်းစကားကြောင့် မိန်းကလေးတစ်ယောက်လို အနေခက်ရသူက မိုးစက်ပင်ဖြစ်သည်။

ဒီလိုမိန်းမကြီးမျိုး တွဲမိနေနေသာသာ ခုလိုကော်ဖီဆိုင်တို့ အကင်ဆိုင်တို့မှာ နှစ်ယောက်အတူတူထိုင်တာကိုပင် လွန်လှပြီဟု ခပ်တိတ်တိတ်တွေးလိုက်သည်။

ရှေ့ဆက်ပြီး ဒီညီအစ်မသုံးယောက်ကို ဘယ်လိုရှောင်ရှားရမည်မလဲ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၃)

"ရှင် ငွေလ ဒီကနေ အလုပ်ထွက်ရမယ် ဟုတ်လား"

"ဟုတ်တယ် ဒီအလုပ်ထက်ကောင်းတဲ့အလုပ်ကို ရှာပေးမှာမို့လို့ ဒီကနေ ငွေလ အလုပ်ထွက်ရမယ်"

သဘောကောင်းပြီး လစာကောင်းကောင်းရသော ဒီအလုပ်ကို နှမြောမိသည်။

"နောက်အလုပ်က ဘာလုပ်ရမှာလဲအစ်ကို၊ နေစရာရော ပေးမှာ မို့လားဟင်"

"နေစရာရတဲ့အလုပ်မျိုး ရှာကြည့်ရမှာပေါ့"

"ငွေလ ဒီမှာနေရတာလည်း အဆင်ပြေနေတာပဲ အစ်ကိုရယ် အစ်ကိုမျက်နှာကြောင့် ငွေလကို အားလုံးက အရေးပေးကြတယ်





သူတို့ရဲ့ ညီမတစ်ယောက်လိုပေါ့"

ငွေလစကားကြောင့် မိုးစက် မျက်နှာရှုံ့မဲ့ကာ သွားပြီး

"အဲဒီကိစ္စကြောင့် ငွေလကို အလုပ်ပြောင်းပေးမယ်လို့ ပြောတာပေါ့၊ မင်းအတွက် အားလုံးအဆင်ပြေပေမယ့် ကိုယ့်အတွက်တော့ အဆင်မပြေလှဘူး"

ခပ်ညည်းညည်း ပြောလိုက်သော မိုးစက်စကားကြောင့် ငွေလ မျက်လုံးလေးဝင့်ကာ နားမလည်ဟန်ဖြင့်

"ဘာဖြစ်လို့ အဆင်မပြေတာလဲ အစ်ကို"

"အဲဒီညီအစ်ခတွေကြောင့်လေ"

ဒီတော့မှ သဘောပေါက်သွားဟန်ဖြင့် ငွေလ ခစ်ခနဲ ရယ်လိုက်သည်။

"ဟော့ ဘာရယ်တာလဲ"

"ရယ်ချင်လို့ပေါ့ အစ်ကိုရယ်၊ အစ်ကို့မှာ စန်းပွင့်တာကို သဘောမကျဘူးပဲ"

"ပြော် ဒီလိုမိန်းမကြီးမျိုးတွေ ဝိုင်းကြိုက်ခံရတာကို သဘောကျစရာလား၊ စိတ်ပျက်စရာကြီး ငွေလတို့လို ငယ်ငယ်ရွယ်ရွယ် လှတပတလေးတွေဆိုရင်တော့ ဟုတ်တာမဟုတ်တာအပထား အလိုက်အထိုက်လေး ဆက်ဆံလို့ရသေးတယ်၊ ခုတော့ သူတို့ကို တွေ့တာနဲ့ ကိုယ့်တဝင်းကျားမကြီးသုံးကောင်ရဲ့အလယ်ကိုရောက်နေတဲ့ သမင်ပျိုထီးလေးတစ်ကောင်လို ကြက်သီးထရမဲ့ရော"



www.burmeseclassic.com

www.burmeseclassic.com



ငွေလထံမှ ခစ်ခနဲ ရယ်သံထွက်လာသည်။

"မရယ်နဲ့ တကယ်ပြောမှန်း ငွေလ သိပါတယ်၊ ဒါပေမဲ့ အစ်ကို ပြောပုံနဲ့ အစ်ကို့အမူအရာက ရယ်စရာကောင်းနေလို့ပါ"

"ငွေလရောင်"

နှစ်ယောက်သား ရယ်နေကြရင်းမှ ခပ်ထန်ထန် ခေါ်လိုက်သော ညီညီကျော့အသံကြောင့် ပြိုင်တူလှည့်ကြည့်လိုက်ကြသည်။

"နင်ဘာလုပ်နေတာလဲ"

မေးပုံကိုက အထက်စီးနင်းဆန်သည်ဆိုတာ မိုးစက် သတိပြုမိသည်။

"ဟို့ အစ် အစ်ကို့နဲ့ စကားပြောနေတာပါ၊ ဘာလုပ်ပေးရမလဲ အစ်ကိုလေး"

"ဒါ ကော်ဖီသောက်မယ် ပြီးရင် ငါ့အခန်းထဲကို လာပို့ ရေချိုးခန်းထဲမှာ ငါ့အတွင်းခံဘောင်းဘီနဲ့ဖိနပ် ချထားတယ်၊ အဲဒါ လျှော်ပေး"

မိုးစက်စိတ်ထဲ ဒေါသတွေ ထောင်းခနဲ ထိုးထွက်၍လာသည်။ ကျောခိုင်းထွက်သွားသော ညီညီကျော့ကို မနှစ်မြို့စွာကြည့်ရင်း

ဘာလဲဟ မိန်းမပျိုတစ်ယောက်ကို အတွင်းခံဘောင်းဘီလျှော်ခိုင်းစရာလား။ ဒီလူ တော်တော် အသိစိတ်ခေါင်းပါးတာပဲ။

လက်သီးနှစ်ဖက်ကို ကျစ်ကျစ်ပါအောင်ဆုပ်ပြီး ထိုင်နေရာမှ ထပြီး ပြောဖို့ဟန်အပြင် ငွေလ မသိမသာလှမ်းဆွဲလိုက်သည်။

"အစ်ကို ဒီမှာ ထိုင်စောင့်ဦးနော် ငွေလ သွားလုပ်ပေးလိုက်





ဦးမယ်"

"မလုပ်ပေးနဲ့တော့ ငွေလ လာ ခုပဲ လိုက်ခဲ့တော့"

စိတ်လိုက်မာန်ပါ အတင်းဆွဲခေါ်နေသော မိုးစက်ကို ဖြေသိမ့်ပြုံး ပြုံးကာ

"စိတ်ကိုလျှော့ပါ အစ်ကို၊ ဒီအလုပ်တွေက ငွေလ လုပ်ရမယ့် အလုပ်တွေလေ၊ ငွေလက ဒီအိမ်ရဲ့အိမ်အကူမဟုတ်လား၊ ဒါကြောင့် ဒီအိမ်ကလူတွေရဲ့ဝေယျာဝစ္စမှန်သမျှ ငွေလနဲ့ပဲဆိုင်တာပါ"

"သူက ဘယ်သူမို့လဲ ကိုယ်သိထားတာ ဒီအိမ်မှာရှိနေတဲ့သူက ပေါချာချာအပျိုကြီးသုံးယောက်ပဲ၊ မဟုတ်မှလွဲရော ဒီလူက သူတို့ညီအစ်မ သုံးယောက်ထဲက တစ်ယောက်ယောက်နဲ့ ပတ်သက်နေတဲ့လူပဲဖြစ်ရမယ်"

အမြင်ကတ်ကတ်နှင့် ထင်ကြေးဖြင့် ရမ်းတုတ်လိုက်သည်။

"မဟုတ်ဘူး အစ်ကိုရဲ့၊ အဲဒီလူက သူတို့ရဲ့မောင်တဲ့၊ ဆေးကျောင်းတက်နေရင်း လူတစ်ယောက်ကို သတ်လိုက်လို့ဆိုလား ရိုက်လိုက်လို့ဆိုလား အဲဒီကတည်းက ထောင်ကျသွားတာ၊ ခုမှ ထောင်ကလွတ်လာတာ အစ်ကိုရဲ့"

"ဒါပေမဲ့ ဘာပဲဖြစ်ဖြစ် ငွေလကို ဒီမှာထားတာ စိတ်မချတော့ဘူး၊ မလုံခြုံတော့ဘူး"

စိတ်ပူပြီးပြောမိသော မိုးစက်စကားကြောင့် ငွေလရောင်ရင်ခွင်၌ အမည်မဖော်ပြနိုင်သော ခံစားမှုတစ်ခု လှိုက်ခနဲ တိုးဝင်လာသည်။

ငွေလကို စိတ်မချဘူးတဲ့လား။ ဒါဟာ မိုးစက်ခေါင်းထဲက ရုတ်



www.burmeseclassic.com

www.burmeseclassic.com



တရက်ထွက်ပေါ်လာသော ခံစားမှုအစစ်အမှန်ဆိုတာကိုတော့ ငွေလ ယုံပါသည်။

"ငွေလ ကိုယ့်ကိုကိုယ် ထိန်းပါ့မယ် အစ်ကို ခ ခဏလေးနော် ငွေလ သွားလုပ်ပေးလိုက်ဦးမယ်၊ အစ်ကိုမပြန်နဲ့ဦး။ မမထင်းထင်းက သူ ပြန်လာအောင် စောင့်ပါတဲ့"

ပြောပြေးလေးပြောကာ အိမ်ထဲ လှစ်ခနဲ ပြေးဝင်သွားသော ငွေလ၏နောက်ကျောပြင်ကို ငေးကြည့်ကျန်ရစ်ပြီး မိုးစက် သက်မမော တစ်ချက်ကို ဟင်းခနဲ ချလိုက်သည်။

ငွေလအတွက် ဘာကြောင့်သောကတွေ မွေပေးနေရသလဲ။ ငွေလရှေ့ကို ဘွားခနဲ ပေါ်လာသည့် ထိုလူ့ကြောင့် ငွေလကို စိတ်မချ ဖြစ်သွားမိသော ကိုယ့်စိတ်ကိုလည်း ကိုယ် နားမလည်နိုင်။

ငွေလအပေါ်မှာထားသည့် ကိုယ့်ခံစားချက်တွေ မှရောမှန်ပါ တော့မလား။

ခုချိန်မှာ ကိုယ့်စိတ်ကို ပြန်ဆန်းစစ်ဖို့ လိုလာပြီထင်သည်။

■ ■ ■

## အခန်း (၂၄)

"ကော်ဖီရပြီ အစ်ကိုလေး"

ခုတင်ထက်တွင် ခေါင်းအုံးကျောမှီကာ စာဖတ်နေသော ညီညီ ကျော်လက်ထဲမှ စာအုပ်ကိုချကာ ငွေလ လှမ်းပေးသော ကော်ဖီခွက်ကို လှမ်းယူလိုက်သည်။

"ခါးခါးလေး ဖျော်လာလား"

စောစောကလောက် လေသံမမာတော့။ နူးညံ့သယောင်ယောင်။

"ဟုတ်ကဲ့ အစ်ကိုလေးအကြိုက် ခါးခါးလေး ဖျော်လာပါတယ်၊ ငွေလ အစ်ကိုလေးနောက်တစ်ခုခိုင်းထားတာ လုပ်လိုက်ဦးမယ်"

အတွင်းခံဘောင်းဘီနှင့် ရှူးဖိနပ်ခေါးဖို့အတွက် ငွေလ လှည့် ထွက်မည်အပြု





www.burmeseclassic.com

www.burmeseclassic.com



"ဘာမှလျှော်စရာ မရှိဘူး"

"ရှင်"

"ဟုတ်တယ် ငါက မင်းလိုမိန်းမပျိုလေးကို ငွါအတွင်းခံ လျှော်နိုင်းစရာလားကွ၊ ငါ အဲလောက် အကြင်နာတရား မခေါင်းပါးဘူး"

ညီညီကျော် စိတ်ကို ငွေလ တကယ်ပင် နားမလည်နိုင်တော့။

"ဟုတ်ကဲ့ ဒါဆို ငွေလ သွားတော့မယ်"

"နေဦး"

အခန်းထဲမှ လှည့်ထွက်ဖို့ဟန်ပြင်နေသော ငွေလ ခြေလှမ်းတွေ တုံ့သွားသည်။

"ရှင် ဘာခိုင်းမလို့လဲ အစ်ကိုလေး"

"စာအုပ်ဗီရိုကိုရှင်းပေး"

ညီညီကျော် တမင်ပင် အလုပ်မရှိအလုပ်ရှာခိုင်းနေခြင်း ဖြစ်သည်။

"ဟုတ်ကဲ့ အစ်ကိုလေး"

မငြိုငြင်သော မျက်နှာဖြင့် စာအုပ်ဗီရိုကိုရှင်းဖို့ တိုင်မှာချိတ်ထားသော ကြက်မွေးကို ယူလိုက်သည်။

"ဒါနဲ့ စောစောကကောင်က ဘယ်သူလဲ"

မနာလိုရိပ်ပါနေသော အမေးကြောင့် ငွေလ ညာလက်စဖြင့် ဆက်ညာလိုက်သည်။

"ငွေလ အစ်ကိုပါ"





"သူက ဘာလာလုပ်တာလဲ"

"မမထင်းထင်း ခေါ်ထားလို့ပါ"

"ဘာလုပ်ဖို့ ခေါ်ထားတာလဲ"

"ဖုန်းဆော့ဝဲလ် ထည့်ခိုင်းမလို့ဆိုလားပဲ"

ကျိန်းသေ မသိသဖြင့် ထင်တာကိုပဲ မှန်းပြောလိုက်သည်။

"မမတို့နဲ့ ဘယ်တုန်းက သိတာလဲ"

"ငွေလည်း မသိပါဘူး"

မသိဘူးဟုပဲပြောကာ ဖုန်တက်နေသော စာအုပ်တွေကို ကြက်မွေးဖြင့် ဖုန်ခါလိုက်သည်။

ငွေလ၏လှုပ်ရှားမှုမှန်သမျှကို ကော်ဖီသောက်ရင်း တစိမ့်စိမ့် ကြည့်နေသော ညီညီကျော့်ရင်ထဲတွင် ငွေလကို နှစ်သက်မြတ်နိုးမိသော စိတ်တွေ တဖွားဖွား တိုးပွေ့ဝင်လာသည်။

ဘဝမှာ မိန်းမတစ်ယောက်နှင့်ပတ်သက်ပြီး ခံစားမှုတွေ ထူးခြားနေတာဟာ ဒီတစ်ကြိမ် ပထမဆုံးပင်ဖြစ်သည်။

ရုပ်ကလေးလှပြီး အိမ်အကူလုပ်နေသည့် မိန်းကလေးတစ်ယောက်၏ဘဝလေးကို ငြိမ်းအေးမှုတွေ ပေးချင်သည်။

မပြည့်စုံသော ဘဝလေးကို ပြီးပြည့်စုံသောဘဝလေးဖြစ်အောင် ဖန်တီးပေးချင်သည်။

"မဖြစ်နိုင်ဘူး နင်နဲ့မိုးစက် ငြိသွားပြီဆိုတာ လုံးဝ မဖြစ်နိုင်ဘူး"

www.burmeseclassic.com



"ရှင်းရှင်းက မဟုတ်တဲ့နဲ့ မိန်းကလေးတန်မဲ့ ညာပြောပုံမလား ဘွင်းဘွင်းရယ်"

ချောတိုင်ထိပ်ပေါ်ရောက်အောင် တက်နိုင်သည့် အောင်နိုင်သူ အပြုံးနှင့် ပြောနေသော ရှင်းရှင်းကိုကြည့်ပြီး ဘွင်းဘွင်းတင်မယုံတော မဟုတ် ထင်းထင်းပါ ခေါင်းတခါခါ နှုတ်ခမ်းတမဲ့မဲ့။

"အဟက် နောက်ဖေးချောင်ထဲမှာ ရေမရှိဘူးဆိုတာ ယုံချင် ယုံမယ် ရှင်းရှင်းရယ် ထင်းထင်းကတော့ လက်တွေ့မြင်မှ ယုံမယ်၊ အဲလို ပြောကြစတမ်းဆိုရင်လေ ထင်းထင်းလည်း မိုးစက်နဲ့ငြိနေပြီ"

"ညည်းတို့မဟုတ်တာမပြောနဲ့ မိုးစက်ကို ငါ ချိန်ထားပြီးသား"

ဘွင်းဘွင်း ဆွေ့ဆွေ့ခုန်နေသည်။

"ဘာနဲ့ချိန်တာလဲ"

"အမြောက်နဲ့ အဲ ဘာ ဘာတွေလာမေးနေတာလဲ ရှင်းရှင်းနဲ့ ထင်းထင်း နင်တို့ငါ့ကို လှောင်မနေနဲ့"

"မလှောင်ပါဘူး ဘွင်းဘွင်းက ချိန်ထားတယ်ဆိုလို့ ဘာနဲ့ ချိန်သလဲဆိုတာ သိချင်လို့မေးကြည့်တာ"

"ချိန်တယ်ဆိုတာ ရည်ရွယ်ထားတာကိုပြောတာ၊ ငါ့အရွယ်က အိမ်ထောင်ပြုသင့်နေပြီ၊ နောက်ပြီး ငါကအကြီးဆုံး"

"သိပါတယ် မမကြီး ကြီးတာ"

ရှင်းရှင်း ခပ်ရွှတ်ရွှတ် ပြန်ပြောသည်။

"ဟဲ့ အသက်ကြီးတာကိုပြောတာ၊ မဆိုင်တာကို ဆွဲမထည့်နဲ့





အဓိကကိုပြော"

"အင်းလေ အဓိကကိုပဲပြောတာ ညီအစ်မသုံးယောက်ထဲမှာ မမကြီးက အကြီးဆုံး အသက်ကိုပြောတာ နိ နိ"

"အေး ဒါဆိုရင် ငါကအရင်ဆုံး အိမ်ထောင်ပြုရမယ်၊ ငါ့ကို ကျော်ပြီး အိမ်ထောင်ပြုမယ် စိတ်မကူးနဲ့"

"ဘာဆိုင်လဲ"

"ဆိုင်တယ်"

"နောက်ကားကျော်တက်ရင် လူပြောစရာဖြစ်မယ်၊ ငါက အစွမ်းအစမရှိတဲ့သူဆိုပြီးတော့လေ"

"ဒါဆို မမကြီး အရင်လက်ထပ်လေ၊ မိုးစက်ကလွဲပြီး ဘယ်သူ့ ကိုယူယူ သဘောတူတယ်"

ထင်းထင်း ပေကပ်ကပ် ပြောလိုက်သည်။

"အယ် ငါက မိုးစက်နဲ့ပဲ လက်ထပ်မှာ"

"နိုး"

"မရဘူး"

"ငါကလည်း မိုးစက်မှမိုးစက်"

"ဒါပေမဲ့ မိုးစက်က ရှင်းရှင်းချစ်သူ ဖြစ်သွားပြီလေ မယုံရင် သက်သေပြမယ်"

"ပြ"

"ပြမယ် ပြဦးမှာ"



www.burmeseclassic.com

www.burmeseclassic.com



ရှင်းရှင်း သူ့လက်ကိုင်ဖုန်းထဲမှာ ရိုက်ထားသော ဓာတ်ပုံကို ဖွင့်ပြလိုက်သည်။

ဘွင်းဘွင်းရော ထင်းထင်းရော မျက်နှာပေါ်မှာ မနာလိုရိပ်တွေ လွှမ်းကာ

"ဒီဓာတ်ပုံလောက်နဲ့ ယုံမယ်ထင်လား"

"မယုံရင်လည်း မတတ်နိုင်ဘူး"

"နင် လာလုပ်စားနေတာ အသိသာကြီးပါ ရှင်းရှင်းရယ် ငါတို့က အဲဒီအခြေအနေထက်ကို ပိုရင်းနှီးပြီးသား"

"ဒါဆို သက်သေပြလေ ရှင်းရှင်းလိုတော့ဓာတ်ပုံနဲ့သက်သေ ပြလို့ မရဘူး။ လက်တွေ့မျက်ဝါးထင်ထင်မြင်ရမှ ယုံမှာ"

ထင်းထင်းစကားက ဘွင်းဘွင်းရဲ့မခံချင်စိတ်တွေကို နှိုးဆွနေ သလို ဖြစ်နေ၍ ဘွင်းဘွင်း ရဲရဲကြီး ကတိပေးကာ

"ပြမယ် ငါ လက်တွေ့ပြရင် နင်တို့ မိုးစက်ကို စိတ်နဲ့တောင် မပြစ်မှားကြနဲ့ ဘယ်လိုလဲ"

"လက်တွေ့သာ ပြစမ်းပါ"

"ဟုတ်ပြီ ဒါဆိုရင် မနက်ဖြန် ငါနဲ့မိုးစက်တွေ့ရောရှိတယ် နင်တို့ ငါစောင့်ခိုင်းတဲ့နေရာမှာစောင့်ပြီး ငါတို့အခြေအနေကို ခိုးကြည့် အဲ ပေါ်တင်တော့ မကြည့်နဲ့နော်"

"ရတယ် ခိုးကြည့်တာကို ဝါသနာပါပြီးသားမို့ မမကြီးတို့ ဘယ် လိုတွေ အီစီကလီပေးမလဲဆိုတာကို တစ်နေရာကနေ ချောင်းကြည့်မယ်





မဟုတ်ရင်တော့ ထပ်ပြီးမမျှော်နဲ့တော့နော် ခပ်ဝေးဝေးနေ မိုးစက်ကို ခတ်ကလေးအဖြစ် ချစ်နိုင်ဖို့ပဲ ကြိုးစားတော့"

"အဟက် စိန်လိုက်လေ မဟုတ်လို့ကတော့ နင်တို့လည်း ခဲအို လို့ခေါ်ဖို့ ပါးစပ်ပြင်ထားတော့"

"အမလေး ပါးစပ်တွေ ယားလိုက်တာ"

"ခွေးလယားသီးငုံထားလိုက်လေ"

စိတ်လိုက်မာန်ပါ စိန်ခေါ်လိုက်ပေမယ့် ဘွင်းဘွင်း ဘယ်လို ထုပ်ရပ်ရပါ့မလဲ။ ဘယ်လိုနည်းလမ်းကို သုံးရပါ့မလဲ။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၅)

"ဗျာ ကျွန်တော်က မမပခုံးကိုဖက်ပြီး မမပါးကို နမ်းရမယ် ဟုတ်လား"

ကြားလိုက်ရသည့်စကားကြောင့် မိုးစက် ကြက်သီးမွေးညင်း ထသွားသည်။ ဖွဟဲ့ လွဲပါစေ ဖယ်ပါစေဟု စိတ်ထဲကနေ အယောင်ယောင်အမှားမှားတွေးလိုက်သေးသည်။

"ဟို ဒါက ဒီလိုရှိတယ် မောင်လေးရဲ့၊ မနေ့က မမတို့ကိုးကွယ်တဲ့ ဗေဒင်ဆရာကြီးက ပြောတယ်၊ မမကို ခန္ဓာပျက်ကိန်းရှိတယ်တဲ့"

"အဲ အဲဒီတော့"

"ဒဏ္ဍာရီထဲက ဇာတ်လမ်းတွေလိုပေါ့ မောင်လေးရယ် မမကြီးကလေ အဖိုဓာတ်လိုနေတာတဲ့"

"ဗျာ အဖိုဓာတ် ဟုတ်လား"

"အင်း"





"ကျွန်တော် ကြားဖူးတဲ့ဓာတ်ကြီးလေးပါးထဲမှာ အဖိုဓာတ် ဆိုတာ မကြားဖူးပါဘူး"

"မကြားဖူးတာ ကောင်းပါတယ်ကွယ်၊ အဲ အဲဒီ အဖိုဓာတ် ကလေးနဲ့ ယတြာချေလိုက်မယ်ဆိုရင်တဲ့ မမရဲ့ခန္ဓာပျက်ကိန်းညွှန်းတမ်း ကလည်း သူ့အလိုလို ကျိန်စာပျယ်သွားရောတဲ့"

"ဒီလိုယတြာမျိုးကို ဆရာက ဘာကြောင့် ပေးတာလဲ"

"မမရဲ့အသက်အန္တရာယ်ကြောင့်ပေါ့ကွယ်"

မိုးစက် စိတ်ပျက်လက်ပျက်ဖြင့် ခေါင်းကုတ်လိုက်သည်။

"လုပ်ပါ မောင်လေးရယ် ဒီတစ်ကြိမ်လေးပါ"

အနားသို့ တိုးကပ်ကာ ခပ်တိုးတိုးဆန္ဒတောင်းခံနေသော ဘွင်း ဘွင်းကိုကြည့်ပြီး မိုးစက် ဘယ်လိုငြင်းရပါ့။ ပေါက်ကရလေးဆယ်တွေ ဖြင့် ယတြာချေခိုင်းလိုက်သော ဗေဒင်ဆရာကိုသာ ခပ်တိတ်တိတ်ကျိန်ဆဲ လိုက်တော့သည်။

"မောင်လေး လုပ်ပါတော့ ဒီနေ့ စနေနေ့လည် ၁ နာရီတိတိ မှာ တိတိကျကျလုပ်ရမှာ အချိန်လွဲလို့ လုံးဝမရဘူး"

ခါးကိုသိမ်းဖက်ကာ ညုတုတုပြောလာသော ဘွင်းဘွင်း၏မျက် နှာကိုကြည့်ပြီး မိုးစက်ရင်ထဲမှာ ဖျို့ချင်သလို အန်ချင်သလိုနှင့် ကြီးမား လှသောဒုက္ခ ဘယ်တော့အဆုံးသတ်မှာလဲ။

■ ■ ■

"အောင်မလေး ပခုံးလေးဖက်ပြီး နမ်းနေပုံထောက်ရင်တော့ သေချာပါပြီ သူတို့နှစ်ယောက် လုံးဝကိုငြိသွားပြီဆိုတဲ့သဘောပေါ့ ဟုတ်



www.burmeseclassic.com

www.burmeseclassic.com



လား ဘုရား ဘုရား ငါ့အသည်းတွေတော့ အစိမ်းပုတ်ရောင်သွေးစ်မ်း ရှင်ရှင်တွေ ထွက်ကုန်ပါပြီ''

''အို မမရှင်းရှင်း ဒီလိုလွယ်လွယ်နဲ့ အရှုံးပေးမလို့လား။ ထင်း ထင်းကတော့ မိုးစက်ကိုမှမရရင် ဘယ်သူ့ကိုမှ မယူဘူး''

''ဒါပေမဲ့ သူတို့က နမ်းတဲ့အဆင့်တောင် ရောက်နေပြီလေ၊ အမလေးနော် ငါတို့ သူ့ကိုလျှော့တွက်ခဲ့မိတာ မှားတာပဲ''

''နမ်းတဲ့အဆင့်ရောက်တာ အတူအိပ်တဲ့အဆင့်ရောက်တာမှ မဟုတ်တာ''

''ဟင် ဒါဆို နင် နှင် မဟုတ်မှလွဲရော အဲဒီလိုကြံစည်မယ် ပေါ့''

ရှင်းရှင်းအမေးကို မထိမဲ့မြင်အပြုံးဖြင့်ပြုံးကာ

''ပြောစရာလား မမရှင်းရှင်းကလည်း မစွန့်လွှတ်နိုင်ဘူးဆိုရင် ကိုယ့်အစီအစဉ်နဲ့ကိုယ်လှုပ်ရှား ထင်းထင်းကိစ္စ ဝင်မပါနဲ့''

''သြော် နင်က ဒီလိုပေါ့ အေး ကောင်းပြီ အတူအိပ်ရုံတင် မဟုတ်ဘူး ကလေးရအောင်ပါ လုပ်ကြသေးတာပေါ့ ဟာဟာ ဘာတတ် နိုင်သေးလဲ မြက်နုကြိုက်တဲ့နွားအိုမကြီးရေ မွေးလာတဲ့ကလေးတွေကိုပါ ထိုင်ထိန်းဖို့ အားမွေးထား ဖိုက်တင်း''

ညီအစ်မနှစ်ယောက် တစ်ယောက်လက်ဝါး တစ်ယောက်ရိုက်ပြီး မိုးစက်ကို အပိုင်ကြံဖို့ ဆုံးဖြတ်လိုက်ကြသည်။

■ ■ ■





''ဘာ ဘာပြောတယ် နင်က ငွေလက်ကို လက်ထပ်မယ် ဟုတ် လား''

''ဟုတ်တယ် ကျွန်တော် အဲ့ကောင်မလေးကို သဘောကျတယ်၊ သူ့ကိုမြင်နေရရင် စိတ်ထဲမှာ ပိုင်ဆိုင်ချင်ဟဲ့စိတ်တွေ ပေါ် ပေါ်လာတယ်''

ညီညီကျော့်စကားကြောင့် ရှင်းရှင်း ရှင်ဘာတ်ဖိလိုက်သည်။ ဘယ်တာဝရေစက်ကြောင့် ဒီမောင်နှမနှစ်ယောက်ကို ရှင်းရှင်းတို့မောင်နှမ တွေက အသေအလဲ နှစ်သက်နေကြပါလိမ့်။

''ငါ ငါတို့လည်း ဒီအတိုင်းပဲ''

''ဘာ မမတို့ကလည်း ငွေလက်ကို ပိုင်ဆိုင်ချင်ကြတယ်ပေါ့ ဟုတ် လား ဟာဗျာ မိန်းမချင်းကြီးကို ဘာလုပ်လို့ရမှာလဲ''

''အို ငါတို့က ငွေလက်ကို ကြိုက်စရာလားလို့၊ ငါတို့ကြိုက်တာ သူ့အစ်ကို''

''ဟို ခပ်ချောချောကောင်ကို ပြောတာလား''

''အေး ဟုတ်တယ်''

ရှင်းရှင်း စကားကြောင့် ညီညီကျော် မဲ့လိုက်ပြီး

''ဟွန်း မလိုက်ဖက်လိုက်တာ''

''ဘာ ဘာပြောတယ် ပြန်ပြောစမ်း''

''မလိုက်ဘူးလို့ ဟိုက ငယ်ငယ်ချောချောလေး မမတို့ကအိုဟာ ကြီးတွေဖြစ်နေပြီ အတည်ကြံပုံမလား''

ရုပ်ရည်ချင်း အသက်ချင်းအရမ်းကွာဟနေသည်မို့ ညီညီကျော်



www.burmeseclassic.com

www.burmeseclassic.com



စိတ်ထဲမှာ ဘယ်လိုမှ မလိုက်ဖက် မတင့်တယ်။

"အတည့်မကြံဘဲ အပျော်ကြံတော့ရော ဘာဖြစ်လဲ ကျေနပ်တယ်"

"ဟား အဲလောက်ကောင် ရက်ရောနေရင်လည်း လမ်းမပေါ် ထတီချွတ်ပြီးတော့ လျှောက်လိုက်ကြပါလား။ အပျော်ကြံမယ့်ကောင်တွေ ပြည့်တောင်းနဲ့တောင်ချိန်လို့ရလောက်အောင် နားတောင် နားလို့ရမှာ မဟုတ်ဘူး"

ဒီလောက်ရှဲ့ပြောနေတာတောင် နာရကောင်းမှန်းမသိ ပြုံးပြီး နေသော အစ်မဖြစ်သူကိုကြည့်ပြီး ညီညီကျော် စိတ်ပျက်လက်ပျက် မဲ့ လိုက်ပြီး

"နေပါဦး ငါတို့ကြိုက်တာ ငွေလအစ်ကိုဆိုတော့ ဒီကောင့်ကို ကြိုက်တာ တစ်ယောက်ထဲမဟုတ်ဘူးလား"

"မဟုတ်ဘူး"

"ဒါဆို ဘယ်သူနဲ့ဘယ်သူလဲ ဟွန်း မြင်ယောင်ပါသေးတယ် ထဘီဝွင်းသိုင်းပြီး လင်လုကြမယ့်အဖြစ်မျိုး"

ညီညီကျော် ပြောသည့်စကားတွေထဲမှာ စိတ်သက်သာရာရစေ မည့်စကားမျိုး လုံးဝမပါ။ အစ်မတွေ၏ဂုဏ်သိက္ခာတွေကို ကုလားမလာ တာရိုက်သလို တဖြန်းဖြန်းရိုက်ချနေသည်။

"လင်လုသင့်ရင်လည်း လုရမှာပဲ ဟော့ မိုးစက်နဲ့ပတ်သက်လာ ရင် ငါကတော့ ဘယ်သူ့ကိုမှ အကြောမပေးချင်ဘူး ရှင်းလား ညီအစ်မ





တွေဘာတွေ မလာနဲ့ ဦးသူယူစနစ်ပဲ"

"ဒါဆို သုံးယောက်စလုံး ဝိုင်းလုနေကြတယ်ပေါ့"

"ဟုတ်တယ်"

"အောင်မလေး အားကျစရာကြီး ဒီလောက်ချစ်နေရင်လည်း သုံးယောက်စလုံးနဲ့ ပေါင်းလိုက်ပါလား။ အချိန်ပိုင်းစနစ်နဲ့ ခွဲတမ်းချပြီး ပေါင်းလေ"

"ငါက ညဘက်ပေါင်းမယ်"

"ကျွတ် မလွယ်ဘူး ရောဂါက တော်တော်လေးကို ပြင်းထန် နေပြီပဲ"

နေမြင့်လေ အရူးရင့်လေဖြစ်နေသော အစ်မတွေကိုကြည့်ပြီး ညီညီကျော် ဘာမှထပ်မပြောချင်တော့။

တကယ်ဆို ကိုယ်လည်း ငွေလနှင့်ပတ်သက်လာရင် နေမြင့်လေ အရူးရင့်လေဆိုသလိုပါပဲ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၆)

"အစ်ကိုလေး ငါးမုန့်ကြော်ရပါပြီ"

ငါးမုန့်ကြော်ပန်းကန်ကိုင်ပြီး ဝင်လာသော ငွေလကို ဘီယာ တစ်ကျိုက်မော့ပြီး ရီဝေဝေလှည့်ကြည့်လိုက်သည်။

ငွေလ အကြည့်တွေက ဘေးဘီဝဲယာမှ မရှိသလို ညီညီကျော်ကိုလည်း စေ့စေ့မကြည့်။

အရက်သမားကို ကြောက်သော ငွေလမှာ ညီညီကျော်ဘေးမှ အမြန်ပြန်ထွက်ဖို့အတွက် ငါးမုန့်ကြော်ပန်းကန်ကို ခပ်သုတ်သုတ် ချပေးလိုက်သည်။

"ငွေလ"

"ရှင် အစ်ကိုလေး"

"လာ ခဏထိုင်ဦး နင့်ကိုငါ ပြောစရာရှိတယ်"





အာလေးလျှာလေးအသံကြောင့် သူ့ဘေးမှာ ဝင်ထိုင်ခိုင်းနေသဖြင့် ငွေလ ထော်တော်လေး စိတ်ရှုပ်သွားသည်။

မထိုင်ချင်လည်း မဖြစ်ပြန်၍ ထိုင်လိုက်ရသည်။

"ဘာခိုင်းမလို့လဲ အစ်ကိုလေး"

အရက်များငှဲ့ခိုင်းမလို့လားဟူသော စိုးရိမ်စိတ်က လူကို ကတုန်ကယင်ဖြစ်စေသည်။

"ငါက ခိုင်းဖို့ခေါ်တာမဟုတ်ဘူး၊ ပြောဖို့ခေါ်တာ"

"ဟုတ်ကဲ့ အစ်ကိုလေး ပြောပါ"

"ငါ နင့်ကိုချစ်တယ်"

"ရှင်"

ဆိုင်းမဆင့်ဘုံမဆင့်ပြောချလိုက်သော စကားကြောင့် ငွေလ ရောင် အံ့သြမင်တက်သွားသည်။

"မအံ့သြနဲ့ နင့်ကိုလက်ထပ်ဖို့အတွက် မမတို့ဆီမှာခွင့်တောင်းပြီးသွားပြီ"

"ရှင်"

ငွေလ ဘယ်နှကြိမ်မြောက် ရှင်လိုက်မိမှန်းတောင် မသိတော့။ ရင်ခုန်စရာမကောင်းသော ဒီနေ့လိုအခြေအနေမျိုးကို ငွေလ ဘယ်တုန်းကမှ ကြုံမတွေးမိခဲ့။

ရည်းစားစကားပြောတာ ရုပ်တည်ကြီးနဲ့မို့ မျက်နှာပေါ်မှာ ရှက်ရိပ်လွှမ်းရမည့်အစား ကြောက်စိတ်တို့သာ လွှမ်းလာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ရှင်မနေနဲ့ ဖြစ်နိုင်ရင် ငါက မင်းနဲ့အမြန်ဆုံး လက်ထပ်ချင်တယ်၊ မင်းကိုမြင်နေရရင် ငါ့ရင်တွေ တလှပ်လှပ်နဲ့"

"ဟို ငွေ ငွေလ အိမ်ထောင်ပြုဖို့ မစဉ်းစားမိသေးပါဘူး"

"ခု စဉ်းစားလိုက်တော့ ငါနဲ့လက်ထပ်လို့ မင်းဘဝမနစ်မွန်းပါဘူး၊ အိမ်အကူဘဝကနေတောင် လွတ်မြောက်သွားဦးမယ်၊ မမတို့ကလည်း သဘောတူပြီးသားဆိုတော့ မင်္ဂလာပွဲ အကြီးအကျယ်လုပ်မနေတော့ဘူး၊ ရုံးတက်လက်မှတ်ထိုးပြီး အကျဉ်းချုံးလိုက်ကြမယ်၊ ငါ့မိန်းမဖြစ်ပြီဆိုတာနဲ့ ငါနဲ့ပဲနေရမယ် အိမ်အလုပ်တွေကို လက်ဖျားနဲ့တို့ဖို့မပြောနဲ့ ခြေဖျားနဲ့တောင် ခတ်စရာမလိုတော့ဘူး"

သူ့စိတ်သူ့သဘောနှင့် အကွက်ချစီမံနေသော ညီညီကျော်ကို ကြည့်ပြီး ငွေလမှာ ပြန်ပြောစရာ စကားလုံးမရှိ။

ခုအခြေအနေမှာ အရင်ဆုံးပြေးမြင်မိတာက မိုးစက်ကိုပါပဲ။ သူသာဆိုလျှင် ငွေလအပေါ် ထိုသို့အခွင့်အရေးယူလိမ့်မည်မဟုတ်။

အားကိုးစိတ်နှင့်မျှော်လင့်နေတုန်းမှာပဲ ညီညီကျော် လက်အစုံက ငွေလကိုယ်လေးကို သိမ်းကျုံးပွေ့ဖက်လိုက်သည်။

ရုတ်တရက်မို့ ငွေလ ကြောင်အမ်းသွားသည်၊ လက်မြန်ခြေမြန်ရှိလှသော ညီညီကျော်အထိအတွေ့တွေက သည်းထိတ်ရင်ဖိုစရာ။

ပါးပေါ်ကိုကျလာသော အနမ်းတွေ နှုတ်ခမ်းအစုံကို ဖိကပ်နမ်းရှိုက်ခြင်းခံရသော အော်ဂလီဆန်စရာ အပြုအမူတွေ ဖက်ထားသောလက်တစ်ဖက်က ငွေလကိုယ်ပေါ်မှ အရှိက်အဖိုတွေကို ခပ်ဖြည်းဖြည်း





ပွတ်သပ်နေသော စိတ်ပျက် ကြောက်ရွံ့စရာအထိအတွေ့တွေ။

တဒင်္ဂအတွင်း ငွေလအဖို့ တစ်ကိုယ်တော်ကမ္ဘာပျက်ခန်းပါပဲ။

"ဟင့်အင်း လွှတ်ပါ အစ်ကိုလေး"

"မလွှတ်ဘူး ငါချစ်သလို မင်းလည်း ငါ့ကိုပြန်ချစ်ရမယ်"

"ငွေလ အဲဒါတွေ စိတ်မဝင်စားဘူး"

"ခုစိတ်မဝင်စားပေမယ့် လက်ထပ်ပြီးရင် ဒီကိစ္စတွေကို မင်းစိတ်ဝင်စားလာမှာပါ"

"လွှတ်ပါ ငွေလကို အဲလိုအနိုင်မကျင့်ပါနဲ့၊ ငွေလ ခပ်ပေါပေါမိန်းမမဟုတ်ဘူး"

"မင်းဟာ ခပ်ပေါပေါမိန်းမမဟုတ်လို့ ငါကလည်း လက်ထပ်ဖို့အထိ ရည်ရွယ်တာပေါ့၊ မင်းသာ အပေါစားဆန်ရင် ငါကလည်း မင်းကို ခုလိုတန်ဖိုးထားမှာမဟုတ်ဘူး"

နှုတ်ကသာ တတွတ်တွတ် ပြောနေပေမယ့် လက်ကတော့ အငြိမ်မနေ။

ရှန်းရလွန်း၍ ငွေလ အသက်ရှူကျပ်၍လာသည်။ မျက်ရည်တို့ဝဲတက်လာသည်။ သူ့ပြုသမျှကို ကြောက်အားလန့်အား ငြိမ်နေလိုက်လျှင် ငွေလ ဘဝကို အပြီးတိုင် သိမ်းပိုက်လိုက်မှာမို့ ကြောက်စိတ်တို့ကို ဘေးဖယ်ကာ အားကုန်ရုန်းပြီး ညီညီကျော်ကို တွန်းထုတ်လိုက်သည်။

ညီညီကျော် ဖင်ထိုင်လျက်လဲကျသွားစဉ် အခန်းထဲမှ ပြေးထွက်ခဲ့လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

"ငွေလ"

ညော့ခန်းအဝတွင် မိုးစက်နှင့်ဆုံကြသည်။ ကြောက်အားလန့်အား ပြေးထွက်လာသော ငွေလကိုကြည့်ပြီး မိုးစက် စိတ်ပူသွားသည်။

"ဘာဖြစ်လာတာလဲ ငွေလ"

"ဟို ဟို ဘာ ဘာမှမဖြစ်ပါဘူး အစ်ကို"

အမှန်အတိုင်း ပြောလိုက်လျှင် မိုးစက်နှင့်ညီညီကျော် ပြဿနာ တက်နိုင်သည်မို့ ညာလိုက်ခြင်းဖြစ်သည်။

"ဒါဆို ဘာဖြစ်လို့ ပြေးထွက်လာတာလဲ"

"ကြွက် ကြွက်ကိုမြင်လို့လန့်ပြီး ပြေးထွက်လာတာပါ"

စာအုပ်စင်ပေါ်မှ ဖြတ်ပြေးသွားသော ကြွက်ကိုမြင်လိုက်၍ အကြောင်းပြချက်တစ်ခုရသွားသည်။

ဒီတော့မှ မိုးစက်မျက်နှာပေါ်မှ စိုးရိမ်ရိပ်တို့လျော့ကာ

"ကဲ လာ ပြောစရာရှိလို့"

ငွေလလက်ကို ဆွဲပြီး ခြံထဲဆင်းလာသဖြင့် ငွေလ လိုက်လာ လိုက်သည်။ ထိုအချိန်ထိ ညီညီကျော် ငွေလ နောက်သို့လိုက်မလာ။

ရင်တွေက မခုန်ဘဲနှင့် ကြောက်စိတ်ကြောင့် တဆတ်ဆတ် တုန်နေသည်။

"ငွေလ မင်းတစ်ခုခုတော့ ဖြစ်မထားပါဘူးနော်"





အမှုအရာပျက်ကာ နောက်ကိုလှည့်ကြည့် လှည့်ကြည့်လုပ်နေသော ငွေလကို မိုးစက် ထပ်မေးလိုက်သည်။

"မ မဖြစ်ထားပါဘူး အစ်ကိုရဲ့ ဟို ဒါ ဒါနဲ့ အစ်ကို ဘာကိစ္စနဲ့ လာတာလဲဟင်"

"ဟယ် မိုးစက် ဘယ်တုန်းကရောက်နေတာလဲ"

ငွေလအမေးကိုဖြေဖို့ ဟန်ပြင်နေသော မိုးစက် စူးရှချိအီသော ထင်းထင်းအသံကြောင့် စိတ်ပျက်သွားခဲ့သည်။

"ဒီနေ့ ညနေ မမရဲ့ပါတီအတွက် အစောကြီး ကြိုရောက်နှင့်နေတယ်ပေါ့"

"ဗျာ"

"ကြည့် ဟိုနေ့ကပြောထားတယ်လေ ဒီနေ့ မောင်လေးနဲ့နှစ်ယောက်ထဲ ပါတီလုပ်မယ်လို့"

ပြောထားတာမှန်ပေမယ့် မိုးစက်စိတ်ထဲ အမှတ်မထားမိ။ စိတ်လည်းမဝင်စား ယခုလာသည်မှာ ငွေလကို လာတွေ့ခြင်းဖြစ်သည်။

ငွေလနှင့် ရှေ့ရေးကို တိုင်ပင်မည်။ ပြီးလျှင် ငွေလကို ဒီအိမ်မှာ အလုပ်ဆက်မလုပ်ခိုင်းတော့။

ထိုအကြောင်းအရာကို လေးလေးနက်နက်ပြောမည် ဟန်ပြင် တုန်းရှိသေးသည် ဒီမိန်းမကြီး ရောက်လာသည်။

မိုးစက် တော်တော်လေး စိတ်လေသွားသည်။ စီထားသော စကားလုံးတွေ ဖရိုဖရဲဖြစ်ကုန်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီနေ့ မမရဲ့မွေးနေ့မှာ အားလုံးပျော်ပျော်ပါးပါးနဲ့ သောက်ကြစားကြမယ်"

လက်မောင်းကို ဖက်တွယ်ပြီး ချွဲပျစ်ပျစ်ပြောနေသော ထင်းထင်းကိုကြည့်ပြီး မိုးစက် မချိသွားဖြစ်ရယ်ရင်း

"အခုတော့ ကိစ္စလေးရှိလို့ ပြန်ရဦးမယ်၊ ပြီးမှ တစ်ခေါက်ပြန်လာခဲ့ပါမယ်"

ထိုအခြေအနေထဲက ရုန်းထွက်ဖို့ အကြောင်းပြချက်ပေးလိုက်သည်။

"ဟယ် ကြည့် အဲဒီကိစ္စက နောက်မှသွားပါကွယ်၊ ခုပဲ ညနေရောက်နေပြီ တော်ကြာဆို ပိုတယ်ကမှာထားတဲ့ အစားအသောက်တွေရောက်တော့မယ် ငွေလရေ အားလုံးအဆင်သင့် ပြင်ထားတယ်မဟုတ်လား"

"ဟုတ်ကဲ့ ပြင်ထားပါတယ် မမထင်းထင်း"

"ဆိုဂျူတို့ ဗိုင်တို့ရော"

"ဟုတ်ကဲ့ အားလုံး အဆင်သင့်ပါပဲ"

"ကဲ ကြားတယ်နော် မိုးစက် မမထင်းထင်းရဲ့ခင်မင်မှုကို အသိအမှတ်ပြုတယ်ဆိုရင် မသွားပါနဲ့နော်၊ ပါတီပွဲလေးပြီးမှ ပြန်ပါ"

လက်မောင်းကို မလွှတ်တမ်း ဖမ်းဆွဲပြီး အိမ်ထဲခေါ်သွင်းနေသော ထင်းထင်းနောက်သို့ မိုးစက်တစ်ယောက် အောင့်သက်သက်ဖြင့် ယက်ကန်ယက်ကန် ပါသွားသည်။





ငွေလကို စက်ဆုပ်ရွံရှာစွာ ကြည့်ခြင်းဖြင့် ငဲ့ကြည့်ပေမယ့် အပြုံးနှင့်အတူ ပခုံးလေးတွန့်ပြရုံကလွဲပြီး ငွေလဲကရော ဘာတတ်နိုင်မှာလဲ။

ထင်းထင်းနှင့်မိုးစက်၏နောက်ကျောကို ကြည့်ပြီး ငွေလရင်ထဲမောရသွားသည်။ တကယ်ပဲ ဒီညီအစ်မသုံးယောက်ကြားထဲက ရုန်းထွက်နိုင်ပါ့မလား။

ငွေလကရော ညီညီကျော်ကို ရှောင်လွှဲ၍ ရနိုင်ပါ့မလား။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၇)

"ဟင် ဒါ ဘာလုပ်တာလဲ"

ဟိုဘယ်မှ လာပို့သော အစားအသောက်တွေကို ပြင်ဆင်နေစဉ် အကြည့်တွေက ထင်းထင်း လှုပ်ရှားမှုတွေဆီသို့ ရောက်သွားသည်။

ဖန်ခွက်ဝိုင်းဝိုင်းထဲသို့ ဆေးမှုန့်တွေထည့်ပြီး ဝိုင်တွေလောင်း ထည့်နေသော မြင်ကွင်းက ငွေလကို စိတ်ထင့်သွားစေသည်။

ထိုသို့သော အပြုအမူမျိုးတွေကို ရုပ်ရှင်တွေထဲမှာ ခဏခဏ ကြည့်ဖူးနေ၍ ထင်းထင်း ဘာရည်ရွယ်ချက်နှင့် လုပ်နေသလဲဆိုတာကို ရိပ်မိသလိုလို။

"အဟွန်း ဒီညမှ မိုးစက် ငါ့ရင်ခွင်ထဲမရောက်ရင် ငါ အပျိုကြီး ပဲ လုပ်တော့မယ်"

ခပ်တိုးတိုးပြောရင်း ဆေးမှုန့်ထည့်ထားသော ဝိုင်နီနီတွေကို





ရှုန်းမြှင့်မွှေနေသော ထင်းထင်း လုပ်ရပ်တွေကို တစေ့တစောင်းကြည့်ပြီး ငွေလ တစ်ခုခုလုပ်ရန် အကြံထုတ်နေသည်။ ဆေးမှုန့်ထည့်သော ဝိုင်ခွက် ကို သေချာမှတ်ထားလိုက်သည်။

"ငွေလရေ"

"ရှင်"

"မြိုထဲမှာ စားပွဲဝိုင်းတွေ ခင်းထားဖို့ ညီညီ့ကို သွားပြောလိုက် ပါကွယ်"

ညီညီကျော်နှင့်မျက်နှာချင်းမဆိုင်ချင်၍ ငွေလ မသွားချင်။

"ငွေလ ခင်းထားလိုက်ပါ့မယ် မမထင်းထင်း"

"အမလေး ယောက်မလေးရယ် တော်ကြာနေ မိုးစက်က သူ့ ညီမလေးကို အဲလောက်ပင်ပန်းတာ လုပ်ခိုင်းရလားဆိုပြီး စိတ်တွေ ဆိုးနေပါမယ်"

ထိုစဉ် ဖုန်းမြည်လာသည်။ ထင်းထင်း အင်္ကျီအိတ်ကပ်ထဲမှ ဖုန်းကိုထုတ်ပြီး ထူးလိုက်သည်။

"ဟဲလို မမကြီး ပြော"

ဘွင်းဘွင်းထံမှ ဖုန်းဖြစ်သည်။

"ဪ ရတယ် ပြန်မလာနဲ့ အေးအေးဆေးဆေးမှ ပြန်လာ အလုပ်ကိစ္စနဲ့ခရီးထွက်ရတယ်ဆိုပေမယ့် ရောက်တုန်းရောက်ခိုက် ဘုရား လေးဘာလေးဖူးပြီး အေးအေးဆေးဆေး လျှောက်လည်ပြီးမှ ပြန်လာခဲ့ ဒီကအလုပ်တွေကို ထင်းထင်းနဲ့ရှင်းရှင်း ကြည့်ထားလို့ ရတယ်၊ ရှင်



www.burmeseclassic.com

www.burmeseclassic.com



ရှင်းရှင်းလား ဆိုင်မှာလေ၊ ထင်းထင်းက ဒီနေ့ ထင်းထင်းမွေးနေ့မို့ ညနေဘုရားသွားပြီး ရွှေသက်နှံသွားလှူမလို့ ခုလား အိမ်မှာ ရေချိုးနေတယ်။ ဘုရားသွားမလို့ ဖြော် မိုးစက်ပါစရာလား မိုးစက်က မကြီးရဲ့လူ ဖြစ်သွားပြီပဲ"

ညာရင်းပြောရင်းဖြင့် တဟင်းဟင်း ရယ်နေသော ထင်းထင်းကိုကြည့်ပြီး ငွေလ အံ့သြပါရဲ့။

ညီအစ်မနှစ်ယောက် မရှိတုန်း မိုးစက်ကိုခေါ်ပြီး ပါတီပွဲခပ်တိတ်တိတ်လုပ်တာဟာ အကြောင်းကိစ္စတော့ ရှိရမည်။

"ရှင် မြေဝယ်စာချုပ်လား ဟော့တော် ပါမသွားဘူးလား မမကြီးရယ်၊ မြေကွက်ရောင်းဖို့သွားပါတယ်ဆိုမှ ဒီစာချုပ်ကို မေ့ခဲ့ရတယ်လို့ ရတယ် မနက်ဖြန်မှ အမြန်ချောပို့နဲ့ပို့လိုက်မယ်၊ အရောင်းအဝယ်ကိစ္စပြီးတာနဲ့ ငွေကို ဘဏ်အကောင့်ထဲ တစ်ခါထဲ ထည့်နော် နေဦး၊ အဲဒီစာချုပ်က ဘယ်မှာထားခဲ့လဲ"

ဖုန်းတစ်လုံးနှင့် အလုပ်ရှုပ်နေသည့်မို့ ငွေလ ဗိုင်ခွက်ကိုလဲဖို့ အခြေအနေကို စောင့်ကြည့်နေလိုက်သည်။

"ဒါဆိုနေဦး ထင်းထင်း အဲဒီ ဗီရိုထဲသွားကြည့်လိုက်ဦးမယ်"

ဖုန်းပြောရင် ထမင်းစားခန်းထဲမှ ထွက်သွားသော ဘွင်းဘွင်း အရိပ်အကဲကိုကြည့်ပြီး ငွေလ ဗိုင်ခွက်ထဲမှ ဗိုင်နီနီတွေကို လဲဖို့အတွက် နံရံကပ်ဗီရိုထဲမှ ပုံစံတူဗိုင်ခွက်တစ်ခွက်ကို ယူ၍ လှယ်လိုက်ပြီး ဆေးမှုန့်ထည့်မထားသော ဂုလင်းထဲမှဗိုင်တွေ လောင်းထည့်လိုက်သည်။





ပြီးနောက် ဟန်မပျက် ပြန်ထားလိုက်သည်။

ဆေးမှုန့်ထည့်ထားသော ဗိုင်တွေကို ထင်းထင်း သောက်ဖို့အတွက် ငွေလ တစ်မျိုးကြံရဦးမှာပေါ့။

ဒီည ပါတီပွဲမှာ ဒီဆေးမှုန့်ရဲ့တန်ခိုးအစွမ်း ဘယ်လိုပြမလဲ ဆိုတာ စောင့်ကြည့်ရမည်။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၈)

စားသောက်စရာများ ပြင်ဆင်ခင်းကျင်းထားသော စားပွဲမှာ ထင်းထင်းနှင့်မိုးစက် မျက်နှာချင်းဆိုင်ထိုင်နေကြသည်။

မိုးစက် စိတ်ပျက်နေသလောက် ထင်းထင်းတက်ကြွနေသည်။ ဒီည မိုးစက်၏ဘဝကို သူ အပိုင်သိမ်းရမည့်နေ့။ မိုးစက်ရင်ခွင်မှာ မှီခိုခွင့်ရဖို့ သူ့တစ်ဘဝလုံး အသွေးအသားပါမကျန် မိုးစက်ထံအပ်နှင်းရမည့်နေ့။

မိုးစက် ယူချင်ချင် မယူချင်ချင် မိုးစက်ဘဝထဲကို အတင်းဖွတ်တိုးဝင်မည့်ည။

ဒီတစ်ည ကျော်လွန်၍ နောက်တစ်နေ့မနက်ရောက်လျှင် မိုးစက်ကိုပိုင်သွားမည်။

ကဲ မမကြီး ဘာတတ်နိုင်မှာတဲ့လဲ။





တူလေးတွေ တူမလေးတွေကို ထိန်းဖို့သာ ပြင်ထားပေတော့။

ကိုယ့်အတွေးနှင့်ကိုယ် ပြုံးလိုက်ပြီး ဆေးမှုန့်ထည့်ထားသော ဝိုင်ခွက်ကို မိုးစက်ရှေ့ချပေးလိုက်သည်။

ခပ်ဝေးဝေးမှ စောင့်ကြည့်နေသော ငွေလ ပြုံးလိုက်သည်။ ထင်းထင်းရှေ့မှာ ချထားသော ဝိုင်ခွက်ထဲမှာ သူထည့်ထားသော ဆေးမှုန့် တွေပါနေသည်ဆိုတာ ထင်းထင်း နည်းနည်းမှ ရိပ်မိပုံမပေါ်။

"မိုးစက် ဒီညနေခင်းလေးမှာ မိုးစက်နဲ့အတူ မမထင်းထင်းရဲ့ မွေးနေ့လေးကို ဖြတ်သန်းခွင့်ရတဲ့အတွက် ကျေနပ်တယ်၊ ရင်လည်းခုန် တယ်ကွယ်၊ ဒီတော့ ဖော်ဒီဝိုင်လေးသောက်ပြီး မမမွေးနေ့ကို ဂုဏ်ပြု ပေးပါ"

ရင်ထဲမှာ စိတ်ပျက်နေပေမယ့် ငြင်းဆန်၍မကောင်းသဖြင့် ဝိုင်ခွက်ကိုလှမ်းယူပြီး

"မွေးနေ့မှစပြီး နောင်နှစ်တစ်ရာတိုင်တိုင် ချစ်သောသူတွေနဲ့ စိတ်ချမ်းမြေ့စွာ ဖြတ်သန်းနိုင်ပါစေ မမထင်းထင်း ဟက်ပီးဘတ်ဒေးပါ"

"သင့်ခ်ယူပါ မိုးစက်ရယ်၊ မမကလည်း မိုးစက်နဲ့အတူ ကျန် နေသေးတဲ့အနာဂတ်မှာ ပျော်ပျော်ရွှင်ရွှင် ဖြတ်သန်းချင်ပါတယ်"

"ကမ်းပေ့"

ဝိုင်နှစ်ဖက်ကို နှုတ်ခမ်းချင်းတော့လိုက်ပြီး ကမ်းပေ့လုပ်လိုက် ကြသည်။

ဝိုင်ကို တစ်ငုံလောက်သာသောက်သော မိုးစက်ကိုကြည့်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ထင်းထင်း အားမလိုအားမရ ဖြစ်နေသည်။

"သောက်ဦးလေ မိုးစက်ရဲ့ ဝိုင်က မပူးပါဘူး"

ဖွတ်အတင်းသောက်ခိုင်းနေသောကြောင့် မိုးစက် ထပ်သောက်သည်။ ထင်းထင်းလည်း မိုးစက်သောက်သလို သောက်သည်။

ညှိညှိကျော် ဝိုင်းထဲဝင်လာသည်။ မိုးစက်ကို ငွေလ၏အစ်ကိုဟူသောအသိကြောင့် ခပ်တင်းတင်း မဆက်ဆံတော့။

"မိုးစက် ခင်ဗျားက ကျွပ်အစ်မရဲ့ အတူနေသူသည်ပဲ ဒါကြောင့် ကျွပ်ကလည်း တစ်ခွက်ထပ်ပြီး ဂုဏ်ပြုပါတယ်"

မိုးစက်လက်ထဲမှ ဖန်ခွက်ထဲသို့ ဝိုင်တွေထည့်ပေးသည်။ ညှိညှိကျော့်ပုံစံကို စိတ်ထဲသိပ်မတွေ့ပေမယ့် ငွေလ ဒီအိမ်အရိပ်မှ မလွတ်သေးသဖြင့် အလိုက်အထိုက်ပင် ဆက်ဆံလိုက်သည်။

"ခင်ဗျားက ငွေလကို သိပ်ချစ်တာပဲလား"

"ဗျာ"

ညှိညှိကျော့်အမေးကြောင့် မိုးစက် ကြောင်သွားသည်။ ဘာသဘောနှင့်မေးရတာလဲ။

မောင်နှမ မဟုတ်ဘူးဆိုတာသိ၍ တမင်မေးခြင်းလား ဒါမှမဟုတ် ရိုးရိုးသားသား မေးခြင်းလား။

"ပြော် ခင်ဗျားညီမလေးကို ခင်ဗျား သိပ်ချစ်တာပဲလားလို့"

"ကိုယ့်ညီမပဲဗျာ မချစ်ဘဲနေမလား"

"သူကလည်း ခင်ဗျားကို တော်တော်ချစ်ပုံပဲ"





"ဟုတ်ကဲ့"

ညှိညှိကျော်နှင့်မိုးစက် စကားကောင်းနေကြစဉ်မှာပင် ထင်းထင်းမျက်လုံးတွေ ဟန်မဆောင်နိုင်လောက်အောင် ရွှဲလာသည်။

မိုးစက်ကိုကြည့်သည့်အကြည့်တွေကလည်း ရှက်တွေထန်နေသည်။ ရဲတင်းနေသည်။

"အချစ် မင်းကို မမ အရမ်းချစ်တယ်၊ မမတို့ ဒီတစ်ညကို နှစ်ယောက်အတူတူ ကုန်ဆုံးကြမယ်၊ သိလား အချစ်"

အာလေးလျှာလေးဖြင့် ပြောလိုက်သော ထင်းထင်း စကားကြောင့် မိုးစက်ရော ညှိညှိကျော်ရော တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ပြီး နားမလည်နိုင်လောက်အောင် ဖြစ်သွားကြသည်။

"မမ နင် ဘာတွေပြောနေတာလဲ"

"ငါ ဘာပြောလို့လဲ ဝါ့ရင်ထဲမှာ ဟောဒီရင်ဘတ်ထဲမှာ အချစ်တွေ ပြည့်ကျပ်ညပ်နေလို့ ပေါက်ကွဲထွက်လိုက်တာလေ ဟားဟ"

လူမှန်းမသိအောင် မူးနေသော အမူးသမားတစ်ယောက်လို အရက်မူးတော့ ကျွဲခိုးပေါ်ပြီ။

ညှိညှိကျော် ရှက်သွားသည်။

"ဟာ ဘာတွေပြောနေတာလဲ နည်းနည်းလည်း ဣန္ဒြေဆည်ဦးလေ"

"မဆည်ဘူး ဆည်နေရင် မမကြီးက မိုးစက်ကို အပိုင်သိမ်းသွားလိမ့်မယ်၊ သူနဲ့မိုးစက်နဲ့က ချစ်သူတွေဖြစ်နေကြပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ"

မဟုတ်က ဟုတ်က အစွပ်စွဲခံနေရသည်မို့ ရီဝေဝေဖြစ်နေသော ပိုင်အရသာလေးပင် ကြက်ပျောက်ငှက်ပျောက်ဖြစ်သွားသည်။ ဒီမိန်းမကြီးတွေ သူတို့လိုရာကို ဆွဲတွေးနေကြသည်ပဲ။ ကိုယ်ကပဲ သူတို့နှင့်ချစ်သူတွေဖြစ်နေကြပြီတဲ့။ တန်ရာတန်ရာမှမမှန်း ကိုယ့်လို ခေတ်လူငယ်တစ်ယောက်က သက်တူရွယ်တူမိန်းကလေးကိုပဲ ဘဝလက်တွဲဖော်အဖြစ် ရွေးချယ်မှာပေါ့။ သွေးဆုံးနေတဲ့ဒီလို ရုပ်ကြမ်းကြမ်းမိန်းမတွေကို ရွေးချယ်မလား။ ငွေကြေးဘယ်လောက်ပဲပြည့်စုံနေပါစေ ဒီလိုမိန်းမမျိုးတွေကိုတော့ စိတ်ကူးထဲကို မထည့်။

"မိုးစက် ချစ် လာ ထ သွားမယ်"

"ဗျာ"

လက်မောင်းနှစ်ဖက်က အတင်းဆွဲထူနေသော ထင်းထင်းပုံစံက ကျားစားဘီလူးမတစ်ကောင်လို ဖောင်းထနေသည်။

"ထ လာ"

"ဘယ် ဘယ်ကိုလာရမှာလဲ"

"အခန်းထဲကိုလေ ကောင်းကောင်းပြုစုပါ့မယ်၊ အဟင်း ဟတ် ဟတ် ဟတ် မမက ကမ္ဘာသစ်တစ်ခုဆီကို ခေါ်သွားမလို့ လာပါကွာ ဒီမှာ အေသင့်ချိုဆွေဖြစ်နေပြီ တင်းတယ် တင်းတယ်"

အားလုံး ထင်းထင်းကိုကြည့်ပြီး ပါးစပ်အဟောင်းသား ဖြစ်နေကြသည်။





ပိုင်သောက်ရုံလောက်နှင့် ဒီလိုအရက်သိက္ခာမဲ့စေသော စကားမျိုးတွေဖြင့် လူကိုဇွတ်အတင်းဆွဲခေါ်နေရသလား။ ဒါဟာ ပုံမှန်စိတ်တော့ မဟုတ်။

ငွေလ သဘောပေါက်လိုက်သည်။ ရာဂစိတ်ကိုကြွစေသော ဆေးတွေကို မိုးစက်သောက်မည့်ပိုင်ထဲ ထည့်လိုက်ခြင်းဖြစ်သည်။

စိတ်ထဲမှာ အံ့ဩလွန်း၍ ဘုရားပင်တလိုက်မိသည်။

"မမ နင်တရားလွန်နေပြီနော် အရှက်မရှိဘူးလား၊ ယောကျ်ားတစ်ယောက်ကို အခန်းထဲဆွဲသွင်းရလောက်အောင် နင့်ရဲ့တန်ဖိုးက မဲ့နေပြီလား"

မိုးစက်ကို မလွှတ်တမ်းဆွဲဖက်ထားသော ထင်းထင်းကို ခပ်ကြမ်းကြမ်းဆောင့်ဆွဲလိုက်ပြီး အပြစ်တင်လိုက်သည်။

"ဘာတန်ဖိုးလဲ တန်ဖိုးဆိုတာ လူကသတ်မှတ်ထားတဲ့ ပညတ်ချက်တစ်ခုပဲ၊ အချစ်ဆိုတာကသာ လူတွေရဲ့ရင်ထဲကို အလိုလိုတိုးဝင်လာတဲ့ လောကရဲ့ပြဋ္ဌာန်းချက်တစ်ခု ချစ်တတ်မှ လူပီသတာ၊ မချစ်တတ်ရင် လူမပီသဘူး၊ ဒါကြောင့် သူများထက်ဦးအောင်ချစ်မလို့ အဟတ် ဟတ် ဟတ်"

ပြောရင်း ရယ်ရင်းနှင့် ထင်းထင်း သူ့အပေါ်ဖုံးအင်္ကျီတစ်ထည်ကို ဆွဲချွတ်လိုက်သည်။

စားတော့ဝါးတော့မယ့်ပုံစံမျိုးဖြင့် သရဲဘီလူးစီးနေသည်မို့ မိုးစက်ဆက်နေဖို့မသင့်။ ဆက်နေလျှင် သူ့ကိုယ်ပေါ်က စကပ်ပါ ဆွဲချွတ်တော့



www.burmeseclassic.com

www.burmeseclassic.com



မလားမသိ။

"မမ နင် ဘယ်လိုဖြစ်နေတာလဲ လာ လာစမ်း အထဲကို ဘယ်လောက်မှ မသောက်ရသေးဘဲ အမူးလွန်နေပြီ"

အမြင်မတော်တာတွေ ဘွားခနဲ ပေါ်လာတော့မည့်အရေးမို့ ညီညီကျော် သူ့အစ်မ ထင်းထင်းကို ဒရွတ်ဆွဲမတတ် အတင်းဆွဲခေါ်သွားတော့သည်။

"မဆွဲနဲ့ ငါနဲ့မိုးစက် ဒီည ဝိဆွဲမလို့ လွှတ် လွှတ် ဟား ဟား ဟား ခစ် ခစ် ခစ် မိုးရေ မပြန်နဲ့ဦး မမ ပြန်ထွက်လာမယ်"

မိုးစက် ငွေလကို နှုတ်ဆက်ပြီး အခွင့်အရေးရတုန်း လစ်ထွက်လာခဲ့လိုက်သည်။

ဝိုင်သောက်ရုံနဲ့ ဒီလောက်ထိ လူမှန်းမသိဖြစ်သွားရသလား။ အိမ်အပြန်ခြေလှမ်းတွေ ဖဝေဖဝါလှမ်းလျက်။

■ ■ ■

## အခန်း (၂၉)

"ဟဲ့ ထင်းထင်း ထင်းထင်း ထစမ်း"

ခုတင်ထက်တွင် ခြေကားယား လက်ကားယား အိပ်မောကျနေသော ထင်းထင်းကိုနှိုးနေသော ရှင်းရှင်း ဒေါသတွေ တလိမ့်လိမ့်ထွက်နေသည်။

ညကကိစ္စကို ညီညီပြောပြ၍ သိပြီးပြီမို့ မိန်းမတန်မဲ့ ဣန္ဒြေသိက္ခာမဲ့တဲ့အထိ ဖြစ်သွားရလား။

တော်သေးတာပေါ့ မိုးစက်က နားလည်ပေးလို့။

"ထင်းထင်း ထစမ်းလို့ ပြောနေတယ်နော်"

တုတ်တုတ်တောင်မလှုပ်။ ရှင်းရှင်း သိပ်စိတ်မရှည်ချင်တော့၊ အနီးရှိဖန်ခွက်ထဲမှ ရေလက်ကျန်ဖြင့် ထင်းထင်းမျက်နှာကို လှမ်းပက်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အား အမလေး မိုး လုပ်ပါဦး လုပ်ပါဦး"

မျက်နှာပေါ် ကျသွားသော ရေစက်တွေကြောင့် ဂူးဂူးဝါးဝါး အော်ပြီး ခုတင်ပေါ်မှ ကုန်းရုန်းထသည်။

"ဟင် မထင်းထင်း မိုးရော မိုး ဘယ်ရောက်သွားလဲ"

"ဘာလဲ ဘာမိုးလဲ"

"မိုးစက် မိုးစက်လေ ညက သူနဲ့ ငါနဲ့ ဒီအခန်းထဲမှာ အတူတူ အိပ်ကြတာ"

ကယောင်ကတမ်းပြောနေသော ထင်းထင်းစကားကြောင့် ရှင်း ရှင်းဒေါ်သလည်းထွက် ရယ်လည်းရယ်ချင်မိသည်။

လင်တရှူး ရှူးပါဦး ဒီလောက်ထိ ရူးရတော့ လိုမည်မထင်ပါ။

"နင် ဘာတွေလျှောက်ပြောနေတာလဲ၊ နင့်ဘေးမှာ ယောက်ျား တော့မရှိဘူး နင်ခွထားတဲ့ဖက်လုံးပဲရှိတယ်၊ ဒါနဲ့ နေစမ်းပါဦး ညက နင်ဆေးကြောင်သလိုလို အပမှီသလိုလိုဖြစ်လို့ဆို"

"ဘယ်သူပြောလဲ"

"ဘယ်သူပြောလဲဆိုတာ အရေးမကြီးဘူး၊ ငါပြောတာ ဟုတ် မဟုတ်ကိုပဲဖြေ"

"မသိဘူး ညက ဘာတွေတယ်လိုဖြစ်သွားမှန်း ငါလည်း လုံးဝ မသိတော့ဘူး။ ငါသိတာက ညက မိုးနဲ့ငါနဲ့ ဒီအိပ်ရာပေါ်မှာ အတူတူ အိပ်ကြတယ်၊ မိုးရော ငါရော အရမ်းကိုကြည်နူးကျေနပ်နေကြတယ်၊ ငါ ငါ နောက်လလောက်ဆိုရင် ကိုယ်ဝန်တောင်ရှိလာနိုင်တယ် မရှင်း





ရှင်း"

"အဲဒီမှာ လဲသေလိုက်"

"ဖက်လုံးနဲ့ဖက်အိပ်ပြီး ကိုယ်ဝန်ရှိလာနိုင်တယ်တဲ့၊ ပြောရရင် မကောင်းဘူး"

ညီညီကျော် အခန်းထဲဝင်လာသည်။

"မမထင်းထင်း နင် ညက စိတ်ကြွဆေးတွေသုံးပြီး လူမှန်း သူမှန်းမသိအောင် အရှက်တရားကင်းမဲ့နေတာ သိလား"

"ဘာ ဘယ်လို ညက ငါဘာဖြစ်တယ်"

"နင် ညက မိုးစက်ကို အခန်းထဲအတင်း ဆွဲခေါ်တယ်လေ၊ နင့်ပုံစံက တဏှာမီးတောက်နေတဲ့ ဇီလိနိမတစ်ကောင်လိုပဲ၊ အရမ်းကို အသားဝမ်းငမ်း ဖြစ်နေတယ်၊ မောင်တစ်ယောက်ဖြစ်တဲ့ ငါတောင် အရှက် တရားကင်းမဲ့နေတဲ့ နင့်ကိုကြည့်ပြီး အော်ဂလီဆန်လာတယ် သိလား"

ရစရာမရှိအောင် ပြစ်တင်ရှုံ့ချနေရှာသော ညီညီကျော် စကား ကြောင့် ထင်းထင်း တွေဝေသွားသည်။

"ဒါ ဘယ်လိုဖြစ်ရတာလဲ မနေ့က စိတ်ကြွဆေးတွေထည့်ပြီး မိုးစက်ကို တိုက်ခဲ့တာပါ"

ခပ်တိုးတိုးရေရွတ်ရင်း ညီညီကျော်ကို ဖျတ်ခနဲ ပြန်ကြည့်ကာ

"ဒါ ဒါနဲ့ သူ သူကရော ဘာထူးခြားလဲ၊ သူလည်း ငါနဲ့အတူ လူမှန်းမသိအောင် မူးနေတာမဟုတ်လား။ ပြီး ပြီးတော့ ငါတို့တစ်ညတာစ်ခု ကို အတူတူမှာမယှင်းကြတယ်လေ၊ ဒီလိုဖြစ်အောင် ငါက သူ့ရိုင်ခွက်ထဲ



www.burmeseclassic.com

www.burmeseclassic.com



စိတ်ကြွဆေးတွေထည့်ခဲ့တာ"

ထင်းထင်း ဝန်ခံစကားကြောင့် ညီညီကျော် စိတ်ပျက်စွာ ကျွတ်ခနဲ စုတ်သပ်လိုက်သည်။

"အေး အဲဒီမှာ စလွဲတာပဲ၊ တကယ်တမ်း စိတ်ကြွဆေးပါတဲ့ ဝိုင်ကိုသောက်မိတာက နင်ပဲ၊ မိုးစက်က ဘာစိတ်မှကြွမလာဘဲ နင့်ကို ပတ်ရှောင်နေရတယ်၊ နောက်ဆုံး ထဲတောင်ပြေးရတဲ့အခြေအနေရောက်တယ်"

ညီညီကျော်စကားကြောင့် ရှင်းရှင်း ခပ်မဲ့မဲ့ ပြုံးလိုက်သည်။

"ဘုရားရေ ဒါဆို ည ညက သူနဲ့ငါ ဘာမှမဖြစ်ကြဘူးလား"

"အေး ဘာမှမဖြစ်တာ ကံကောင်း၊ မိုးစက်နေရာမှာ တခြားလူသာဆိုရင် နင့်ကိုလောက်တောင် မလောက်ဘူး"

"အမလေး အဲဒါ ကံကောင်းတာမဟုတ်ဘူးဟဲ့၊ ကံဆိုးတာ ကံဆိုးတာ ငါ့မှာ အဲဒီလိုဖြစ်ချင်လွန်းလို့ ငွေကုန်ခံပြီး သူ့အတွက် တစ်ကိုယ်တော်ပါတီပွဲလေး လုပ်ပေးတာ၊ ခုတော့ ငွေကုန်ပြီး ငါ့ဘဝ ဘာမှမပြောင်းလဲဘူး ဘုရား ဘုရား ငါ့အကြံတော့ပျက်ပါပြီ"

ပြောရင်း ထင်းထင်း တဟီးဟီးဖြင့် ငိုချလိုက်တော့သည်။

တကယ်ဆို သူက ယောကျ်ားတစ်ယောက်၏အထူးသဖြင့် မိုးစက်၏အတင်းအဓမ္မကျင့်ခြင်းကို ခံယူချင်တာလေ။

ခုတော့ စိတ်ကြွဆေးကိုသောက်မိသူက မိုးစက်မဟုတ်တဲ့ ကိုယ်ကိုယ်တိုင်ဖြစ်ရတယ်လို့။

■ ■ ■



## အခန်း (၃၀)

"ကဲ ထင်းထင်း နင် မိုးစက်ကိုလက်လျှော့လိုက်တော့"

"အယ် ဘာဖြစ်လို့ လက်လျှော့ရမှာလဲ၊ မိုးစက်လက်မထပ်မချင်း ထင်းထင်းတို့မှာမျှော်လင့်ပိုင်ခွင့်ရှိတယ်၊ ပိုင်ဆိုင်ဖို့ကြိုးစားခွင့်ရှိတယ်"

"ဒါပေမဲ့ နင့်ကြိုးစားမှုက မိုင်ကုန်ရုံတင်မဟုတ်ဘူး အရှက်ပါ မြိန်းမြိန်းကွဲရပြီ မဟုတ်လား"

"အရှက်မြိန်းမြိန်းကွဲရအောင် ဘယ်သူသိတာမှတ်လို့"

"မိုးစက် သိသွားပြီလေ၊ နင့်ဆီကို သူလာပါဦးတော့မလား၊ နင် ပေါ်တင်ကြီး သူ့ကို အခန်းထဲအတင်းဆွဲခေါ်မှတော့ သူကရော နင့်ကိုအထင်ကြီးပါတော့မလား"

ရှင်းရှင်းစကားကြောင့် ထင်းထင်းကို ရန်စနေသလို။



www.burmeseclassic.com

www.burmeseclassic.com



"ထင်းထင်းကိုအထင်မကြီးတော့ရော ဘာဖြစ်လဲ၊ သူကရော ရှင်းရှင်းတို့ကို အထင်ကြီးမတဲ့လား။ သူ့ကိုပိုင်းကြိုက်နေကြတာ သူလည်း သိလောက်နေပြီပဲ၊ ထင်းထင်းတစ်ယောက်ထဲ သူ့ကိုလိုချင်နေတာမဟုတ်ဘူး၊ ညီအစ်မသုံးယောက်စလုံး လိုချင်နေကြတာ"

"ဒါပေမဲ့ ညည်းလောက်တော့ သိက္ခာမမဲ့ဘူး"

ညီအစ်မနှစ်ယောက် အခြေအတင်တွေ ပြောနေကြသည်။ ငွေလ ဝင်လာတော့ နှစ်ယောက်စလုံး ကိုယ်ရှိန်သတ်သွားကြသည်။

"ဩော် ငွေလ မိုးစက်နဲ့ဖုန်းဆက်ဖြစ်သေးလား။ သူ ဘာပြော သေးလဲ"

သူတို့ကိုယ် သူတို့ စိတ်မလုံသူတစ်ယောက်လို ငွေလဆီမှ မိုးစက်အကြောင်းကို နှိုက်သည်။

"ဟင့်အင်း မဆက်ဘူး မမ၊ အစ်ကိုမိုးစက် မအားလို့ဖြစ်မယ်"

"အဲဒီညက မမထင်းထင်း အမူးလွန်ပြီး သောင်းကျန်းခဲ့တာ တွေကို စိတ်ထဲမထားပါနဲ့လို့ ပြောပေးပါအေ"

"ဟုတ်ကဲ့ ပြောပေးပါ့မယ်၊ အစ်ကို မိုးစက်လည်း နားလည် မှာပါ"

"ဒါဆိုရင် အိမ်လာဖို့ ခေါ်လိုက်ပါလား"

ရှင်းရှင်းက တစ်ခန်းထပြန်သည်မို့ ထင်းထင်း မနှစ်မြို့စွာ မျက်စောင်းထိုးလိုက်ပြီး

"ဘာလဲ မမရှင်းရှင်းရော စိတ်ကြွဆေးတွေသုံးပြီး အပိုင်သိမ်း





မလို့လား"

ညီအစ်မတွေကြုံတဲ့သူ နှက်စတာမ်း ဝွင်ကြုံတာနှင့် ထည့်နေ ကြသည်။ ဘယ်သူ့ဘယ်သူကိုမှ အကြောမပေး။

"ငါက နင့်လိုဂုဏ်သိက္ခာမဲ့အောင် မလုပ်ဘူး၊ ဂုဏ်သိက္ခာရှိရှိ ပဲ ငါလိုချင်တာကို ရအောင်ယူမှာ"

"အပေါက် လုပ်လိုက်လေ စောင့်ကြည့်ရသေးတာပေါ့"

"စောင့်ကြည့်လိုက်စမ်းပါ ငါက ဘွင်းဘွင်းလည်းမဟုတ်ဘူး၊ ထင်းထင်းလည်း မဟုတ်ဘူး ရှင်းရှင်း"

ခေါင်းမော့ရင်ကော့ကာ ပြောပြီး ထွက်သွားသော ရှင်းရှင်းကို ကြည့်ပြီး ထင်းထင်း လက်သီးတဆုပ်ဆုပ် အံတကြိတ်ကြိတ်ဖြင့် ကျန်ခဲ့ ပြီး မှန်တင်ခုံပေါ်မှ အလှပြင်ပစ္စည်းတွေကိုပါ ဒေါသတကြီး ဖယ်ချလိုက် သည်။

"တော်က် စိတ်ကြွဆေးထည့်ထားတဲ့ဝိုင်မှာ မိုးစက်မသောက်မိ ဘဲ ငါက ဘာကြောင့် သောက်မိရတာလဲ ငါ ငါ တော်တော်အသုံးမကျ တဲ့ မိန်းမပဲ၊ မိုးစက်သာသောက်မိလိုက်ရင် ပွဲသိမ်း"

တစ်ယောက်ထဲ အားမလိုအားမရဖြစ်ပြီး တတွတ်တွတ် ပြော နေသော ထင်းထင်းစကားသံတွေကို အခန်းအပြင်မှ ခိုးနားထောင်နေ သော ငွေလ ရယ်ချင်နေမိသည်။

တရားခံဟာ ငွေလဆိုတာသိသွားလျှင် ထင်းထင်းဒေါသတွေ ငွေလဆီ ပုံအောလာပြီး ဆံပင်မွှေးတွေ တစ်ပင်မှမကျန်အောင် ဆွဲနုတ်



www.burmeseclassic.com

မလားတောင်မသိ။

ဧတွးရင်း ကြက်သီးတွေထကာ ခန္ဓာကိုယ်မှာ ဆတ်ခနဲ တုန်သွားသည်။

အခန်းရှေ့မှ ခြေသံမကြားအောင် ခပ်တိတ်တိတ် ပြန်ထွက်လာခဲ့လိုက်သည်။

ထင်းထင်း ဝုန်းဒိုင်းကြဲ၍ ကောင်းနေတုန်း။

■ ■ ■

## အခန်း (၃၁)

"တောက်"

ငွေလထံမှ ကြားလိုက်ရသော အခြေအနေကြောင့် ဒုက္ခမှ သီသီလေး လွတ်လာသော ကိုယ့်အဖြစ်ကို ဒေါသဖြစ်၍မဆုံးတော့။

"တော်တော်ယုတ်မာတဲ့ မိန်းမပဲ၊ ဒီလိုဂွင်ဆင်ထားမှန်းသိရင် သူ့မွေးနေ့ကို အရေးလုပ်စရာအကြောင်းကိုမရှိဘူး"

"နားလည်ပေးလိုက်ပါ အစ်ကိုရယ်၊ တကယ်တော့ ဒါတွေအားလုံးဟာ အစ်ကို့ကိုချစ်တဲ့စိတ် ပိုင်ဆိုင်ချင်တဲ့စိတ်နဲ့ ကြံစည်ခဲ့တာတွေပါ"

မိန်းမချင်းကိုယ်ချင်းစာသည်ကတစ်ကြောင်း မိုးစက်ကို ဒေါသပြေစေချင်သည်ကတစ်သွယ်မို့ ရှာကြံပြီးတော့သာ ဖြေသိမ့်လိုက်သည်။

"ဒါပေမဲ့ ငွေလသာ ဝိုင်ကိုလဲမထားရင် ခုလောက်ဆိုရင် ကိုယ်

www.burmeseclassic.com



ကောင်းကောင်းချောင်ပိတ်မိနေပြီ တောင်ထဲရောက်ရင်ရောက် မရောက်ရင် ဒီလင်တရှူးမကြီးကို တစ်သက်စာတာဝန်ယူရမှာ"

"ဘာပဲဖြစ်ဖြစ် နောက်ဆိုရင်တော့ ငွေလဆီကို မလာနဲ့တော့ အစ်ကို၊ ခုလို စျေးသွားတဲ့အချိန်တွေမှာပဲ အပြင်မှာတွေ့ကြရအောင်"

"ကိုယ်ကတော့ ငွေလကို အဲဒီမှာ ဆက်မလုပ်စေချင်တော့ဘူး။ မိန်းမတွေတောင် ဒီလောက်အရှက်တရားကင်းမဲ့နေရင် သူတို့မောင် ညီညီကျော်ဆိုတဲ့ကောင်ကရော ငွေလကို တစ်ချိန်ချိန်မှာ မသိမ်းပိုက်ဘူးလို့ ပြောနိုင်မလား။ ဘာပဲဖြစ်ဖြစ် ကိုယ်လိုယောကျ်ားလေးတောင် လုံခြုံမှု မရှိရင် ငွေလကရော လုံခြုံနိုင်မှာတဲ့လား"

ရှေ့ရေးကို မျှော်ကြည့်ပြီး အကင်းပါးလွန်းသူ မိုးစက်စကားကြောင့် အရင်ရက်က ညီညီကျော် ပြုမူပုံတွေကို မျက်စိထဲပြန်မြင်ပြီး နှုတ်ခမ်းအစုံကိုတင်းတင်းစေ့ပြီး သက်မတစ်ချက် ရှိုက်လိုက်သည်။

"ငွေလအတွက် မပူပါနဲ့ အစ်ကို၊ ငွေလ ကိုယ့်ကိုကိုယ် ထိန်းနိုင်ပါတယ်"

"ဒါပေမဲ့ ကိုယ်စိတ်မချဘူး နောက်ပြီး အဲဒီအိမ်မှာလည်း မလုပ်စေချင်တော့ဘူး၊ ကိုယ်ပြောသလို စီစဉ်ကြမယ်"

"အစ်ကိုက ဘယ်လိုစီစဉ်မှာလဲ"

"မင်းကို လက်ထပ်မယ်"

ဘယ်လိုမှ မထင်ထားသည့်စကားမို့ ငွေလ မအံ့ဩဘဲ မနေနိုင်။ ငွေလများ နားကြားလွဲသလားဟု ရင်တထိတ်ထိတ်နှင့်တွေးကာ ကိုယ့်





အသားကိုကိုယ် မသိမသာ ဆွဲဆိတ်ကြည့်လိုက်သည်။

ရှူးခနဲ နာကျင်မှုက အမှန်တရားဆိုတာကို ခေါင်းတဆတ်ဆတ် ညိတ်ပြသည်။

ရင်တွေခုန်လိုက်တာ။

ရင်ထဲမှာ ပျော်ရမလား ဝမ်းနည်းရမလား။ ရင်ထဲမှ ဝေဒနာကို မခွဲခြားတတ်တော့။

"ငွေလကို အစေခံတစ်ယောက်နဲ့အစ်ကို့လို လူမျိုးနဲ့တန်မှ မတန်ဘဲ အစ်ကိုရယ်၊ ဒါကြောင့် လက်ထပ်ဖို့ကို မစဉ်းစားပါနဲ့"

ကိုယ့်ကိုကိုယ် သိမ်ငယ်မှုတွေနှင့် ငွေလ ဘာကိုမှမမျှော်လင့်ရဲပါ။

ငြင်းဆိုစရာ အပြစ်အနာအဆာ တစ်စက်ကလေးမှမရှိသော မိုးစက်ကို ငွေလည်း ချစ်နေခဲ့တာပါ။ သို့သော် အချစ်ဆိုတာ နှစ်ယောက်ထဲချစ်နေရုံနှင့် တစ်ဘဝလုံးပြီးသွားမှာမှ မဟုတ်တာ။

အစ်ကိုကချစ်၍ လက်ထပ်ပေမယ့် အစ်ကို့မိဘတွေက ငွေလလိုအဆင့်နိမ့်တဲ့မိန်းကလေးကို ချွေးမအဖြစ် ဘယ်လိုလက်ခံကြမှာလဲ။

"ဘာတွေကိုတွေးပြီး ပူနေတာလဲ ငွေလရယ်၊ ဖြစ်မလာသေးတာကိုတွေးပြီး ပူနေရင် ရှေ့ဆက်ပြီး သိမ်ငယ်မှုတွေနဲ့ပဲ အဆုံးသတ်ရလိမ့်မယ်"

"အစ်ကို နစ်နာမှာစိုးလို့ပါ"

"နစ်နာရအောင် ငွေလက တစ်လင်ကွာ တစ်ခုလပ်တို့ မုဆိုးမ



www.burmeseclassic.com

www.burmeseclassic.com



တို့ ကလေးသုံးယောက်အမေတို့မှ မဟုတ်တာဘဲကွာ"

လက်ချောင်းတွေကို ဂနာမငြိမ်စွာ ပွတ်သပ်နေသော ငွေလ၏လက်ကို ဆုပ်ကိုင်လိုက်သည်။ ငွေလ မရုန်းမိ။ မရုန်းချင်တာဆိုရင် ပိုမှန်ပါလိမ့်မည်။

ဘဝမှာ ဒီလောက်နွေးထွေးတဲ့လက်တစ်စုံ လာရောက်ဆုပ်မိုးဆုပ်ကိုင်လိမ့်မည်ဟု ဘယ်တုန်းကမှ မတွေးခဲ့ဖူးပါ။ ဘဝမှာအင်အားသင်တွေကို မွေးဖွားပေးလိုက်သလို အားအင်တွေပြည့်လာသည်။

စိုးရိမ်တာက တစ်ခုထဲပါ။

ထိုအရာသည် အစ်ကို့မိဘများ ကန့်ကွက်ကြမလားဟူသော စိုးရိမ်စိတ်တို့ပါပဲ။

တကယ်ဆို အစ်ကို့အချစ်ကို ငွေလ မငြင်းချင်ပါဘူး အစ်ကို။

■ ■ ■

## အခန်း (၃၂)

"ဒါ ညီမလေးအတွက် မင်္ဂလာလက်ဖွဲ့အကြို"

ပလက်တီနမ်ဆွဲကြိုးတစ်ကုံးကို ငွေလ လည်ပင်းမှာ ဆွဲပေးရင်းပြောလိုက်သောစကားကြောင့် ငွေလ ဇဝေဇဝါဖြစ်သွားသည်။

ငွေလကို ဘာကြောင့် မင်္ဂလာလက်ဖွဲ့အကြိုကို ပေးရတာလဲ ငွေလ နားမလည်နိုင်။

"ငွေလ မင်္ဂလာလက်ဖွဲ့ ဟုတ်လား မမကြီး"

"ဟုတ်တယ်လေ ယောက်မလေးရဲ့၊ ညီညီက ငွေလနဲ့လက်ထပ်မယ့်ရက်ကိုတောင် ရွေးနေပြီ၊ သူ့ခမျာ ငွေလကို ပိုင်ဆိုင်ရတော့မှာမို့ အရမ်းကိုတက်ကြွနေတာ"

တက်ကြွစွာပြောနေသော မမကြီးစကားကြောင့် ငွေလ ကြောင်သွားသည်။ ဒါ မဖြစ်နိုင်ဘူး။ အဓောကြီးကတည်းက ညီညီကျော့ကို



www.burmeseclassic.com

www.burmeseclassic.com



ငွေလ ငြင်းပြီးသားပဲ။

ငွေလ ခေါင်းကို ခပ်ဖြည်းဖြည်း ခါရမ်းလိုက်သည်။

"ဟင့်အင်း ငွေလ အစ်ကိုလေးကို လက်ခံမထားဘူး မမကြီး"

ငြင်းဆိုနေသော ငွေလစကားကြောင့် ဘွင်းဘွင်း အံ့ဩသွား ကြည့်ရင်း

"မမကြီးရဲ့မောင်ကို ငွေလလိုမိန်းကလေးမျိုးက ငြင်းတယ် ဟုတ်လား၊ အမလေး အံ့ဩစရာကောင်းလိုက်တာ"

မောင်ဖြစ်သူ အငြင်းခံလိုက်ရ၍ ဘွင်းဘွင်း ခံရခက်တာတော့ အမှန်ပင်။

"ညည်းလေးက မိုးစက်ရဲ့ညီမဝမ်းကွဲဖြစ်နေလို့ တို့ကလည်း သူ့ဆန္ဒကို ကြည်ကြည်ဖြူဖြူလက်ခံခဲ့တာ၊ မိုးစက်နဲ့ဘာမှမပတ်သက်ခဲ့ ဘူးဆိုရင်လေ မမကြီးတို့ကလည်း အိမ်ဖော်တစ်ယောက်နဲ့ ဘယ်လို သဘောတူမှာမဟုတ်ဘူး"

"ငွေလ အိမ်ထောင်ရေးကို စိတ်မဝင်စားလို့ပါ မမကြီး၊ မရေ မရာ လျှောက်လှမ်းနေရတဲ့ ကိုယ့်ဘဝကို ဘယ်လိုအနှောင်အဖွဲ့တွေနဲ့ အချည်မခံချင်ပါဘူး"

"အေးလေ မရေမရာလှမ်းနေရမှတော့ ညီညီနဲ့လက်ထပ်လိုက် တော့ ရေရာသွားမယ်မဟုတ်လား။ အိမ်စေဘဝက လွတ်ပြီလေ"

"ငွေလမှ အစ်ကိုလေးကို မချစ်တာ"

"ညည်းအခြေအနေနဲ့ အချစ်ဆိုတာကို ရှာတွေ့နေသေးလား





အချစ်က ဗိုက်မဝဘူးအေ့"

ဒါဆို မမတို့လည်း အစ်ကိုမိုးစက်ကို အသည်းအသန်လိုက် ချစ်မနေကြနဲ့ အချစ်ကဗိုက်မဝဘူးလို့ ပြောလိုက်ချင်ပေမယ့် မပြောရဲပါ။

"ဘာပဲဖြစ်ဖြစ် ကျုပ်တို့မောင်က လိုချင်တာကို မရရအောင် ယူတတ်တယ်၊ ညည်း ကြပ်ကြပ်သတိထားနေပါ"

သတိကောင်းကောင်းပေးပြီး ဘွင်းဘွင်း ခြေဆောင့်ပြီး ထ သွားသည်။

သူတို့နဲ့ခပ်ဝေးဝေးနေနေသော အချစ်တွေကို ဘာကြောင့်များ အငမ်းမရ တောင်းခံသိမ်းပိုက်ချင်နေကြတာလဲ။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၃)

"သူက ဟိုငယ်ငယ်လေးကတည်းက တဖွတ်ထိုး လုပ်တတ်တဲ့ အကျင့်ရှိတယ်၊ နောက်ပြီး ဝိုင်လေးက သောက်လိုက်တော့ မူးပြီး သူ ပြောချင်ရာတွေလျှောက်ပြောနေတာပါ မိုးစက်ရယ်၊ မမတော့လေ ဘယ် လိုတောင်းပန်ရမှန်းကို မသိတော့ဘူး"

"ရပါတယ် ဒါဖြစ်တတ်တဲ့သဘောမို့ ကျွန်တော့်စိတ်ထဲ မထားပါ ဘူး၊ ကျွန်တော့်ကြောင့် ဘာမှစိတ်အနှောင့်အယှက် မဖြစ်နဲ့"

"အို မဖြစ်လို့ရမလား၊ အခု မိုးစက်က အိမ်ကိုတောင် မလာ တော့ မမတို့ညီအစ်မတွေက ပိုပြီး စိတ်မကောင်းဖြစ်ကြတာပေါ့၊ အဲလို စိတ်မကောင်းဖြစ်လေ ထင်းထင်းကို ပိုပြီးဆူကြလေပဲ"

"မမထင်းထင်းကို ဆူမနေပါနဲ့ သူလည်း ပင်ကိုယ်စိတ်ကြောင့် မှားသွားတာမှ မဟုတ်တာ ယမကာကြောင့် မှားရတာပဲ"





"ဒါဆိုရင် အိမ်လာလည်ပါဦးလား"

"ဗျာ"

မိုးစက် လန့်သွားသည်။

"ကြော် ငွေလဆီ လာမတွေ့တော့ဘူးလားလို့ ငွေလကလေ သူ့အစ်ကို မလာလို့လားမသိဘူး၊ ခုတလော မျက်နှာမကောင်းဘူး"

"ကြော် အင်း လာ လာတာပေါ့"

"ဒါဆို ခုလိုက်ခဲ့ပါလား"

ထုံးစံအတိုင်း ဖွတ်ခေါ်တော့သည်။ အိမ်ကိုလည်း မဖိတ်ခေါ်ဘဲ နှင့် ဖွတ်လာသည်။

"ခုလိုက်ခဲ့လို့မရဘူး ကျွန်တော့်အမေ အပြင်သွားလို့ ကျွန်တော် အိမ်စောင့်နေရတာပါ"

"ဟယ် ဒါဆို အိမ်မှာ အခု မောင်လေးတစ်ယောက်ထဲပေါ့"

"ဟုတ် ဟုတ်တယ်လေ ဘာ ဘာဖြစ်လို့လဲ"

ရှင်းရှင်း မျက်လုံးတွေ အခွင့်အရေးယူချင်သောစိတ်ဖြင့် မျက်လုံးအရောင်တလက်လက် တောက်ပနေသည်။

"ကြော် ဟော် အဟင်း ဘာမှမဖြစ်ပါဘူး"

အိမ်ကိုဝေ့ကြည့်ပြီး တဟင်းဟင်းရယ်ကာ လက်ဝါးချင်း အဓိပ္ပာယ်မဲ့ပွတ်သပ်၍နေသည့် ရှင်းရှင်းကိုကြည့်ပြီး မိုးစက် လန့်တော့ လန့်သည်။

ဒီအချိန်မှာ မိုးစက်က မိန်းကလေးဖြစ်ပြီး သူကသာ ယောကျ်ား



www.burmeseclassic.com

www.burmeseclassic.com



လေးဆိုလျှင် မိုးစက်ကို အတင်းဖက်နမ်းမလားမသိ။

"မိုးစက်အမေကလည်း ချောတာပဲနော်၊ အင်းလေ ဒီလောက် ချောတဲ့သားကိုမွေးထားတဲ့အမေရဲ့ရုပ်ရည်ကလည်း ဘယ်ခေလိမ့်မလဲ"

မြန်မြန်ပြန်ပါတော့ဟု စိတ်ထဲက နှင်နေပေမယ့် အေးအေး ဆေးဆေးထိုင်ပြီး ရောက်တက်ရာရာတွေကို ပြောကောင်းတုန်း။

"ဩော် ဒါနဲ့ ကော်ဖီလေးတစ်ခွက်လောက် မတိုက်ချင်ဘူး လား မိုးစက်ရယ်"

"တိုက် တိုက်ချင်ပါတယ် ဒါပေမဲ့ အိမ်မှာကော်ဖီသောက်လေ့ မရှိလို့ ကော်ဖီထုပ်တော့ မဝယ်ထားဖြစ်ဘူး"

မိုးစက်က ကော်ဖီဝင်ဖျော်ပါပြီတဲ့ အခန်းထဲထိလိုက်ဝင်လာရင် မခက်ပေဘူးလား။ သူ့တို့ညီအစ်မတွေစိတ်က ဒင်ပြည့်ကျပ်ပြည့်ဟုတ်မှ မရတော့ သိပ်စိတ်မချရ။

"ဩော် ဒါဆိုရင် မမနဲ့အပြင်လိုက်ခဲ့ပါလား၊ ကော်ဖီဆိုင် ထိုင် ရအောင်လေ"

"ဒီနေ့တော့ လိုက်လို့မရဘူး မမ၊ မေမေက အပြန်နောက်ကျ မှာဆိုတော့ အိမ်ပိတ်ပြီးသွားလို့မရဘူး၊ နောက် နောက်မှပဲ"

"အေးလေ ဒါဆိုလည်း နောက်တစ်နေ့ပေါ့ကွယ်၊ အ အမ လေး"

ရုတ်တရက် မျက်နှာရှုံ့မဲ့သွားသဖြင့် မိုးစက် မျက်လုံးပြူးသွား သည်။ ဆက်တီခုံက ဂျပိုးများထိုးလိုက်လို့လားပေါ့။



"ဘာဖြစ်လို့လဲ မမရှင်းရှင်း"

"ဘာဖြစ်ရမှာလဲ အမလေး ဗိုက် ဗိုက်ရစ်ပြီး နာလာလို့"

"ဗျာ"

ရှင်းရှင်း ဗိုက်ကိုအသာနှိပ်ကာ မျက်နှာတစ်ပြင်လုံး ဘူးသီး ခြောက်လို ရှုံ့တွနေသည်။

"နောက် နောက်ဖေးသွားချင်လို့"

မိုးစက် သိပ်မသက်ာချင်။ ဒီမိန်းမကြီး မူယာမာယာများ များ နေသလား။

"ဘယ်မှာလဲ သန့်စင်ခန်း"

"နောက်ဖေးမှာလေ"

နောက်ဖေးခန်းဘက်သို့ လက်ညိုးညွှန်ပြလိုက်တာနှင့် ရှင်းရှင်း ခေါက်ခနဲထပြီး မီးဖိုခန်းဘက်သို့ လိမ်ကျစ်လိမ်ကျစ် ပြေးဝင်သွားလေ သည်။

တကယ် အခက်အခဲဖြစ်နေပုံကြောင့် မိုးစက် ငုတ်တုတ်ထိုင် ကြည့်နေရုံမှအပ ဘာမှမတတ်နိုင်။

ပေလာရင် အမှုပါတယ်ဆိုသလိုမျိုးပေါ့။ ဒင်းတို့နှင့် တစ်ကြိမ် တစ်ခါပတ်သက်မိလျှင် ကိုယ့်လူပျိုဘဝ ဘယ်တော့များ ပန်းကောင်း အညွှန့်ချိုးခံရလိမ့်မလဲဆိုပြီး ရင်မှာတထိတ်ထိတ်။

"ဟဲ့ သား တစ်ယောက်ထဲ ငူကြီးထိုင်ပြီး ဘာလုပ်နေတာလဲ၊ အိမ်ရှေ့က ထလာတာလား။ ငူငူငေါင်ငေါင်နဲ့"

www.burmeseclassic.com

www.burmeseclassic.com



"ဟင် မေမေ ပြန် ပြန်လာပြီလား"

အိမ်ထဲဝင်လာသော မိခင်ဖြစ်သူကိုတွေ့သည်နှင့် မိုးစက် ထိုင်ရမလို ထရမလို ဖြစ်သွားသည်။

"ဟဲ့ သား ဘာဖြစ်နေတာလဲ"

"ဘာ ဘာမှမဖြစ်ပါဘူး မေမေရ"

အရေးထဲ ဟိုမိန်းမကြီးက အိမ်သာဝင်နေရသေးသည်မို့ မိုးစိုခန်းဆောက်သို့ မလုံမလဲ လှည့်ကြည့်လိုက်သေးသည်။

"ဟော့တော် ဒုက္ခပါပဲ"

"ဗျာ ဘာ ဘာဖြစ်လို့လဲ မေမေ"

"လမ်းထိပ်စတိုးဆိုင်မှာ ဈေးဝယ်ထားတဲ့အထုပ်တစ်ထုပ် ကျန်ခဲ့တယ်၊ မေမေ့ကို သွားယူပေးစမ်း"

"ဟာ ပြီး ပြီးမှယူပေးမယ်နော်"

"သြော် ပြီးမှသွားယူတော့ ပျောက်မှာပေါ့ကွယ်၊ သွား ရပဲ မြန်မြန်သွားယူ"

အလောတကြီး သွားယူခိုင်းနေသည်မို့ ထပ်ငြင်း၍ မရတော့။ လမ်းထိပ် စတိုးဆိုင်သို့ ခပ်သုတ်သုတ် ထွက်လာခဲ့လိုက်သည်။



## အခန်း (၃၄)

"ဟင် မင်း မင်းက ဘယ်သူလဲ"

သန့်စင်ခန်းကထွက်ထွက်ချင်း ဖြူဖြူခန့်ခန့် အမျိုးသမီးကြီးတစ်ဦးကို တွေ့လိုက်ရ၍ မိုးစက်အမေဖြစ်မည်ဆိုတာ ဒက်ခနဲ သိလိုက်သည်။

"ရှင်းရှင်းက မိုးစက်ရဲ့ချစ်သူပါ"

"ဟင်"

ဝကာစ်ကာစ်လေးနှင့် သားထက်အသက်ကြီးပုံရသော မိန်းကလေးကိုကြည့်ပြီး ငါ့သား ဘယ်လိုမိန်းကလေးမျိုးကိုမှ ကြိုက်ရသလဲဟုသော အတွေးမျိုးဝင်မိပေမယ့် နှုတ်ကတော့ ထုတ်မပြောဖြစ်။

"ရှင်းနာမည် ရှင်းရှင်းပါ မိုးစက်ရဲ့ချစ်သူဖြစ်တာ မကြာသေးပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"သားက သူ့မှာချစ်သူရှိတယ်ဆိုတာ တစ်ခါမှမပြောဖူးဘူး"

"သူက သိပ်ပြီးလျှို့ဝှက်လွန်းတယ် အန်တီ့ကိုတင်မဟုတ်ဘူး သူ့မိတ်ဆွေအပေါင်းအသင်းတွေကိုကအစ ရှင်းရှင်းနဲ့ဘယ်လိုပတ်သက်တယ်ဆိုတာ မပြောဘူး။ ရှင်းရှင်းကိုလည်း ပေါ့ှောက်မပြောဖို့ ပိတ်ထားတယ်၊ ပြောရင် ချစ်သူအဖြစ်က စွန့်လွှတ်မယ်ဆိုလို့ မပြောရဲပါဘူး"

သနားစရာမျက်နှာငယ်လေးဖြင့် ပြောနေသော ရှင်းရှင်းကို ကြည့်ပြီး မိုးစက်အမေ တွေဝေသွားကာ

"ဒါဆိုရင် အန်တီ့ကိုကျတော့ ဘာလို့ပြောလဲ၊ ချစ်သူအဖြစ်က စွန့်လွှတ်ခံရမှာ မကြောက်ဘူးလား"

"ကြောက်ပေမယ့် ရှင်းရှင်းက မိုးစက်ချစ်သူပါလို့ ထုတ်မပြောရင် အန်တီက ရှင်းရှင်းကို သူခိုးလို့ထင်သွားမှာပေါ့"

ဒါလည်း ဟုတ်နေတာမို့ မိုးစက်အမေ ဘာမှဆက်မပြောတော့ဘဲ ရှင်းရှင်းကို ခြေဆုံးခေါင်းဆုံး အကဲခတ်လိုက်သည်။

"မိုးစက်ရောဟင်"

"သူ့ကိုလမ်းထိပ်မှာ ပစ္စည်းကျန်ခဲ့လို့ သွားယူခိုင်းထားတယ်၊ ဒါနဲ့ မင်းရောက်တာ ကြာပြီလား"

"မကြာသေးပါဘူး အန်တီ၊ ရှင်းရှင်းကို မိုးစက်က စိတ်ဆိုးနေလို့ မိုးစက်အိမ်ကို အရဲစွန့်ပြီး လိုက်လာရတာပါ"

ကိုယ့်သားကို အလိုလိုက် အကြိုက်ဆောင်ပေးမယ့် မိန်းမမျိုးမို့ ရုပ်မလှပေမယ့်လည်း ဖြေသာလိုက်ပါသည်။





"ကဲ လာ လာ အိမ်ရှေ့ကို တော်ကြာနေ သားပြန်လာတော့မှာပါ"

"ဟုတ်ကဲ့ပါ"

ယောက္ခမလောင်းနောက်မှ ခပ်ကုတ်ကုတ် လိုက်လာရင်း ရှင်းရှင်းစိတ်ထဲမှာ ကျေနပ်နေမိသည်။ ဘာပဲဖြစ်ဖြစ် အဘွားကြီးက သူ့သားချစ်သူအဖြစ်အသိအမှတ်ပြုမည့်ပုံပင်။

ကိုယ်ကလည်း ဝင်ကြွတုန်း ချော်လဲရောထိုင်လိုက်တာ တစ်ခါထဲကွက်တိ။

အဘွားကြီးက မေးသေးသည်။ သူ့သားနဲ့ချစ်သူဖြစ်တာ ဘယ်လောက်ကြာပြီလဲတဲ့။

သိပ်မကြာပါဘူး မိုးစက်ပြန်ရောက်လာသည်။ ဧည့်ခန်းထဲတွင် မိခင်ဖြစ်သူနှင့်စကားတွေဖောင်ဖွဲ့အောင် ပြောနေသော ရှင်းရှင်းကို မိတ်ဆက်ပေးသည်။

"မေမေ ဒါ သား မိတ်ဆွေလေ ရှင်းရှင်းတဲ့"

"မေမေ သိပြီးပါပြီ သားရဲ့"

"ဟုတ်တယ် မိုးစက်ရေ မမ ကိုယ့်ဖာသာပဲ မိတ်ဆက်လိုက်တယ်၊ အန်တီကအရမ်းချစ်ဖို့ကောင်းပြီး သိပ်ဖော်ရွေတာပဲကွယ်"

"ဗျာ ဟုတ် ကျွန်တော့်အမေက အဲလိုပါပဲ"

မိုးစက်မျက်နှာ ရှုံ့တွရှုံ့တွဖြစ်နေသည့်အတွက် မိခင်ဖြစ်သူ နားလည်စွာ ပြုံးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့ထက်အသက်ကြီးတဲ့သူကို ရွေးချယ်ထားပြီး မိခင်နှင့်မိတ်ဆက်မပေးရဲလောက်အောင် ရှက်နေမှာပေါ့။

■ ■ ■

## အခန်း (၃၅)

"ကျွန်တော်လက်ထပ်တော့မယ် မေမေ"

သိပြီးသားကိစ္စဖြစ်ပေမယ့် တမင်ပင် မသိချင်ဟန်ဆောင်ကာ

"ဖြန်းစားကြီးပါလား သားရယ်"

"ဟုတ်တယ် မေမေ ကျွန်တော့်အလိုဆိုရင် နောက်တစ်နှစ်မှ လက်ထပ်ခွင့်တောင်းမလို့ပါ၊ ဒါပေမဲ့ သူ့အတွက်တော့ လက်ထပ်ဖို့ကို အချိန်ဆွဲထားလို့ မရဘူးလေ"

"အေးပေါ့ သားရယ် မိန်းကလေးတစ်ယောက်ကို တွဲတုန်းက တွဲပြီး လက်ထပ်ဖို့အချိန်ဆွဲနေတယ်ဆိုရင် နစ်နာခြင်းနစ်နာ မိန်းကလေးဘက်ကပဲ နစ်နာရမှာ၊ သားလည်း အိမ်ထောင်ပြုရမယ့်အရွယ်လည်း ရောက်နေပြီဆိုတော့ မေမေ မကန့်ကွက်ပါဘူး"

"ဒါဆိုရင် သားလက်ထပ်ဖို့ စီစဉ်လိုက်တော့မယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



"အေးပါ အေးပါ ဒါနဲ့ မင်္ဂလာပွဲကို ဘယ်မှာလုပ်မှာတုန်း"

"သိပ်ပြီးကြီးကြီးကျယ်ကျယ် မလုပ်တော့ဘူး မေမေ၊ ရုံးတက် လက်မှတ်ထိုးရုံပါပဲ"

အကျယ်မချဲ့လိုသော သားဖြစ်သူ၏ဆန္ဒကို မသိဘဲနေမလား။

မိန်းမကအသက်ကြီးကြီးဆိုရင် အသိုင်းအဝိုင်းက နှာခေါင်းရှုံ့ ချမှာမို့ ရုံးတက်လက်မှတ်ထိုးရုံပဲ စီစဉ်တာဖြစ်မည်။ ဘာပဲဖြစ်ဖြစ် သားနဲ့ ဖူးစာပါလို့ ရွေးချယ်တယ်ဟု သဘောထားပြီး သားရွေးချယ်တဲ့မိန်းမကို ချွေးမအဖြစ် ကြည်ကြည်ဖြူဖြူ လက်ခံရတော့မှာပေါ့၊ အဓိကက မျိုးဆက် မတုံးဖို့ပါပဲ၊ သမီးကြီးတို့နက အိမ်ထောင်တော့ပြုပါရဲ့ ကလေးကမရနိုင် ယရသားကျတော့ ယူတဲ့မိန်းမက အသက်ကြီးကြီးဆိုတော့ စိတ်ထဲက ထင့်တော့ ထင့်သား။ ကလေးမှ ရနိုင်ပါ့မလားလို့ပေါ့။ သွေးဆုံးနေရင် ဘယ့်နှယ်လုပ်မတုန်း။

"မိန်းကလေးက ကလေးတော့ ရမှာပါနော်"

"ဗျာ"

"ဩော် မေမေက မြေးချင်တာလေ သားရဲ့၊ သားအစ်မတို့ ကလေးမရနိုင်ဘူးဆိုရင်ဘယ့်နှယ်လုပ်မလဲ"

မိခင်၏စိုးရိမ်စိတ်ကြောင့် မိုးစက် ရယ်လိုက်သည်။

"စိတ်ချ မေမေ လက်ထပ်ပြီးတာနဲ့ မေမေ့အတွက် ချစ်စရာ ကောင်းတဲ့မြေးလေး မွေးပေးပါ့မယ်"

"တကယ်နော် သား"



"တကယ်ပါ မေမေ"

မိခင်မျက်နှာပေါ်မှ မျှော်လင့်ချက်နှင့်ပီတိတွေကို ဖတ်ရင်း မိုးစက်ရင်ထဲမှာလည်း ခုချက်ချင်း ငွေလကို လက်ထပ် ခုချက်ချင်း ကလေးမွေးပေးလိုက်ချင်တာပါ။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၆)

"ဒွီ ဒွီ ဒါ ဒါ ဒါ ဒန် ဒန် ဒန်"

မှန်တင်ခုံရှေ့မှာ အလှပြင်နေသော ရှင်းရှင်းကိုကြည့်ရင်း ဘွင်းဘွင်းရော ထင်းထင်းရော ထူးခြားနေသည်ဟု တွေးကာ မသိမသာ အကဲခတ်နေကြသည်။

"နင် အူမြူးနေပါလား ရှင်းရှင်း"

"ယောက္ခမလောင်းနဲ့ သွားတွေ့မလို့"

"ဘာလဲ နင့်ကိုအသေလဲကြိုက်နေတဲ့ ကိုတိုးအောင်ကို နင် လက်ခံလိုက်ပြီပေါ့ ဟုတ်လား"

ကိုတိုးအောင်ဆိုတဲ့သူက ကားဝပ်ရှော့ပိုင်တဲ့သူဖြစ်သည်။ အသားမည်းတူး ပြာဟောက်ပြီး ရုပ်ကလည်း အလွန်ဆိုးသူဖြစ်သည်။ ရှင်းရှင်း အပျိုဖြန်းအရွယ်ကတည်းက သေလောက်အောင်ကြိုက်နေသူ။





အလှကြိုက်သော ရှင်းရှင်းက ရုပ်ဆိုးလွန်းသော ကိုတိုးအောင်ကို ကြိုက်ဖို့နေနေသာသာ တံတွေးတောင် လှည့်ထွေးသူမဟုတ်။

ကိုတိုးအောင်အမေကလည်း သူ့သားကြိုက်နေသော ရှင်းရှင်းကို လှပ်ရည်ကိုင်ရည်ရှိပြီး အထုပ်ရှိသူမို့ သဘောတူပြီးသား။ လမ်းတွေ့ရင်တောင် ချွေးမလောင်းလေးဟု အမြဲစနေသူဖြစ်သည်။

"ကောင်းပါတယ် မမရှင်းရှင်းရယ် ကိုတိုးအောင်က အသားမည်းပေမယ့် စိတ်နှလုံးဖြူစင်ပါတယ်၊ မမရှင်းရှင်းကိုလည်း ချစ်လိုက်တာမှ တုန်ခိုက်နေတာပဲ ညားပြီးရင် ထမင်းတောင်ဝါးကျွေးရင်ကျွေးမှာ"

"ဝေ့ ထွီ ဘာတွေလာပြောနေတာလဲ၊ သူများကို မဦးမချွတ် ဒီလူနဲ့မှ လာထင်ရသလား။ လာဘ်တော့ ပိုက်တော့မှာပဲ"

"နို့ ဒါဆိုရင် ဘယ်သူလဲ ဘယ်ကယောက္ခမလောင်းလဲ"

"မိုးစက်အမေလေ"

"ဘာ"

ဘွင်းဘွင်း၏ ဘာဆိုသောအသံကျယ်ကြီးကြောင့် ရှင်းရှင်းရော ထင်းထင်းရော ဆတ်ခနဲ တုန်တက်သွားသည်။

"အမလေး ဖြည်းဖြည်းအော်ပါ မီးရထားစက်ခေါင်းအသံကြီးနဲ့ လူကိုလန့်အောင်လုပ်တယ်"

"မိုးစက်က ငါ့ချစ်သူဟဲ့ နင် မျက်နှာပြောင်တိုက်လုချည်လား"

"ချစ်သူက လက်ထပ်ထားတဲ့သူမှမဟုတ်တာ မမကြီးနဲ့ သူနဲ့ ချစ်သူဆိုရင် မြန်မြန်လက်ထပ်လိုက်ကြလေ၊ ဒါဆိုရင် ရှင်းရှင်းလည်း



www.burmeseclassic.com

www.burmeseclassic.com



မိုးစက်ကို လုံးဝ စွန့်လွှတ်လိုက်မယ်''

"ဟဲ့ ချစ်သူဖြစ်တိုင်း ငါတို့က ဆိုင်းမဆင့်ဗုံမဆင့် လက်ထပ်ရမလား''

"ဟုတ်တယ် မြန်မြန်ထပ်တော့''

"ငါက ထပ်ချင်တာပေါ့ သူမှ မထပ်သေးတာ''

"ဒါဆိုရင်တော့ သူများနောက်ပါမှာကို မတွန့်တိုနေနဲ့လေ၊ လက်မထပ်ရသေးတဲ့အတွက် ရှင်းရှင်းလည်း မိုးစက်ကို ပိုင်ဆိုင်နိုင်တာပဲ''

"နင်တို့ တော်တော်အရှက်တရား ကင်းမဲ့ပါလား''

"အရှက်တရားကင်းမဲ့တာ မဟုတ်ဘူး၊ အချစ်ကြီးတာ၊ ရယူပိုင်ဆိုင်ချင်တာ''

"လဲသေလိုက်''

ဘွင်းဘွင်း အသားတွေ တဆတ်ဆတ်တုန်ကာ ရှင်းရှင်းကို ကျိန်ဆဲလိုက်သည်။

ရှင်းရှင်း မခိုးမခန့်ရယ်ရင်း

"မသေနိုင်သေးဘူး မိုးစက်နဲ့လက်ထပ်ပြီး သားတွေ သမီးတွေ လှိုင်လှိုင်မွေးပြီး ပျော်ပျော်နေပြီးမှ သေမှာ''

ထင်းထင်းကတော့ ပွဲကြည့်ပရိသတ်လို ဘေးမှသာ စောင့်ကြည့်နေသည်။

ရှင်းရှင်း စကားနှင့်အနိုင်ပိုင်းကာ အခန်းထဲမှ ခပ်မော့မော့ ထွက်ခဲ့လိုက်သည်။





"သူ့နောက်မပါစေချင်ရင် ကိုယ့်ချစ်သူကို ကိုယ်မြန်မြန်စည်းရုံးပြီး လက်ထပ်လိုက်ပေါ့''

ထင်းထင်း ဘေးတီးပေးသည့်စကားကြောင့် ဘွင်းဘွင်း ငေါင်သွားသည်။ တကယ်ဆိုရင် မိုးစက်နှင့်သူနှင့်က ဘာမှမှ မဖြစ်သေးတာ။

ရင်ထဲမှာ မနာလိုစိတ်တွေ တဖွားဖွား ပေါ်ပေါက်လာကာ တက်တစ်ချက် ခပ်ပြင်းပြင်းခေါက်လိုက်သည်။

မိုးစက် သူ့ကိုချစ်လာအောင် ဘယ်လိုလုပ်ရမလဲ။

အသက်သာပြန်ငယ်လို့ရလျှင် ဘယ်လောက်ကောင်းလိမ့်မလဲ။

ခုတော့ ခုတော့ စိတ်ကူးနှင့်ပင် ကြည်နူးနေရသည့်ဘဝ။ မိုးစက်အချစ်ကိုရဖို့ဆိုတာ ကမ္ဘာပြိုသွားလျှင်တောင် မဖြစ်နိုင်သည့်ကိစ္စ။

"ငါတို့ ဘာလုပ်ကြရင်ကောင်းမလဲ ထင်းထင်း နင်ရော ငါရော မိုးစက်ကို ပိုင်ဆိုင်ချင်ကြတယ်''

ထင်းထင်းကို စစ်ကူတောင်းသည်။ ထင်းထင်းလည်း ဘာမှ မတတ်နိုင်။

"အားလုံးပိုင်ဆိုင်ကြဖို့တော့ မဖြစ်နိုင်ဘူးလေ မကြီးရဲ့၊ မိုးစက်ကို သုံးပိုင်းပိုင်းပြီး ခွဲဝေယူရအောင် မိုးစက်က ရုပ်ဝတ္ထုပစ္စည်းမဟုတ်ဘူး''

"ဒါဆိုရင် ငါတို့ညီအစ်မသုံးယောက်ထဲက တစ်ယောက်ယောက် ပိုင်ဆိုင်သွားရင်ရော နင် ကြည်ဖြူမှာလား ထင်းထင်း''

"သူ့အရည်အချင်းရှိရင် သူပိုင်ဆိုင်ရအောင်လုပ်ပေါ့၊ အကယ်



www.burmeseclassic.com

www.burmeseclassic.com



၍ မမကြီးနဲ့ဦးစက်ချစ်သူဘွေဆိုရင် အမြန်ဆုံးလက်ထပ်လိုက်၊ ဒါဆိုရင် ရှင်းရှင်းလည်း လက်လျှော့သွားမှာပဲ''

ဘွင်းဘွင်း ဘာစကားမှ ပြောစရာမရှိတော့။

ယောကျ်ားတစ်ယောက်ကို ဦးသူယူစနစ်နဲ့ ယူရမှာလား။

■ ■ ■

## အခန်း (၃၇)

''ငါတို့ လက်ထပ်မယ့်ရက်ကို ရွေးပြီးပြီ ငွေလ''

''ရှင့်ကို ဘယ်သူက လက်ထပ်မယ်ပြောလို့လဲ''

''မင်းဆန္ဒပါပါ မပါပါ ငါကတော့ မင်းကိုလက်ထပ်မှာကိုဖြစ်မှာ၊ ရော့ ဒါ ငါ့အမေလက်ထက်က ဝတ်ခဲ့တဲ့ လက်ဝတ်လက်စားတွေ''

ကြေးသေတ္တာဘူးအသေးလေးထဲမှာ လက်ဝတ်လက်စားတွေ အပြည့်။

''ဟင့်အင်း ငွေလ မလိုချင်ဘူး''

''မင်းတော်တော် လောဘနည်းတဲ့မိန်းမပဲ၊ ငါလေ ဒီပစ္စည်းတွေကို ဘယ်သူ့ကိုမှပေးခဲ့ဖို့ မရည်ရွယ်ခဲ့ဘူး။ ငါ့အမေက သူမသေခင် ချွေးမလေးအတွက် ကြိုပြီး အမွေပေးခဲ့တာ၊ အခု မင်းနဲ့တိုက်လို့ ပေး ရတာ''

''အချစ်မပါဘဲနဲ့ ဘဝတစ်ခုကို မတည်ဆောက်ချင်ဘူး ငွေလ

ကို လက်လွှတ်လိုက်ပါ အစ်ကိုလေးရယ်''

''မင်းက ငါ့ကိုမချစ်ဘူးပေါ့ ဟုတ်လား''

''ဟုတ်တယ်''

''ရတယ် ချစ်ဖို့မလိုဘူး။ ငါကလည်း မင်းဆီက အချစ်ကို စိတ်ရှည်လက်ရှည်စောင့်ပြီး မတောင်းပါဘူး။ ငါက ချစ်နေရရင် ကျေနပ် နေတဲ့ကောင်ပဲ၊ မင်းနဲ့ငါနဲ့ကြားမှာ ငါ့အချစ်တစ်ခုထဲနဲ့ပဲ တည်ဆောက် မယ်၊ မင်းက ငါ့ကို အချစ်တွေပြန်ပေးစရာမလိုဘူး''

''အချစ်တွေ ပြန်မပေးရုံတင်မဟုတ်ဘူး။ အစ်ကိုလေးဘဝထဲ ကိုပါ ငွေလ မဝင်ချင်ဘူး''

ယတိပြတ် ငြင်းဆန်လိုက်သောစကားကြောင့် ညီညီကျော် မျက်နှာ ပြုံးနေရာမှ တည်တင်းသွားသည်။

''မင်း ဘယ်သူ့အားကိုးနဲ့ မိုက်နေတာလဲ ဟမ်''

''အစ်ကိုလေးကို ပြန်မချစ်နိုင်တာ ငွေလ မိုက်မဲတာမှမဟုတ် တာ၊ ပန္နည်းမက်တာလေးတစ်ခုနဲ့ မချစ်တဲ့ ခေါင်းညိတ်လက်ခံလိုက်တာ ကမှ မိုက်မဲတာလို့ ခေါ်တယ်''

အမှန်ဆို ငွေလကလည်း မိုးစက်အားကိုးနဲ့ မိုက်မဲနေတဲ့သူပါ။

ငွေလနှလုံးသားကို မိုးစက်ကို ပေးထားပြီးသားမို့ နောက်ထပ် ဘယ်သူကို ထပ်ချစ်ရဦးမှာတဲ့လဲ။

■ ■ ■



အခန်း (၃၈)

''ဟင် ငွေ ငွေလ ဒီ ဒီဘူးက ညည်းဆီကို ဘယ်လိုရောက် နေတာလဲ၊ မိုးထားတယ်ပေါ့ ဟုတ်လား။ ဒါ တို့အမေရဲ့အမွေအနှစ်တွေ''

ငွေလ ရှုတင်ပေါ်တွင် တင်ထားသော လက်ဝတ်လက်စားတွေ ထည့်ထားသည့်ဘူးကိုယူပြီး ငွေလကို သံသယမျက်လုံးဖြင့် ကြည့်သည်။

ငွေလ မယူပါဘူးဟု ငြင်းဆန်ထားသော ရတနာဘူးက ငွေလ ဆီ ဘယ်လိုပြန်ရောက်လာရသလဲ။

''ဟင့်အင်း အဲဒီဘူးကို ငွေလ ယူတာမဟုတ်ဘူး။ ငွေလကို အစ်ကိုလေး လာပေးလို့ ငွေလကတောင် ငြင်းလိုက်ပါသေးတယ်''

''ညည်း ငြင်းလိုက်ရင် ဒီပစ္စည်းသေတ္တာက ညည်းအခန်းထဲ ရောက်နေစရာလား။ တို့မောင်ကိုကျတော့ မချစ်ဘူးလို့ ယတိပြတ်ငြင်းပြီး ပစ္စည်းကိုတော့ လိုချင်တယ်ပေါ့ ဟုတ်လား''



www.burmeseclassic.com

"မဟုတ်ရပါဘူး မမရှင်းရှင်းရယ်"

"ညည်းတို့မောင်နှမတွေကလေ ရုပ်ကလေးတွေက သနားကမားနဲ့ အကျင့်ကျတော့ မကောင်းကြဘူး၊ အစ်ကိုလုပ်တဲ့သူကလည်း ငါတို့ညီအစ်မသုံးယောက်ကိုလှည့်စားတယ်၊ ညီမလုပ်တဲ့သူကလည်း ငါ့မောင်ကိုလှည့်စားတယ်၊ ဒီတစ်ခါတော့ ငါ လုံးဝခွင့်မလွှတ်နိုင်တော့ဘူး"

"ဟင့်အင်း မမထင်းထင်း အဲထင်လွဲနေတာ မယုံရင် အစ်ကိုလေးကိုခေါ်မေးကြည့်ပါ၊ ဒါ ဒါကို ငွေလ ယူထားတာ မဟုတ်ပါဘူး"

"အေး ကောင်းပြီလေ ငါ့မောင်က သူပေးထားတာမဟုတ်ဘူးဆိုရင်တော့ ညည်းကို စခန်းမှာအမှုဖွင့်မယ်"

ထင်းထင်း ညစ်လုံးလုံးနေသည်။ မိုးစက်ကို မရမယ့်အတူတူတော့ ခုလိုပြဿနာရှာတာပဲ ကောင်းမည်။ ဒါမှ ကိုယ်လိုချင်တာကို သူတို့ပေးချင်ပေးမှာ။ အနည်းဆုံးတော့ ညီညီကျော်လက်ထဲ ငွေလ ရောက်သွားနိုင်သည်ပေါ့။

■ ■ ■



## အခန်း (၃၉)

"ကျွန်တော် သူ့ကိုလက်ထပ်ဖို့ ရည်ရွယ်ပြီး ပေးဖူးတာမှန်ပါတယ်၊ ဒါပေမဲ့ သူ ကျွန်တော့်ကို ငြင်းလိုက်တဲ့အတွက် ကျွန်တော် ပြန်ယူလာခဲ့ပါတယ်၊ ခု ဒီပစ္စည်းသေတ္တာ သူ့အခန်းထဲ ဘယ်လိုရောက်နေလဲဆိုတာတော့ ကျွန်တော်လည်း မသိဘူး"

ရပ်ကွက်လူကြီးတွေရှေ့မှာ ငွေလအပေါ် အပြစ်တွေပုံချနေသော ညီညီကျော့်ကို ငွေလ စက်ဆုပ်ရွံရှာစွာ ကြည့်လိုက်သည်။

"အစ်ကိုလေး အဲဒီလို မဟုတ်တဲ့စကားတွေနဲ့ ငွေလကို ဒုက္ခပေးမယ်ပေါ့ ဟုတ်လား"

"ငါက မင်းကိုဒုက္ခတွေ မပေးချင်ပါဘူး၊ သုခပဲပေးနိုင်တာ၊ ငါပေးတဲ့သုခကို မမက်မောချင်ဟန်ဆောင်ပြီး နောက်မှ ခိုးယူတာကတော့

www.burmeseclassic.com



မင်းသမိုင်းပဲ ငွေလရောင်"

"ငွေလ နိုးမယူဘူး။ ငွေလအသက်နဲ့လဲပြီး ကျိန်ဆိုရဲပါတယ်"

"ကဲပါလေ ပစ္စည်းကလည်း ကိုယ်မယူတဲ့နဲ့ ခြေထောက်ပေါက်ပြီး မိန်းကလေးအခန်းထဲကို သူ့အလိုလို ဝင်မလာပါဘူး၊ ခိုးယူတယ်ဆိုတာတော့ မျက်မြင်သက်သေ ပစ္စည်းသက်သေခိုင်လုံနေပြီပဲ၊ ဒီတော့ ကျွန်တော်တို့ရပ်ကွက်လူကြီးတွေလည်း မိန်းကလေးဘက်ကနေဝင်ပြီး ကာကွယ်ပေးလို့မရတော့ဘူး။ ပစ္စည်းပိုင်ရှင်တွေရဲ့သဘောအတိုင်း ဆောင်ရွက်ကြပါ"

ရပ်ကွက်လူကြီးဆိုတဲ့လူကပါ ငွေလဘက်က ရပ်တည်မပေး။ သူတို့ဘက်ကပဲ ရပ်တည်ပေးသည်။

ညီညီကျော် ငွေလနားကို တိုးကပ်လာသည်။

"ကဲ ဘယ်လိုလဲ ငွေလ မင်း ငါ့ကိုခေါင်းတစ်ချက်ပဲညိတ်လိုက်ငါ မင်းကို အချုပ်ထဲမပို့ဘူး"

"ငွေလက ဘာကိုခေါင်းညိတ်ရမှာလဲ၊ အစ်ကိုလေး"

"လက်ထပ်မယ်ဆိုတာကိုလေ"

ညီညီကျော် ဒီလောက်ထိ ယုတ်မာလိမ့်မည်ဟု ငွေလ ထင်မထား။ ဒီအချိန်မှာ ခေါင်းမာငြင်းဆန်နေလျှင် ခုချက်ချင်း အချုပ်ထဲရောက်သွားနိုင်သည်။

ကိုယ်မကျူးလွန်ခဲ့တဲ့နှင့်တော့ အချုပ်ထဲအရောက်မခံနိုင်။ ဒီတော့ သူတို့လိုပဲ ပြန်ပြီးအကွက်ရွှေ့ရမှာပင်။





"ကောင်းပြီလေ ရှင်က ငွေလကို ရဖို့အတွက် နည်းမျိုးစုံသုံးနေမှတော့ ငွေလ ဘာတတ်နိုင်တော့မှာလဲ"

ငွေလထံမှ လက်ခံသည့်သဘောဆောင်သည့် စကားကြောင့် ညီညီကျော် အလိုပြည့်သွားကာ ပြုံးလိုက်သည်။

"အို့ကေ ဒါဆိုရင် ဒီကိစ္စကို ကိုယ် ရုပ်သိမ်းလိုက်မယ်"

နောက်ဆုံး ငွေလကသာ အလျှော့ပေးလိုက်ရသည်မို့ ထင်းထင်း အောင်နိုင်သူအပြုံးဖြင့် မခန့်လေးစား ပြုံးလိုက်သည်။

ညီမလုပ်သူကိုတော့ ကိုယ့်ခြံထဲ ရိုက်သွင်းပြီးပြီ။ မိုးစက်ပဲ ကျန်တော့သည်။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄၀)

"ဒါ ရှင်းရှင်းရဲ့လက်ဆောင်ပါ အမေ"

အမေဟု ပိုင်စိုးပိုင်နင်း ခေါ်နေသော ရှင်းရှင်းလက်ထဲမှာ တစ်ကျပ်သားကျော်ကျော်ရှိသည့် ရွှေဆွဲကြိုးနှင့်စိန်လော့ကတ်ထည့်ထား သော ကတ္တီပါဘူး။ ဒါ့အပြင် ပိုးထည်တိုက်မှ ဝယ်လာသော ပွဲတက်ချိတ် တွေနှင့် စားစရာအစုံအလင်ပါသည့် ကြိမ်ခြင်းတစ်ခြင်း။

"ဒီလောက်များတဲ့လက်ဆောင်တွေကို အန်တီမယူပါရစေနဲ့"

လာဘ်ထိုးခံရခြင်းကို မနှစ်မြို့သော တရားသူကြီးလို ခါးခါးသီးသီး ငြင်းလာသဖြင့် ရှင်းရှင်း မျက်နှာချိုသွေးကာ ရယ်ရင်း

"အားမနာပါနဲ့ အမေရယ်၊ နောက်ဆိုရင် သားအမိတော်ရ တော့မှာပဲ၊ ရှင်းရှင်းက ဒီထက်တောင် ပိုပြီးထောက်ပံ့ရမှာပါ"





"အို တော်ကာမှ တော်ပေါ့ကွယ်၊ ဒီပစ္စည်းတွေကိုတော့ အန်တီ လက်မခံပါရစေနဲ့ အန်တီ့မှာလည်း ပြည့်ပြည့်စုံစုံ ရှိပါတယ်"

ဖွတ်အတင်း ငြင်းနေသည်မို့ ဒီယောက္ခမလောင်းကို ဘယ်လို စည်းရုံးရပါ့မလဲ။

"ရှင်းရှင်းက လူကြီးသူမမို့ ဂါရဝပြုတာန်တော့တာပါ အမေ ရယ်၊ ရှင်းရှင်းကလေ မေတ္တာငတ်နေတဲ့သူပါ။ အဲ အာ်မေ့မေတ္တာငတ်နေတဲ့ သူပါ၊ အမေ့ကိုမြင်တော့ ရှင်းရှင်းရဲ့အမေအရင်းလို စိတ်မှာမှတ်ပြီး ကန်တော့ချင်တဲ့စိတ်တွေ ပြင်းပြလာလို့ပါ၊ ဒါကြောင့် လက်ခံပေးပါနော်"

လက်အုပ်ချီ မျက်ရည်ဝဲကာ ပြောနေသော ရှင်းရှင်းကို သနား သလိုလို ဖြစ်သွားကာ မိုးစက်မိခင် သက်မတစ်ချက် ဟင်းခနဲချလိုက် သည်။

"အေးလေ ကောင်းပါပြီ အန်တီ့အတွက် အသုံးမလိုပေမယ့် မင်းရဲ့စေတနာကို အသိအမှတ်ပြုတဲ့အနေနဲ့ လက်ခံထားလိုက်ပါမယ်၊ အဲ သားက လက်မခံရဘူးဆိုရင်တော့ ပြန်ပေးမယ်နော်"

မိုးစက်ကိုပါ အသိပေးမည်ဆိုတော့ ရှင်းရှင်း မျက်လုံးပြူးသွား သည်။ အလိမ်ပေါ်ကုန်လျှင် ဘယ့်နှယ်လုပ်မလဲ။

"မိုးစက်က အရမ်းမာနကြီးတယ် အမေရဲ့၊ သူ ရှင်းရှင်းကို အပြစ်ပြောလိမ့်မယ်၊ သူက အသုံးအဖြုန်းကြီးတာကို မကြိုက်ဘူးလေ"

"အေးလေ ဒါဆိုရင်လည်း သားကို အသိမပေးနေတော့ပါဘူး"

ရှင်းရှင်း ခုမှပင် ပြုံးနိုင်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးတင်ပါတယ် အမေ၊ ရှင်းရှင်းကို ခုလိုနားလည်ပေးတဲ့ အတွက်ပေါ့"

"ဒါနဲ့ ဘယ်တော့ လက်ထပ်ဖို့ ချည်ရွယ်ထားကြလဲ၊ အသက် တွေက မငယ်တော့ဘူးဆိုတော့ အရမ်းနောက်ကျမှယူရင် မျိုးဆက်တုံး သွားလိမ့်မယ်၊ သားကတော့ လက်ထပ်တော့မယ်လို့ ပြောနေတယ်"

"သူ့ သူ့သဘောပါ အမေ၊ ရှင်းရှင်းက ဖြစ်နိုင်ရင် ခုချက်ချင်း တောင် ထပြီး လက်ထပ်ချင်တာပါ"

"အေးလေ ဒါကတော့ လူငယ်တွေကိစ္စပဲ"

"မိုးစက်ဘက်က ဘယ်လိုအကြောင်းပြချက်နဲ့ပဲ ရှင်းရှင်းကို အဆက်ဖြတ်ဖြတ် အမေကတော့ ချွေးမအဖြစ် အသိအမှတ်ပြုပေးပါနော် အမေ"

"အေး အေးပါကွယ်"

ကိုယ့်သားကို အသေအလဲ နှစ်သက်စွဲလန်းနေသော မိန်း ကလေးမို့ အလိုက်အထိုက် ပြောပေးလိုက်ခြင်းပါ။

■ ■ ■



အခန်း (၄၁)

"ဟော ယောက်ဖပါလား"

ထူးဆန်းသော ညီညီကျော် အခေါ်အဝေါ်ကြောင့် မိုးစက်ပင် ကြောင်သွားသည်။

"ငွေလရေ ဒီမှာ မင်းအစ်ကိုလာတယ်ကွ လာ ထိုင် ယောက်ဖ"

ပြုံးဖြီးဖြီး မျက်နှာပေးဖြင့် ယောက်ဖဟု သုံးနှုန်းလိုက်သော ကြောင့် ဒေါသထောင်းခနဲ ထသွားပေမယ့် ထိုဒေါသကို ထုတ်သုံး၍မဖြစ် သော။

ငွေလ မျက်နှာညိုးလျော်ကာ ဧည့်ခန်းထဲ ဝင်လာသည်။

"အစ်ကို"

အခြေအနေကို ရိပ်မိလိုက်သည်မို့

"ရွာက ကြီးဒေါ်ရောက်နေတယ်၊ အဲဒါ ခဏလိုက်တွေ့လိုက်



www.burmeseclassic.com

www.burmeseclassic.com



ပါလား၊ ငါ့ကိုခေါ်နိုင်းလိုက်လို့''

''ရှင် ဟုတ် ဟုတ်ကဲ့ အစ်ကို''

''ငွေလ လိုက်ပို့ပေးမယ်လေ''

ညီညီကျော် ငွေလကို မျက်စိအောက်က အပျောက်မခံနိုင်သဖြင့် သူပါလိုက်ပို့ဖို့ ပြင်သည်။

ငွေလ မိုးစက်ကို မျက်နှာရိပ် မျက်နှာကဲပြကာ

''ငွေ..ငွေလ ခေါင်းတွေအရမ်းကိုက်နေလို့ အစ်ကိုမိုးစက်ရယ် ကြီးဒေါ် ရန်ကုန်မှာ ကြာဦးမယ်ဆိုရင် နောက်ရက်မှ လိုက်တွေ့တော့မယ်''

''ဟင် ခေါင်းတော်တော်ကိုက်နေလား ငွေလ ဘာဆေးသောက်ထားလဲ၊ အဲဒါမျိုး ကိုယ့်ကိုပြောရောပေါ့ကွာ''

ငွေလနားမှာလာထိုင်ပြီး နားထင်ကို လက်ဖြင့်အသာဖိပြီး နှိပ်ပေးမလိုလုပ်သဖြင့် ငွေလ အနေခက်ပြီး ကိုယ်ကိုတစ်ဖက်သို့ယိမ်းကာ

''နေပါ မနှိပ်ပေးပါနဲ့ ရပါတယ် အစ်ကိုလေး''

အစ်ကိုတစ်ယောက်ဟု သိထားသော အခြေအနေမျိုးမှာ ညီညီကျော်လုပ်ရပ်သည် မိုးစက်ကို မထိမဲ့မြင်လုပ်ပြနေသလို စိန်ခေါ်နေရာလည်းရောက်သဖြင့်

''ငွေလ ဘာတွေလဲ ယောကျ်ားတစ်ယောက်နဲ့ အဲလောက် ရင်းနှီးစရာလိုလို့လား''

''ဩော် ငွေလ မင်းအစ်ကိုကို မပြောရသေးဘူးလား၊ ပြော





လိုက်လေကွာ သိပ်မကြာခင်ပဲ အမျိုးတော်ရတော့မယ့်ဟာကို အဲလောက် စိမ်းလို့ဖြစ်ပါ့မလား''

မချိုမချဉ် မျက်နှာဖြင့်ပြောနေသော ညီညီကျော်ကို ငွေလ မျက်စောင်းထိုးလိုက်ရင်း

''အဲဒီကိစ္စကို ပြောစေချင်ရင် အစ်ကိုလေး ခေါ်ရှောင်ပေးလေ ရှင့်အရှေ့မှာ ဒီကိစ္စကို ဘယ်လိုပြောထွက်မလဲ''

''ဩော် အေးပေါ့ အစ်ကိုတစ်ယောက်အနေနဲ့ရော ညီမလုပ်သူပါ မျက်နှာပူရှာမပေါ့၊ ကဲ ကဲ မောင်နှမတွေတွေ့တုန်း စကားအေးအေးဆေးဆေး ပြောကြ ဟုတ်ပြီလား၊ ယောက်ဖ မပြန်နဲ့ဦးနော် ထမင်းစားသောက်ပြီးမှပြန်''

ပိုင်စိုးပိုင်နင်း ပြောကာ ထသွားသော ညီညီကျော်ကိုကြည့်ပြီး မိုးစက်ရင်ထဲမှာ ဘာတွေဖြစ်ကုန်ပြီလဲဟူသော စိုးရိမ်စိတ်ဖြင့် ငွေလကို ကြည့်လိုက်သည်။

ညီညီကျော် မြင်ကွင်းထဲမှ ပျောက်သွားသည်နှင့်

''ငွေလ ဒါက ဘယ်လိုဖြစ်ရတာလဲ၊ မဟုတ်မှလွဲရော သူ ငွေလကို ဘာလုပ်လိုက်ပြီလဲ''

ရင်ထဲမှာ ပူပန်စိတ်တွေကြောင့် ဟန်ပင်မဆောင်နိုင်တော့ဘဲ ဒဲ့တိုး မေးချလိုက်သည်။

ငွေလ မျက်ရည်တို့ရစ်သိုင်းလာကာ

''သူ သူတို့ ငွေလကိုလေ ထောင်ချောက်ဆင်ကြတယ်''



www.burmeseclassic.com

www.burmeseclassic.com



"ဘာ ဘယ်လို ထောင်ချောက်ဆင်ကြတယ် ဟုတ်လား"

"ဟုတ်တယ် အစ်ကို"

"ဘာတွေလဲ ဘာတွေဖြစ်ကုန်ပြီလဲ၊ သူတို့ငွေလကို အပျိုစင်ဘဝကို သိမ်းပိုက်လိုက်ကြလို့လား"

အမိကာက အမိကမှို မအောင့်အီးနိုင်ဘဲ မေးလိုက်သည်။

"အို အဲလိုတော့ မဟုတ်ပါဘူး အစ်ကိုရဲ့"

ဆောင့်တက်လာသောအမှုလုံးကြီး ဂလုခနဲ ပြုတ်ကျသွားသည်။

"ဒါဆို ဘယ်လိုထောင်ချောက်မျိုးလဲ"

"ဒီလိုဗျ အစ်ကို"

ဖြစ်ကြောင်းရယ်ကုန်စင် ရှင်းပြလိုက်သည်။

"တောက်"

မိုးစက်ထံမှ တက်တစ်ချက်ခပ်ပြင်းပြင်း ခေါက်လိုက်သည်။

"ယုတ်မာလိုက်ကြတာကွာ အဲဒါနဲ့ ငွေလက သူတို့သဘောကို လိုက်လျှောလိုက်ရောလား ဟမ်"

"လက်ထပ်ပြီးမှ အမှုပိတ်ပေးမယ်တဲ့"

"ဘာ"

"ငွေ ငွေလက ရဲစခန်းဆိုရင်ကြောက်တယ် အစ်ကိုရဲ့၊ အဲဒါကြောင့် သူတို့ကိုပြန်ပြီး အပျော့ဆွဲ ဆွဲထားတာ၊ မင်္ဂလာဆောင်မယ့်မနက်ကျမှ စခန်းမှာအမှုပိတ်ပေးမှာဆိုတော့ အမှုပိတ်ပေးပြီးတာနဲ့ ငွေလ ဒီကနေ ထွက်ပြေးဖို့ စီစဉ်ထားတယ်၊ အစ်ကို ငွေလကို လက်ခံမယ်





မဟုတ်လားဟင်"

"လက်ခံရမှာပေါ့ ဒါပေမဲ့ ကိုယ် ခင်းတို့ကို ပညာတော့ ကောင်းကောင်းပေးချင်တယ်ကွာ"

"ရှင် ဘယ်လိုပညာပေးမှာလဲ အစ်ကို"

"စောင့်ကြည့်လိုက်ပေါ့ ငွေလရယ်၊ ခင်းတို့တစ်သက်လုံး နောင်တရနေစေရမယ် ခုတော့ သူတို့နဲ့အလိုက်အထိုက် နေလိုက်ဦး ဟုတ်ပြီလား"

"ဟုတ် ဟုတ်ကဲ့ အစ်ကို"

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄၂)

"သား မင်းကောင်မလေးနဲ့ အဲ ကောင်မကြီး အဲလေ ဘာတဲ့ ရှင်းရှင်းဆိုတဲ့အမျိုးသမီးနဲ့ ဘယ်တော့ လက်ထပ်ကြမှာလဲ"

မနက်ခင်း ကော်ဖီကို ဖိမ်ခံသောက်နေပြီး ညီညီကျော်နှင့် ညီအစ်မများကို ပညာပေးနိုင်မည့်အချက်အလက်တွေကို အာရုံထဲ အစီအရီရိုက်သွင်းနေတုန်း မေမေ့အမေးကြောင့် ကော်ဖီသီးလောက်အောင်ကို မျက်ကလူးဆန်ပြာ ဖြစ်သွားသည်။

"ဘာ ဘာရယ် မေမေ ဘယ်သူ"

"ရှင်း အဲ ဘာတဲ့ ရှင်းရှင်းဆိုလား ဘာလား"

"သူ သူ့ကို ဟုတ်လား"

"အေးလေ သား မင်းဘာဖြစ်နေတာလဲ ကိုယ့်ရည်းစားနာမည်ကို အမေရွတ်ပြနေတာလည်း ဘာကြောင့် အလန့်တကြားဖြစ်သွားရ





တာတုန်း"

လက်ထဲမှ ကော်ဖီခွက်ကို ဆောင့်ခနဲချပြီး မိခင်ဖြစ်သူကို မြုံးကြည့်လိုက်သည်။

"မဟုတ်ဘူး လုံးဝမဟုတ်ဘူး။ တောက် ဒီလင်တရှူးမကြီးတွေ လူကိုဘယ်အချိန်ထိ ဒုက္ခလိုက်ပေးနေဦးမလဲ မသိပါဘူး"

"ဟဲ့သား မင်း ဘာဖြစ်နေဟာတုန်း"

"ဘာဖြစ်ရမှာလဲ အဲဒီလင်တရှူးမကြီး မေမေ့ကို အကြောင်းရိုက်သွားတာ၊ သူ့ကို သားက ဘာလို့တွဲရမှာလဲ၊ ကိုယ့်အခေါ်လောက်ရှိတဲ့အရွယ်ကြီးတွေကို"

"သားရယ် သူများသားသမီးကို တွဲတုန်းကတွဲပြီး အဲလိုမပြောရဘူး၊ ဒါယောကျ်ားကောင်းတို့ရဲ့လုပ်ရပ် မဟုတ်ဘူး"

"ဟာဗျာ မေမေကပါ သူ့ရဲ့အလိမ်အညာတွေကို ယုံနေပြန်ပါပြီ သူတို့ညီအစ်မသုံးယောက်ကလေ သားကို အဆော်ရရ အရှင်ရရ လိုချင်နေတဲ့သူတွေ"

"ဘုရားရေ ငါ့သားရဲ့ရန်သူတွေလား"

"မဟုတ်ဘူး သားကို သေလောက်အောင် ကြိုက်နေတဲ့သူတွေ၊ သားကိုသာ လက်ထပ်ရမယ်ဆိုရင်လေ တစ်သက်လုံး မစင်စားပြီးနေဆိုရင်တောင် နေမယ့်ဟာမျိုးတွေ"

ဒါသတွက်လွန်းသောကြောင့် ပါးစပ်ထဲတွေ့ကရာတွေကို ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"သားရယ် ဟုတ် ဟုတ်ရဲ့လားကွယ်၊ သူပြောသွားတာကတော့ သူနဲ့သားနဲ့ချစ်သူတွေတဲ့၊ သူက သားကိုသိပ်ချစ်လွန်းလို့ အမြဲအလျှော့ပေးပြီး သားအကြိုက်ကိုလိုက်ရတဲ့ပုံစံမျိုး"

"အဲဒါ ညာနေတာ၊ ဒီရုပ်ကြီးတွေကို သားက ချစ်သူအဖြစ်ရွေးပါ့မလား။ သားမှာချစ်သူရှိပြီးသား အဲကောင်မလေးကို မေမေလည်းသိပါတယ်"

ငွေလအကြောင်းကို ဇာတ်စုံပြန်ခင်းပြလိုက်သည်။

"အို ဘုရားရေ အဲဒီကောင်မလေးက သူတို့အိမ်မှာပေါ့"

"ဟုတ်တယ် သူတို့သိထားတာက သားရဲ့ညီမဝမ်းကွဲဆိုပြီးတော့ပဲ သိထားတာ"

တစ်လက်စတည်း ညီညီကျော် ငွေလကိုအကျပ်ကိုင်ထားပုံနှင့် ထင်းထင်း သူ့အားစိတ်ကြွဆေးပြားတွေနှင့် ဝိုင် ရောတိုက်ပြီး အပိုင်သိမ်းဖို့အထိပါ ကြံခဲ့ကြောင်းတွေကို အကုန်ပြောပြလိုက်သည်။

မိခင်ဖြစ်သူ ရင်ဘတ်တဖိဖိ။

"အမလေး လည့်လိုက်ကြတာ ဘုရား ဘုရား သားရယ် ဒီ သားလေးကို အမေတော့ စိတ်မချတော့ဘူး၊ အဲဒီကိုသွားပြီး မပတ်သက်ပါနဲ့"

"မေမေလည်း သူလာရင် ဒီကိစ္စတွေအားလုံး မသိချင်ဟန်ပဲ ဆောင်နေလိုက် သား သူတို့ကို ပညာကောင်းကောင်း ပေးမှာမို့လို့ပါ"

"သားရယ် ကိုယ်သွားမပတ်သက်ရင် ပြီးတာပဲ၊ ဘာမှပြန်ပြီး





တုန့်ပြန်မနေပါနဲ့နော်"

"သားချစ်သူကို သူတို့အကြပ်ကိုင်ထားကြတယ်မေမေ၊ ဒီအတွက် သူတို့ပြန်ပြီး ခံစားရမှ သား ကျေနပ်နိုင်မယ်"

ဒီအချိန်မှာ ဘယ်သူတားတား မိုးစက်နောက်မဆုတ်နိုင်။

ဒီလောက် လင်လိုချင်နေကြသော မိန်းမတွေ လင်ရစေရမယ် သာမှတ်။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄၃)

"ကဲ မောင်မင်းကြီးသား ငါတို့ ဂျူလေဝီသုံးယောက်ကို ခေါ်ရတဲ့အကြောင်းရင်းက ဘာကိစ္စလဲ၊ မဟုတ်မှလွဲရော အရက်ဖိုးခေါ်ပေးတာတော့ မဟုတ်လောက်ဘူးထင်တယ်နော်"

ဦးဖိုးထိန်တို့ညီအစ်ကိုသုံးယောက်ကိုကြည့်ပြီး မိုးစက် အစီအစဉ်တွေပြောပြဖို့ ချောင်းတစ်ချက်ဟန့်လိုက်သည်။

"အရက်ဖိုးလောက်နဲ့ ကျွန်တော်က တကူးတက ခေါ်မလားဗျာ ခင်ဗျားတို့ညီအစ်ကိုသုံးယောက်ကို တစ်သက်စာဖူလုံဖို့အတွက် မိန်းမပေးစားမလို့ပေါ့"

"ဗဟ"

တစ်ခုလပ် မုဆိုးဖို လူပျိုသိုးကြီး၊ ထိုညီအစ်ကိုသုံးယောက်





သည် တစ်ကိုယ်ရေတစ်ကာယ ကြုံသလိုနေ ကြုံသလိုစားပြီး ကြုံရာကျပန်းအလုပ်ကိုလုပ်ပြီး အရက်သောက်နေရလျှင် ကျေနပ်နေကြသူတွေမို့ မိုးစက် ဖန်ပေးသော ဂွင်ကို ငြင်းဆန်ကြမည်မဟုတ်ဆိုတာ မိုးစက် ကောင်းကောင်းကြီးသိသည်။

"ဘယ်လို မိန်းမပေးစားမလို့ ဟုတ်လား၊ အဟစ် ဟစ် မင်းက ငါတို့ကိုလာနောက်နေသေးတယ်၊ လောကမှာ ငါတို့လောက်မွဲတဲ့သူတောင် ငါတို့လောက်မမွဲသေးဘူး။ ငါတို့လိုလူစားမျိုးကို ဘယ်မိန်းမက ယူမှာလဲ၊ ညီအစ်ကိုသုံးယောက်ပေါင်း ကြမ်ခုနစ်ချောင်းမပြည့်တဲ့ အိမ်ကလေးမှာ ငါတို့က ဘယ်လိုမိန်းမမျိုးကိုယူပြီး တင်ကျွေးထားရဦးမှာလဲကွာ၊ တော်ပါပြီ ဖဲသောက်ပြီး သေမင်းခေါ်မယ့်အချိန်ကို မေးတင်ပြီး စောင့်နေလိုက်တော့မယ်"

"အေးကွာ ငါတို့က ဘာများပေးမလို့လဲလို့ ဒီနေ့ ပန်းရုံတောင်သွားမလုပ်ဘူး"

"အဲဒီအစီအစဉ်ကို ပြန်ခေါက်သိမ်းပြီး ငါတို့ကို အရက်ဖိုးလေးနဲ့ ထမင်းဖိုးလေး မစလိုက်ကွာ၊ ဒီနေ့ မင်းကြောင့် ဝင်ငွေမဲ့သွားပြီ"

ညီအစ်ကိုသုံးယောက် မိုးစက်ပြောတာကို တစ်ယောက်မှ စိတ်ဝင်စားဟန်မပြ။

"ခင်ဗျားတို့ကလေ ကျုပ်စေတနာကို စော်ကားကြတာပဲ၊ ကျုပ်တို့အိမ်ကို စေတနာပါပါနဲ့ လာဆောက်ပေးတဲ့ ပန်းရန်ဆရာတွေမို့ ဒီတစ်ခါတော့ ခွင့်လွှတ်လိုက်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"အယ် သောက်ကလေး သူကပဲ ပြောရတယ်ရှိသေး"

"ဟုတ်တယ်လေ ဒီကတော့ ခင်ဗျားတို့ ဖေသောက်ပြီး အပေ အတေ ရှုပ်တွေပေါက်နေတာကို မကြည့်ရက်လို့ ရက်လေဘယ်လေး ဈော်နီလမ်းလျှောက်လေး ပုံမှန်မှီဝဲပြီး လက်ဖျားငွေသီးမယ့်ဘဝထဲကို အပ်နှင်းပေးမလို့ ရည်ရွယ်ထားတာကို"

"ဟမ် ဘယ်လို ဘယ်လို ရက် ရက်လေဘယ် ဟုတ်လား ရှုလွှတ်"

အသံကြားတာနဲ့တင် သွားရည်ယိုချင်လာပြီမို့ နှုတ်ခမ်းသိမ်းလိုက်သော ညီအစ်ကိုသုံးယောက်ကိုကြည့်ပြီး ဖာတ်ရှိန်မြှင့်လိုက်သည်။

"ဒီလိုဗျ အင်မတန်ယောက်ျားလိုချင်နေကြတဲ့ အပျိုကြီးသုံးယောက်အကြောင်း ပြောပြမယ်၊ သူတို့က လုပ်ငန်းရှင်တွေ ငွေကြေးပြည့်စုံပေမယ့် သူတို့ကိုယူမယ့်ယောက်ျား မရှိသေးဘူး။ သူတို့ကလည်း ညီအစ်မသုံးယောက်ပဲ"

"ဟင် ဟုတ်လား စိတ်ဝင်စားစရာပဲ"

"ဒါကြောင့် ခင်ဗျားတို့မျက်ခွက်ကြီးသုံးခွက်ကို အရင်ဆုံး ပြေးမြင်ပြီး ခုလို သတိတရခေါ်တွေ့ရတာပေါ့၊ သူတို့ကို ခင်ဗျားတို့နိုးပြေးရမယ်"

"ဟေ ဖစ် ဖြစ်ပါ့မလား သူတို့က လိုက်ပါ့မလားဟ"

"ပြောဘ် သူတို့ကိုယ်တိုင် လိုလိုချင်ချင်ကို လိုက်ချင်ကြတာအဲ ရုပ်တော့သိပ်မရှိဘူး။ ဒါကြောင့် ခင်ဗျားတို့နောက်ကို ခိုးရာလိုက်ရင်





တောင် မျက်နှာဖုံးစွပ်ပြီး ခိုးရာလိုက်ကြမှာ"

"ဘာဖြစ်လို့လဲ"

"ခင်ဗျားတို့က သူတို့ရုပ်ဆိုးလို့ဆိုပြီး မခိုးမှာစိုးလို့"

"ဘယ်လောက် ရုပ်ဆိုးလို့လဲ၊ မျက်နှာတစ်ခုလုံးမှာ မျက်လုံးတစ်ပေါက်ထဲပါလို့လား"

"မဟုတ်ဘူး"

"သွားခေါလို့လား"

"မဟုတ်ဘူး ခင်ဗျားတို့ထင်သလောက်တော့ မဟုတ်ဘူး။ ပိုက်ဆံရှိတော့ ပြင်ပြင်ဆင်ဆင်နဲ့ ကြည့်ပျော်ရှုပျော်တော့ရှိတယ်ဗျာ၊ ဝတိုးဆိုင်သုံးလေးဆိုင်လောက်ပိုင်တယ်၊ မိဘအမွေဖြစ်တဲ့ ရတနာတွေလည်း သေတ္တာလိုက်ကိုရှိတာ"

မိုးစက် ကြွပ်ပေးလိုက်သဖြင့် လောဘတက်သွားကြသော မျက်နှာကိုယ်စီဖြင့်

"ဟာ ဒီလောက်ချမ်းသာမှတော့ ရုပ်ဆိုးလည်း ဆိုးပါစေကွာ၊ ရုပ်ရှိဖို့ထက် အထုပ်ရှိဖို့က အဓိက"

"ဟဲ ဟဲ အဓိကပါမှတော့ အဓိကက အဓိကပေါ့ကွာ၊ ရုပ်ရည်က ကိစ္စမရှိဘူး၊ ငါတို့ကလည်း ရုပ်အချောကြီးထဲကမှ မဟုတ်တာ"

"ဒါဆို ခင်ဗျားတို့ အဲဒီသူဌေးမအပျိုကြီးသုံးယောက်ကို ခိုးမယ်ပေါ့ ဟုတ်လား"

"အရက်ကောင်းကောင်းသောက်ရမယ်ဆိုမှတော့ မခိုးပဲနေ



www.burmeseclassic.com

www.burmeseclassic.com



မလားကွ''

''ဒီည နိုးရမှာလား''

''ခုချက်ချင်း နိုးရမယ်ဆိုလည်း ပြော သွားနိုးမယ်''

''ငွေမမက်တဲ့လူ ဘယ်ရှိလိမ့်မတုန်း ငါတို့ချမ်းသာရင် မင်းကို စင်နဲ့တင်ပြီး ကိုးကွယ်မယ်''

ညီအစ်ကိုသုံးယောက် ချက်ချင်းကိုတက်ကြွသွားကြတော့သည်။

ဒီတော့ နိုးရမည့်နေ့ကို အသေးစိတ် စီစဉ်ရတော့၏။ လင်လိုချင်နေကြသော အပျိုကြီးသုံးယောက်၏အိပ်မက်လှလှတွေ မက်နေကြလောက်ပြီ။

■ ■ ■

## အခန်း (၄၄)

''မမကြီးက ကျွန်တော့်ကို မေတ္တာရှိနေတယ်လို့ ငွေလက ပြောတယ် ဟုတ်လား''

ဆိုင်းမဆင့်ဗုံမဆင့် အမေးကြောင့် ကြက်မရှက် ငှက်မရှက်ဖြင့် ခေါင်းတဆတ်ဆတ် ညိတ်ပြပြီး

''အမလေး မေတ္တာရှိရုံတင်ဘယ်ဟုတ်မလဲ မောင်လေးရယ် မမကလေ ဘဝကိုပါပုံပြီး ပေးချင်တာ သိလား အဟင်း ဟင်း''

ရယ်ပုံက ကဗျာမဆန်ဘဲ အော်ဂလီဆန်ချင်စရာမို့ စိတ်ပျက်စရာတွေကို အပြုံးဖြင့်ဖုံးလိုက်ပြီး

''ကျွန်တော်က ယောက်ျားလေးပါ မမကြီးရယ်၊ မိန်းကလေးဖြစ်တဲ့ မမကြီးက ကျွန်တော့်ကိုချစ်နေတယ်ဆိုတော့ အားလည်းနာတယ် နောက်ပြီး''

''နောက်ပြီး ဘာဖြစ်လဲ ပြောလေ''



www.burmeseclassic.com

www.burmeseclassic.com



"မမကြီးကို ကျွန်တော်ကလည်း ပြန်ပြီးမေတ္တာတွေ မျှဝေချင်တယ်"

မိုးစက်ထံမှ မမျှော်လင့်ဘဲ ထွက်ပေါ်လာသော စကားကြောင့် ဘွင်းဘွင်း တစ်ကိုယ်လုံး ကြက်သီးမွေးညင်းတွေ ဖျဉ်းခနဲထလာကာ လူက လေထဲမြောက်တက်သွားသလို ခန္ဓာကိုယ်တစ်ခုလုံး အေးခနဲ ဖြစ်သွားသည်။

"တ တကယ်ပြောတာလားဟင် မမကြီး နားကြားတော့ မလွဲလောက်ပါဘူးနော်"

"တကယ်ပါ မမ၊ ကျွန်တော်ကလေ မမကြီးကို စတွေ့ကတည်းက စိတ်ဝင်စားခဲ့တာပါ"

"အမလေး ဘုရားရေ ဒါများ ခုမှပြောရလားလို့ စတွေ့ကတည်းက ပြောပါတော့လား"

"ခုပြောပြီလေ"

"ဒါဆိုရင် အမြန်ဆုံး လက်ထပ်ကြမယ်"

"ကျွန်တော့်အမေက တခြားမိန်းကလေးနဲ့ ပေးစားဖို့ စီစဉ်နေတယ်ဗျာ၊ ဒါကြောင့် ပေါ်တင်ကြီး လက်ထပ်လို့တော့ မဖြစ်သေးဘူး။ ကျွန်တော် မမကြီးကို လူမသိသူမသိ ခိုးမှဖြစ်မှာ"

"အို ဘယ်လိုလုပ်လုပ် မိုးစက်နဲ့လက်ထပ်ရပြီးရော"

"ဒါပေမဲ့ ကျွန်တော်စိတ်မကောင်းတာ တစ်ခုရှိတယ်"

"ဘာလဲဟင်"





"ကျွန်တော့်ညီမကို အကျုပ်ကိုင်ထားတဲ့ကိစ္စပဲ"

"ဘာ ဘာကိုလဲဟင်"

မျက်လုံးပေကလပ် ပေကလပ်ဖြင့် သူ ဘာမှမသိဟန်ဖြင့် မေးသည်။

"မမမောင်နဲ့ လက်ထပ်မှ အမှုကိုပိတ်ပေးမယ်ဆိုတာလေ"

မိုးစက်စကားကြောင့် မမကြီး ခပ်သွဲ့သွဲ့ရယ်ပြီး

"အမလေး ဒါများ မောင်လေးရယ် အဲဒါ ငွေလကို တမင် ခြောက်လှန့်ထားတာ၊ တကယ်တော့လေ စခန်းမှာ ဘာအမှုမှမဖွင့်ထားပါဘူးကွယ်"

အဓိကသော့ချက်ကို သိရပြီမို့ မိုးစက်စိတ်ထဲမှာ မြူးထွယ်ရကျိုးနပ်သွားသည်။

"ကဲပါ အဲဒါက အရေးမကြီးပါဘူး၊ မမကြီးကို ဘယ်တော့ခိုးမှာလဲဟင်"

"ခုလာမယ့် စနေနေ့ည"

"အမလေး ဝမ်းသာလိုက်တာ၊ အဲဒီနေ့ကို ထမင်းမစား ရေမသောက်ဘဲနဲ့ ထိုင်ကိုစောင့်ဦးမှာ"

ရုပ်ကြမ်းကြီးနဲ့နွဲ့ကာ ရင်ခွင်ထဲ အတင်းတိုးဝင်လာသော မမကြီးကို အလိုက်သင့်ပြန်ဖက်လိုက်ပြီး မမရှင်းနှင့်တွေ့ဖို့အစီအစဉ်ကို အာရုံထဲမှာ ဖယားဆွဲလိုက်သည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လို မမရှင်းရှင်းကို နိုးပြေးမယ် ဟုတ်လား"

ဝမ်းသာလွန်း၍ ရှင်းရှင်း၏အသံတွေ တုန်နေရုံတင်မက ဒူးတွေပင် ချောင်ကျသွားသလို ခံစားရ၏။

ဘဝမှာ ဒီနေ့လောက် တစ်ခါမှမပျော်ဖူးပါ။ ယောက္ခမလောင်းကို လက်ဆောင်ပဏ္ဏာတွေသွားပြီး ဆက်သလိုက်တာနှင့် ချက်ချင်းကို အကျိုးထူးသွားပါလား။ ညီအစ်မတွေအလယ်မှာ ရှင်းရှင်းတို့ မျက်နှာပန်းပွင့်ရချည်သေးရဲ့။

"မောင်လေး မမကို ဒီနားလေးတစ်ချက်လောက် လိမ်ဆွဲပေးပါ"

သူ့လက်မောင်းသားကို အတင်းထိုးပေးနေသည်မို့

"ဘာ ဘာကြောင့်လိမ်ပေးရမှာလဲ"

"အိပ်မက်မက်နေတာလားလို့ပါကွယ်"

အမြင်ကပ်ကပ်နှင့် တအားကိုဖိပြီး လိမ်ဆွဲပစ်လိုက်သည်မို့

"အား အမလေး လွှတ် လွှတ် နာတယ် နာတယ်"

အသံပြဲကြီးနှင့် ထအော်သည်။ လိမ်ဆွဲပေးရသော မိုးစက်ပင် အယောင်ယောင်အမှားမှား ဖြစ်သွားကာ

"ဟာ ဘာလို့အော်တာလဲ၊ မမပဲ လိမ်ဆွဲပေးဆို"

"အား အမလေး လိမ်ဆိုတိုင်း တအားလိမ်ရလားလို့"

"ဟီး ဟီး သိဘူးလေ အိပ်မက် ဟုတ် မဟုတ် သိသွားရအောင်လို့ ခပ်ကြမ်းကြမ်းလေး လိမ်ပေးတာ၊ ဘယ်လိုလဲ အိပ်မက်မဟုတ်





ဘူးမို့လား"

"မဟုတ်ဘူး မဟုတ်ဘူး မမနဲ့မောင် တကယ့်ကို ချစ်ခွင့်ရသွားပြီ ဝမ်းသာလိုက်တာကွယ်၊ ဒီတော့ မမကိုဒီညပဲ နိုးတော့၊ မအောင့်နိုင်တော့ဘူး ချစ်ချင်လာပြီ"

"ဒီ ဒီညတော့နိုးလို့မရဘူး။ ခုလာမယ့် စနေနေ့ကျရင် လာနိုးမယ်"

"ဘယ်နှနာရီလဲ"

"ည ၁၀ နာရီ ဘယ်သူ့မှမသိစေနဲ့နော်၊ တော်ကြာ ဟိုညီအစ်မနစ်ယောက်ပါ အစစ်ပါလာရင် ကျွန်တော် မနိုင်ဘူး"

"အို နိ နိ နိ ပါစရာလား၊ မုန့်သာ ဝေစားမယ်၊ ဒါမျိုးတော့ ဝေမစားနိုင်ပါဘူး၊ သူတို့ကို မိုးစက်နောက်လိုက်မယ်ဆိုတာ အသိပေးလို့မဖြစ်ပါဘူး"

"ကဲ ရော ကျွန်တော်နဲ့နိုးရာလိုက်တဲ့ညမှာ ဒီစင်ဒရဲလားမျက်နှာဖုံးလေးစွပ်ခဲ့၊ ကျွန်တော်လည်း မျက်နှာဖုံးစွပ်ပြီး လာခိုးမယ် ဒါမှ ရိုမန့်ဆန်အောင်လို့လေ"

"ဟယ် ချစ်စရာကောင်းလိုက်တဲ့အိုင်ဒီယာ၊ ရင်တွေခုန်လိုက်တာကွယ်၊ အဲဒီညကို ဒီမျက်နှာဖုံးလေးစွပ်ပြီး ကုန်ဆုံးကြမယ်ပေါ့ ဟုတ်လား မောင်"

"ဒါပေါ့ အဲဒီညမှာ မင်းသမီးလေးကို မင်းသားလေးက ရထားလုံးနဲ့ တင်ပြေးမှာဗျ"



www.burmeseclassic.com

www.burmeseclassic.com



မိုးစက်စကားကို သဘောကျလွန်းသဖြင့် ရှင်းရှင်း တဟီးဟီး ဖြင့် နွားအိုမကြီးအောက်သွားမရှိ ရယ်ပါတော့သည်။

အပျော်တွေလွှန်နေကြသော ခပ်ပေါပေါ ညီအစ်မတွေကိုကြည့်ပြီး ရယ်ချင်စိတ်ကို မနည်းအောင့်ထားရတာလည်း တစ်ဒုက္ခပါပဲ။

■ ■ ■

## အခန်း (၄၅)

"ချစ်တယ် ဟုတ်လား"

"ဟုတ်တယ် မမထင်းထင်း"

"အမလေး ကြားရတာ အရသာရှိလိုက်တာ၊ အဲ နေဦး ဒီအသံလေးကို လုပ်ထားချင်လို့ပါ"

ဖုန်းကိုထုတ်ကာ အသံသွင်းသည့်ဖိုင်ကို ဖွင့်လိုက်ပြီး "ပြန်ပြောပါဦး

"မမထင်းထင်းကို ချစ်တယ်"

"နောက်တစ်ခေါက် ထပ်ပြော"

"ဟာဗျာ မမထင်းထင်းကို ချစ်ပါတယ်ဆို"

"အမလေး ခုလို အကြိမ်ကြိမ်ပြောပေးတဲ့အတွက် ကျေးဇူးတင်လိုက်တာ"

www.burmeseclassic.com



သူပြောနိုင်းလို့ ကိုယ်ပြောရသည့်အနေအထားမျိုးဖြင့် အသံသွင်းလိုက်သည်မို့ ဘာပြဿနာမှတော့ ရှိမလာနိုင်။

"မမထင်းထင်းကလေ မိုးကိုသိပ်ချစ်တယ် ဒီတစ်သက် မိုးကိုသာ ပိုင်ဆိုင်ရမယ်ဆိုရင်လေ ထမင်းမစား ဟင်းမစားဘဲနဲ့ မိုးရဲ့အချစ်တွေနဲ့ အသက်ဆက်ရှင်လို့ရတယ်"

အိုဗာတွေရွတ်ပြနေသော ထင်းထင်းစကားကြောင့် မိုးစက်ဟန်ဆောင်ရယ်လိုက်ပြီး မမထင်းထင်း လက်ထဲမှ ဖုန်းကို လှမ်းယူကာ ခလုတ်ကို ပိတ်လိုက်သည်။

"မင်း မမကို ချစ်တယ်ဆိုတာ တကယ်ပါနော်"

"ဘာလဲ မယုံဘူးလား"

"ယုံချင်တယ် ဒါပေမဲ့ အဲဒါ တကယ်မဟုတ်မှာကို စိုးရိမ်တာ"

"ဒါဆို ဘာနဲ့သက်သေပြရမလဲ၊ မမထင်းထင်းကို ခိုးပြေးရမလား"

"ဟယ် ဘယ်လို ခိုးပြေးမယ် ဟုတ်လား။ အမလေး ရင်တွေတောင် ခုန်လာပါလားကွယ်၊ တ တကယ် ခိုးမှာလားဟင်၊ ဒါဆိုရင်တော့ ခုပဲခိုးတော့ အို ရှုပ်ပါတယ် မမထင်းထင်းကပဲ မိုးကိုခိုးသွားတော့မယ်"

ထင်းထင်း ရသည့်အခွင့်အရေးကို နှုးမထားချင်။ ချက်ချင်းကို အကောင်အထည်ဖော်လိုက်ချင်သည်။

"ခုချက်ချင်းကြီးတော့ မဟုတ်သေးဘူးလေ"





"ခုပဲ ချစ်သူတွေဖြစ် ခုပဲ ခိုးပြေးဆိုရင် မမထင်းထင်းအတွက် မမြန်လွန်းဘူးလား"

"အို ဘယ်ကလာမြန်ရမှာလဲ၊ နောက်တောင်ကျနေတာပါ"

"ဒါဆိုရင် ခုလာမယ့်စနေနေ့ မမထင်းထင်းကို ကျွန်တော်လာခေါ်မယ်၊ ပြီးရင် ဟိုးအဝေးကြီးကိုထွက်သွားကြမယ်၊ နှစ်ယောက်ထဲ ကြည်နူးလို့ရမယ့်နေရာမျိုးကိုပေါ့"

ထင်းထင်းမျက်လုံးတွေ အရောင်တွေတောက်လာကာ

"မမထင်းထင်း ဝမ်းသာလွန်းလို့ ဘယ်လိုပြောရမှန်းတောင် မသိတော့ပါဘူးကွယ်"

"ကဲပါ ဘာမှပြောမနေနဲ့ ရော့ ဟောဒီမျက်နှာဖုံးလေး ယူထား"

မစ်ကီးမောက်စ် မျက်နှာဖုံးလေးကို ထင်းထင်းလက်ထဲ ထည့်ပေးလိုက်သည်။

"ဒါ ဘာလုပ်ဖို့လဲ"

"ကျွန်တော်တို့ခိုးပြေးကြတဲ့ညမှာ မမထင်းထင်းရော ကျွန်တော်ရော ဒီမျက်နှာဖုံးလေးတွေ စွပ်ပြီး အဝိကဲကြမယ်လေ၊ ဒါဆို ရှက်စရာမလိုတော့ဘူး။ နောက်တစ်နေ့မနက်ရောက်မှ တပ်ထားတဲ့မျက်နှာဖုံးတွေကို အတူတူဖြုတ်ကြမယ်၊ စတိုင်အသစ်နဲ့ ရင်ခုန်သံအသစ်တွေကို အတူတူ မွေးဖွားကြရအောင်"

"အိုး ရက်စ် အရမ်းကို ရိုမန့်စ်ဖြစ်တာပဲကွယ်၊ မမလေး တွေးကြည့်တာနဲ့တင် စိတ်ထဲမှာ ပျော်လိုက်တာ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီညကျရင် ဒီထက်ပိုပျော်ကြရအောင် ကျွန်တော် အစွမ်းကုန်ပြုစုမယ်၊ ဒါပေမဲ့ မမထင်းထင်းနဲ့ကျွန်တော် နီးရာလိုက်မယ့်အစီအစဉ်ကို ဘယ်သူ့ကိုမှ မပြောရဘူးနော်၊ ကျန်တဲ့အစ်မတွေ သိသွားမယ်ဆိုရင်တောင် ကျွန်တော့်နောက်လိုက်တယ်မပြောပဲ တခြားတစ်ယောက်နောက်လိုက်တယ်လို့ပြောခဲ့"

"အို ဒါပေါ့ ဒီလိုပဲ ပြောရမှာပေါ့၊ ဒါမှ ဒင်းတို့ မမတို့ချစ်ခြင်းကိုလိုက်မခွဲမှာ၊ ညီအစ်မချင်းအတင်းချတာတော့မဟုတ်ပါဘူး၊ သူတို့ကလည်းလေ မိုးကို အသေအလဲကြိုက်နေကြတာ၊ ခုလိုမိုးနဲ့မမထင်းထင်းနဲ့ ချစ်သူတွေဖြစ်သွားတာကိုသိရင်လေ သူတို့လုံးဝ နာလိုကြမှာမဟုတ်ဘူး"

"ဘာပဲဖြစ်ဖြစ် ကျွန်တော်ကတော့ မမထင်းထင်းကလွဲရင် အားလုံးကို နိုးပဲနော်"

"အမလေး ချစ်ဖို့ကောင်းလိုက်တဲ့ မမထင်းထင်းရဲ့မောင်ရယ်"

ကြိုက်မရက် ငိုက်မရှက်မျက်နှာဖြင့် မိုးစက်ပါးကို တရွှတ်ရွှတ်နှင့် နမ်းတော့၏။

ရင်ခုန်စရာမကောင်းသော အနမ်းတွေကြောင့် စိတ်ဆင်းရဲလိုက်တာမှ ပြောဖွယ်ရာမရှိတော့။

■ ■ ■



## အခန်း (၄၆)

"အစ်ကို ဒီတစ်ပတ် တနင်္ဂနွေနေ့ ညီညီကျော်နဲ့လက်ထပ်ရတော့မယ်၊ ငွေလတော့ အဲဒီနေ့အထိ မစောင့်နိုင်တော့ဘူး"

ညီညီကျော်နှင့်လက်ထပ်ရမယ့်အတူတူ ကိုယ့်ကိုကိုယ် သတ်သေလိုက်တာကမှ ကောင်းဦးမည်။

"သူ့ကိုလက်မထပ်တဲ့ အချုပ်ထဲ ဝင်လိုက်ရင် ကောင်းမလား"

"ဟာကွာ ငွေလ ဘာတွေလျှောက်ပြောနေတာလဲ၊ ဒီမှာ ကိုယ်ပြောပြမယ် သေချာနားထောင် တကယ်တော့လေ ငွေလကို သူတို့ဘာအမှုမှဖွင့်မထားဘူး၊ တမင်ယုတ်မာပြီး ခြိမ်းခြောက်ကြတာ"

"ဟင် တ တကယ်လားဟင်"

"တကယ်ပြောတာ"

"အစ်ကို ဘယ်လိုသိလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မမကြီးပြောတာ"

"အစ်ကိုနဲ့သူနဲ့ တွေ့သေးတယ်ပေါ့"

ဝန်တိုရိုပ်ကလေးဖြင့် မေးလာသောအမေးကြောင့် မိုးစက် ဟက်ခနဲ ရယ်ကာ

"မတွေ့လို့မှ မရတာ ငွေလကိုဝိုင်းပြီး ဒုက္ခပေးကြတဲ့အတွက် သူတို့လည်း တန်ပြန်ခံစားရမှာပေါ့၊ စောင့်ကြည့်နေပါ ကိုယ် သူတို့ကို ဘယ်လိုပညာပေးမလဲဆိုတာ တစ်သက်စာ နောင်တရစေရမယ်"

"ဘာတွေပညာပေးထားတာလဲ အစ်ကိုရယ်"

ငွေလကြောင့် ဘယ်သူ့ကိုမှ မထိခိုက်စေချင်ပါ။

"ခုချိန်မှာ အဲဒါထက် အရေးကြီးတာက ငွေလ လက်ထပ်မယ့် အချိန်မရောက်ခင် ကိုယ် ငွေလကို လာခေါ်မယ်"

"ရှင်"

"ရှင်မနေနဲ့ စနေနေ့မနက်စောစော ညီညီကျော်အိပ်ရာမထခင် ငွေလကို လာခေါ်မယ် အိမ်မှာစောင့်နေ"

"ဟင် ဟိုညီအစ်မသုံးယောက်ကရော"

"အဲဒီအတွက် မပူနဲ့ သူတို့က ညဘက်ကတည်းက လင်နောက် ကိုယ်စီ လိုက်သွားကြမှာ"

"ဟော့တော် တကယ်လား ဘယ်သူတွေနဲ့လဲ"

"ဟာ ဒီကလေးမ ကိုယ့်ကိစ္စကိုယ်တွေးပြီး ရင်ခုန်စမ်းပါ"

"ဘာတွေ ရင်ခုန်နိုင်းနေတာလဲ ယောက်ဖ"





ညီညီကျော်နှင့် ထင်းထင်း ဝင်လာသဖြင့် နှစ်ယောက်သား အရယ်ရပ်သွားကြသည်။ မိုးစက် ဟန်မပျက်ပင်

"ဩော် သိပ်မကြာခင်မှာ ငွေလက လက်ထပ်ရတော့မှာဆိုတော့ အကြိုရင်ခုန်ထားရအောင် ပြောနေတာလေ"

မိုးစက် စကားကြောင့် ညီညီကျော် သဘောကျစွာရယ်မော လိုက်သည်။

"ဒါပေါ့ လက်ထပ်ပြီးတာနဲ့ သူ့ဘဝကို လုံးဝတစ်ဆစ်ချိုး ပြောင်းလဲပြီး အချိန်ပြည့်ရင်ခုန်စေရမယ် စိတ်ချ"

"ကျွန်တော်ကလည်း ကျွန်တော့်ညီမလေးအတွက် စိတ်ချချင် ပါတယ်ဗျာ"

"စိတ်ချပါ မောင်ရယ် မမထင်းထင်းကလေ ငွေလကို ကိုယ့် ယောက်မတစ်ယောက်လိုရော ညီမရင်းလေးတစ်ယောက်လိုပါ ပိုချစ်သွား မှာပါ၊ တို့တစ်တွေက တော်ရုံရေစက်မျှမဟုတ်တော့ ဆွေမျိုးနှစ်ထပ်ကွမ်း တော်ရတော့မှာလေ"

"ဟယ် မိုးရောက်နေတာပဲ၊ လာမယ်ဆိုလည်း မမဆီ ဖုန်း ဆက်ရောပေါ့ကွယ်"

"ရှင်းရှင်းကို ဖုန်းဆက်ထားတယ်၊ မမတို့ကို ဆက်စရာလား"

"ဟဲ့ ဒါ ဘာစကားလဲ၊ ကိုယ်နဲ့မဆိုင်တာကို ဝင်မပါနဲ့"

"ခုမဆိုင်ပေမယ့် တစ်ချိန်ဆိုင်တော့မှာပဲ"

"အမယ် အဟင်း ဟင်း ရယ်ရတယ်၊ အေးပါ ဘယ်သူနဲ့ဆိုင်



www.burmeseclassic.com

www.burmeseclassic.com



လဲဆိုတာ အံ့ဖြေထွက်တော့မှာပါ''

ညီအစ်မသုံးယောက် မိုးစက်ကိုအလယ်ထားပြီး တစ်ယောက်ကို တစ်ယောက် စောင်နေကြသည်။

မိုးစက်၏ဘယ်လိုစိတ်စဥ့်ထားသည်ဆိုတာ သူတို့မှမသိတာ။

■ ■ ■

## အခန်း (၄၇)

စနေနေ့ညရောက်လာပြီမို့ ညီအစ်မသုံးယောက်စလုံး ကိုယ့်အကြိုအစည်ကို တိုးတိုးတိတ်တိတ် အကောင်အထည်ဖော်နေကြသည်။

"ရှင်းရှင်းနဲ့ထင်းထင်းရေ ဒီည အမိဗ္ဗာန်ဝင်စရာရှိလို့ ငါ ဘုရားခန်းထဲမှာ အိပ်မယ်နော်''

"အမလေး ကောင်းလိုက်တာ၊ ဒါမှ ခုရှင်ပေါ်မှာ လွတ်လွတ်လပ်လပ် ကျယ်ကျယ်ဝန်းဝန်း အိပ်ရမှာ''

ထင်းထင်း အသံကျယ်ကျယ်ဖြင့် ဟန်လုပ်ပြောသည်။

"အေးပါ ဒါဆိုလည်း နင်တစ်ယောက်ထဲ ခုတင်ပေါ်မှာ လွတ်လွတ်လပ်လပ်အိပ် ငါလည်း ဒီည အပြင်မှာထွက်အိပ်မယ်''

ရှင်းရှင်းကပါ အပြင်မှာထွက်အိပ်မည်ပြောသဖြင့် ထင်းထင်း အံ့သြနေသည်။

ဒီည ကိုယ်တစ်ယောက်ထဲ ထူးခြားတာမဟုတ်။ မမကြီးနှင့်



www.burmeseclassic.com

www.burmeseclassic.com



မမရှင်းရှင်းပါ ါထူးခြားနေတာတော့ အမှန်ပင်ဖြစ်သည်။ ဘာတွေကြံစည်နေကြ၍လဲ။ ဒီတော့ သူတို့ ဘာတွေလုပ်နေကြသလဲဆိုတာ သိချင်လာသည်။ သို့သော် ခုချိန်မှာ သူတို့အကြောင်းစပ်စုနေတာထက် ကိုယ့်ကိစ္စကို ကိုယ် မြန်မြန်အကောင်အထည်ဖော်ရမည်။

နံရံမှ နာရီကိုကြည့်လိုက်သည် အပျိုဘဝသက်တမ်းကုန်ဆုံးဖို့ အချိန်ပိုင်းသာ လိုတော့သည်မို့ နိုးရာလိုက်ဖို့အထုပ်အပိုးပြင်ရတော့မည်။

"ငွေလရေ ငွေလ"

"ရှင် မမထင်းထင်း"

"ဒီည မမ မိုးစက်နဲ့ နိုးရာလိုက်တော့မလို့"

"ရှင်"

ငွေလ အံ့သြသွားသည်။ သို့သော် ဒါဟာ လုံးဝမဖြစ်နိုင်မှန်းလည်း သိသည်။ မမကြီးကိုရော မမ ရှင်းရှင်းကိုရောပါ မိုးစက်က နိုးမည်တဲ့။

"ဟုတ်ကဲ့ ငွေလ ဘာကူညီပေးရမလဲ"

"ဟောဒီအဝတ်ထုပ်ကို ခြံရှေ့ကပန်းခြံထဲမသိမသာ သွားထည့်ထား၊ ညဆယ်နာရီဆိုတာနဲ့ မမ ဒီကထွက်မယ်"

မမထင်းထင်းက ညဆယ်နာရီ မမကြီးက ညဆယ့်တစ်နာရီဖြစ်ပြီး မမရှင်းရှင်းက ညဆယ့်နှစ်နာရီဖြစ်သည်။ ညီအစ်မသုံးယောက်စလုံး တိတ်တိတ်ကြံစည်နေကြပေမယ့် ငွေလကိုတော့ အားလုံးအသိပေးကြသည်။ ငွေလက သူတို့နိုးရာလိုက်မည့်အထုပ်တွေကို အိမ်ကပန်းခြံ





ထဲသို့ သွားဖွက်ပေးရမည်။

အစ်ကိုမိုးစက်တာတွေကြံစည်နေသလဲဆိုတာကို ငွေလ ခုချိန်ထိ သဘောမပေါက်နိုင်သေး။

ဒီညီအစ်မသုံးယောက်ကို အစ်ကိုမိုးစက် နိုးမှာမဟုတ်ဘူးဆိုလျှင် လမ်းပေါ်မှာ အထုပ်ကိုယ်စီနှင့် ယက်တန်ယက်ကန် ဖြစ်ဦးတော့မည်။

ကြားထဲက ငွေလသာ ရင်မောနေရသည်။ ဘယ်လိုစခန်းသွားကြမှာပါလိမ့်။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄၈)

"မောင် စောင့်နေရတာ ကြာပြီလားဟင်"

ပန်းခြံဘေး မျက်နှာဖုံးစွပ်ကာ ငုတ်တုပ်ထိုင်စောင့်နေသောလူကို ရှင်းရှင်း မိုးစက်ထင်ပြီး ချွဲပျစ်ပျစ် မေးလိုက်ခြင်းဖြစ်သည်။

"အင်း ကြာသေးဘူး ဆယ်မိနစ်လောက်ပဲ ရှိသေးတယ်"

"ရင်တွေခုန်လိုက်တာ မောင်ရယ်၊ ဒီညတော့ ရှင်းရှင်းတကယ့် အိုရတော့မယ်"

"ဒါပေါ့ မမရဲ့ဘဝကို ဒီည ကျွန်တော်ပိုင်ဆိုင်ရတော့မှာမို့ ကျွန်တော်လည်း ပျော်တာပဲ၊ ကဲ လာ မမ အချိန်မရှိဘူး၊ ကျွန်တော်တို့ ဒီကနေ ကမ္ဘာသစ်တစ်ခုဆီကို မြန်မြန်သွားကြရအောင် မမကို အရမ်းချစ်ချင်လာပြီ"

"ဒီကလည်း အချစ်ခံချင်လာပြီ ခိ ခိ ခိ"

တစ်ယောက်ခါး တစ်ယောက်လှမ်းဖက်ကာ မှောင်ရိပ်ခိုတွဲ၍ ခပ်တင်းတင်း





ဖက်ကာ အမှောင်ထဲသို့ တိုးဝင်ပျောက်ကွယ်သွားကြသည်။

အချိန်သိပ်မကြာလိုက် ခြံထဲမှ မမကြီးလည်း ထွက်လာသည်။ အချိန်က ညဆယ့်နှစ်နာရီတိတိ။ မျက်နှာဖုံးလေးစွပ်ကာ ကော့လန်ကော့လန်လျှောက်လာသော မမကြီးကို မျက်နှာဖုံးစွပ်ကာ ထိုင်စောင့်နေသော ကိုဖိုးထိန် ပြေးကြိုသည်။

"မမကြီး စောင့်လိုက်ရတာများ ကျွန်တော်က ထွက်မလာတော့ဘူးထင်ပြီး အိမ်ထဲဝင်ခိုးဖို့တောင် ကြံနေတာ၊ ဘယ်မှာလဲ အထုပ်အပိုးတွေ မှတ်ပုံတင်တို့ဘဏ်စာအုပ်တို့ရော ပါရဲ့လား ဟီး ဟီး ဟီး"

ဦးဖိုးထိန် မအောင့်အီးနိုင်ဘဲ ဘဏ်စာအုပ်ကိုမေးသည်။

"ဘဏ်စာအုပ်တင်မဟုတ်ဘူး၊ မမကြီးပိုင်ဆိုင်သမျှ ပစ္စည်းတွေ အကုန်ကို သယ်ချလာတာ"

ကြားရသောစကားကြောင့် ဦးဖိုးထိန် ထကခိမတတ် ဝမ်းသာသွားသည်။ အထုပ်ပါနေမှတော့ ရုပ်မလှလည်း ရာသက်ပန်မိုးမြေကျပေါင်းရတော့မှာပင်။ မောင်မင်းကြီးသား မိုးစက် ကျွန်းမာပါစေ ချမ်းသာပါစေ ဒင်းလေးကြောင့် စုပ်ရောလာဘ်ရော တစ်ပြိုင်တည်းမွှင့်ကြရတာ။

"ဒီည ကျွန်တော်တို့ အပိုကို ကဲကြမယ်နော်"

"အို မမကြီးကလည်း အစွမ်းကုန်ပဲ၊ ဒီနေ့လိုညမျိုးကို စောင့်နေခဲ့ရတာ နှစ်ပေါင်းမနည်းတော့ဘူး၊ ခုမှပဲ အိုရတော့တယ် ဟစ် ဟစ် ဟစ်"

"ကဲ လာ လာ ကျွန်တော်လည်း မြန်မြန်အိုချင်လှပြီ"



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်လက် တစ်ယောက်ဆွဲပြီး မိုးစက် ကြိုတင်စီစဉ် ပေးလိုက်သော ကားရှိရာသို့ ခပ်သုတ်သုတ်လျှောက်လာခဲ့လိုက်ကြသည်။

ထိုညသည် အပျိုကြီးသုံးယောက် သူတို့ချစ်သော မိုးစက်ထင် ပြီး ဝက်ဝက်ကွဲ ရင်နာကြရမည့် ညတစ်ညပေါ့။

မိုးစက်ကတော့ သူ့အစီအစဉ်အောင်မြင်သွားပြီမို့ ချစ်သူလေး ကို နိုးဖို့ ဒီညတစ်ညလုံး ရင်ဆက်ခုန်ရဦးတော့မည်။

■ ■ ■

## အခန်း (၄၉)

"မမထင်းထင်း ညက အိပ်လို့ကောင်းလား"

"ကိုယ့်ချစ်သူနဲ့အချစ်တွေဖလှယ်ပြီး ရင်ခွင်ထဲဝင်အိပ်ရတာဆို တော့ အိပ်လို့မကောင်းဘဲ ဘယ်ရှိပါ့မလဲ"

"ဒါဆို ထပ်ချစ်ကြမယ်လေ၊ မိုးမှုလင်းသေးဘဲ ပြီးရင် ပြန် အိပ်ကြဦးမယ် ဘယ်လိုလဲ"

ထင်းထင်းကိုယ်ပေါ် အုပ်မိုးပြီး မေးလာသော အမေးကြောင့် မျက်နှာဖုံးအောက်မှ ရှက်ပြုံးလေးပြုံးကာ

"ဒါဆိုလည်း မျက်နှာဖုံးကြီးချွတ်လိုက်ကြရအောင်ကွယ် အသက်ရှူကျပ်တယ်ကွ"

ပြောပြောဆိုဆို ထင်းထင်း သူ့မျက်နှာပေါ်မှာတပ်ထားသော မျက်နှာဖုံးကို ဆွဲချွတ်လိုက်သည်။

"ကဲ မမထင်း ချွတ်ပြီးပြီ၊ မောင်လဲ ချွတ်လေတော့လေ"



www.burmeseclassic.com

www.burmeseclassic.com



"အင်း ချွတ်ရမှာလား"

"ချွတ်လေ မောင့်မျက်နှာလေးကို မြင်ချင်လှပြီ"

နှုတ်ခမ်းကိုစူထော်ကာ အနမ်းတွေပေးဖို့ ဟန်ပြင်နေသည့်မို့ မိုးထိန်ဇော်ညီ ဖိုးပိန် မျက်နှာဖုံးကို ခပ်ဖြည်းဖြည်း ဆွဲချွတ်လိုက်သည်။

"အား အမလေး"

မျက်နှာဖုံးချွတ်လိုက်သည်နှင့် ထင်းထင်း အလန့်တကြား ကုန်းအော်တော့သည်။

"ရှင် ရှင်ဘယ်သူလဲ မိုးစက်လည်းမဟုတ်ဘူး"

"မိုးစက်ရဲ့ကိုယ်ပွားလေ၊ ဒါကြောင့် ကိုယ်စားနိုးလာတာပေါ့"

"ဘာ"

"မအံ့ဩပါနဲ့ ထင်းထင်းရယ်၊ မောင်ကလည်း ဖော့်ကို မိုးစက်ကိုချစ်တဲ့အချစ်ထက် ပိုချစ်ပေးမှာပါ"

"သွား မချစ်နဲ့"

သူ့ကိုယ်ပေါ် အုပ်မိုးနေသော ဖိုးပိန်ကို အတင်းတွန်းထုတ်ပြီး အခန်းထဲမှ ထွက်ပြေးရန် ကုန်းရုန်းထသည်။

"ထင်းထင်း၊ မောင်တို့နှစ်ဦးသဘောတူစိတ်ကြိုက် ချစ်ပြီးကြပြီလေ၊ မိုးစက်ကို မေ့လိုက်ပါတော့"

"သွား ရှင် ကျွန်မနောက် လိုက်မလာနဲ့နော်၊ ရှင့်ကို တရားစွဲမယ် လူယုတ်မာ အမလေး ဘဝတော့ပျက်ပါပြီ"

ထင်းထင်း ရုက်လွှန်း၍ အခန်းထဲမှ ပြေးအထွက်။



"ဟာ ဟော့ ထင်းထင်း မပြေးနဲ့ ဟာ အရုက်တွေတော့ ကွဲကုန်တော့မှာပဲ လာ ပြန်လာခဲ့"

"မလာဘူး သေတောင် ပြန်မလာဘူး ဂျိုး သူခိုး လူယုတ်မာရဲ့"

"ထင်းထင်း မလာလို့မရဘူး၊ ဒီမှာ လုံချည်လေးတော့ ကောက်စွပ်သွားပါဦး၊ ခါးအောက်ပိုင်း လေတိုးမှာပေါ့"

"ဟင် ဘုရားရေ အောင်မလေး"

ထင်းထင်း ခါးအောက်ပိုင်းကို အလန့်တကြား ငုံ့ကြည့်ပြီး အလန့်တကြားအော်ကာ ဖိုးပိန်ဆီသို့ ကမူးရှူးထိုး ပြန်ပြေးလာရပြန်သည်။

ဖိုးပိန် ကမ်းပေးနေတာက ထင်းထင်းလုံချည်။

■ ■ ■

www.burmeseclassic.com

## အခန်း (၅၀)

"ဘုရားရေ ဒါ ဒါကြီးက ဘယ်သူတုန်း"

မျက်နှာဖုံးက မျက်နှာပေါ်ကျွတ်လုကျွတ်ခင်ဖြစ်နေ၍ တစ်ခြမ်းသာမြင်နေရသောမျက်နှာကြမ်းကြမ်းကြောင့် သူ့ရင်ခွင်ထဲ အတင်းတိုးဝင်အိပ်နေသော ထိုလူ့ကို တွန်းထုတ်ပြီး

"ဟော့လူ ရှင် ထစမ်း ထစမ်း မိုးစက် ဘယ်မှာလဲ၊ ရှင်က ဘာကြောင့် ကျွန်မရင်ဘတ်မှာ မျက်နှာကပ်ပြီး လာအိပ်နေရတာတုန်း"

"မိုးစက် ဘယ်ကမိုးစက်လဲ ညက မင်းကို ကိုယ်နိုးလာတယ်လေ၊ ပြီးတော့ ဒီအိပ်ရာပေါ်မှာ တူတူအိပ်ကြတယ်"

ဘွင်းဘွင်း ကိုယ့်နားပင်ကိုယ်မယုံနိုင်။ ဒီမျက်နှာဖုံးကြီးတွေကြောင့် ညက မိုးစက်အထင်နှင့် လိုက်လာမိသည်ပဲ။ ဘုရား ဘုရား ကိုယ်ကျိုးတော့ နည်းကုန်ပါပြီ။





"ရှင် ဘယ်သူလဲ"

"ကိုယ့်နာမည် ဖိုးထိန် မိုးစက်က သူတစ်ခြားမိန်းကလေးကို သွားခိုးစရာရှိလို့ မင်းကိုခိုးပေးဖို့ တာဝန်လွှဲပေးလိုက်တာလေ ဟဲ ဟဲ ဘယ်လိုလဲ ညက ကိုယ်အပြုအစုကောင်းတယ်မဟုတ်လား"

"တော် တိတ် ရှင့်ကြောင့် ကျွန်မဘဝပျက်ပြီ အပျိုကြီးဘဝက နေ သူများအနိုင်ကျင့်ခံလိုက်ရပြီ"

ပြောရင်းဖြင့် ဘွင်းဘွင်း၊ တဟီးဟီးဖြင့် အော်ငိုလိုက်သည်။

"အောင်မလေး မိုးစက်ရဲ့၊ လုပ်ရက်လေခြင်း ကိုယ်မခိုးနိုင်ဘဲနဲ့ သူများကိုအစားခိုးခိုင်းရလား ခုတော့ သွားပါပြီ ဘဝက ရစရာမရှိအောင်ကို စုတ်ပြတ်သတ်သွားပြီ"

တစ်ဖက်ခန်းမှ ရှင်းရှင်းရဲ့အော်ကြီးဟစ်ကျယ် ငိုလိုက်သံကြောင့် ရှက်လွန်း၍ တသိမ့်သိမ့်ငိုနေသော ဘွင်းဘွင်း မျက်လုံးပြူးသွားသည်။

"ဟင် ဒါ ဒါ ရှင်းရှင်းအသံပဲ ဘုရားရေ ဒါ ဒါဆိုရင် သူလည်းခိုးရာလိုက်လာတာပဲပေါ့၊ ဘယ်လိုဖြစ်ပြီး ဒီတည်းခိုခန်းမှာ ဟိုဘက်တစ်ခန်း ဒီဘက်တစ်ခန်း လာဆုံနေရတာတုန်း၊ အောင်မလေး ဒါဆိုရင် မိုးစက်ကို မသွားတာ ဟိုကောင်မ ထင်းထင်းပေါ့"

မိုးစက်ကို မပိုင်ဆိုင်ရတော့ဘူးဟူသည့်အသိကြောင့် ထင်းထင်းအပေါ် ဒေါသတွေပုံထပ်သွားသည်။

"တွေ့မယ် ကောင်မ ဒါသူ့စနက်ပဲ ဖြစ်ရမယ်"



www.burmeseclassic.com

www.burmeseclassic.com



ဘွင်းဘွင်း ထသီစွန်တောင်ဆွဲကာ အခန်းထဲမှ ထွက်သွားတော့။

တစ်သက်လုံး ထိန်းလာသည့် ဂုဏ်သိက္ခာတွေ ခုတော့ ကုန်း

ကောက်စရာတောင် မရှိတော့။

■ ■ ■

## အခန်း (၅၁)

"ငွေလ ငွေလရေ"

ညီညီကျော် မနက်အိပ်ရာနိုးကတည်းက ငွေလကို တစ်အိမ်လုံး ပတ်ရှာနေသည်။

ငွေလတင်မဟုတ် အစ်မသုံးယောက်စလုံးလည်း ပျောက်နေသည်။

"ဒင်းတို့ ဘယ်တွေသွားနေကြတာလဲ"

"တောက်"

ခေါ်မကြား အော်မကြားဆို ညီညီကျော်ဒေါသတွေ ပို၍ဖောင်းပွလာသည်။

ပို၍သေချာစေရန် ငွေလအခန်းထဲ ပြန်ဝင်၍လာပြီး ငွေလ အဝတ်သေတ္တာကို ဖွင့်ကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟင် အဝတ်တွေ မရှိတော့ဘူးပဲ"

ညီညီကျော် မျက်စိပျက် မျက်နှာပျက်ဖြင့် အခန်းထဲကို စေ့ကြည့်လိုက်သည်။ အိပ်ခန်းတစ်ခုလုံး ရှင်းလင်းနေသည်။ ခေါင်းအုံးပေါ်မှာ စာတစ်စောင် တင်ခဲ့သည်ကို တွေ့သွားသည်။

လက်တုန်ခြေတုန်ဖြင့် လှမ်းယူကြည့်လိုက်သည်။ စာကိုဖွင့်၍ ဖတ်လိုက်ပြီး မျက်မှောင်တို့ တဖြည်းဖြည်းရှုံ့တွ တွန့်ခွေလာသည်။

အစ်ကိုလေး

ငွေလ အစ်ကိုလေးကိုလက်မထပ်နိုင်လို့ အစ်ကိုမိုးစက်နဲ့ ခိုးရာလိုက်သွားပါပြီ။ လိုက်မရှာပါနဲ့တော့ တကယ်တော့ အစ်ကိုမိုးစက်က ငွေလချစ်သူပါ။ အားလုံးထင်ထားကြသလို မောင်နှမ မဟုတ်ပါဘူး။

ရိုးသားစွာလိမ်လည်မိခြင်းမို့ ခွင့်လွှတ်ပေးပါ

ငွေလရောင်

"ဟာကွာ တောက်"

စာကို လုံးခြေကာ နံရံကိုအားကုန်လွှဲ၍ ပစ်ပေါက်လိုက်သည်။

ပြီးနောက် ခြေလှမ်းကျဲကြီးဖြင့် အစ်မတွေ၏အခန်းဆီသို့ ဝင်လာခဲ့ပြန်သည်။

"ဟော ဒီမှာလည်း တွေ့ပြန်ပြီ"

မှန်တင်ခုံပေါ်တွင် တင်ထားသော စာတစ်စောင်။ ဒင်းတို့ကရော ဘာစာတွေ ရေးခဲ့ပြန်ပြီလဲဟူသော အတွေးဖြင့် ဒေါသတကြီးယူပြီး ဖတ်လိုက်သည်။





ညီညီ

မမကြီးချစ်သူ မိုးစက်နောက်ကိုလိုက်သွားပါပြီ။ ငွေလနဲ့ လက်ထပ်ပွဲကို မမကြီးဝင်ပြီး မဦးစီးပေးနိုင်တာ ခွင့်လွှတ်ပါ။ ဟန်းနီးမွန်း ထွက်ပြီးမှ ပြန်လာခဲ့ပါမယ်။

မမကြီး

"ဒီ ဒီကောင် ဘာကောင်လဲ ငွေလကိုလည်း ခိုးသွားတယ်၊ မမကြီးကိုလည်း ခိုးသွားတယ်"

"ဟော ဟိုမှာလည်း တစ်စောင်ပါလား"

စားပွဲပေါ်တွင် ဖန်တုံးဖြင့် ဖိထားသော စာတစ်စောင် ဖွင့်ဖတ်လိုက်ပြန်သည်။

ညီညီ

ငွေလကို ဂရုစိုက်ပေးပါ။ မမထင်းထင်းကတော့ သူ့အစ်ကို မိုးစက်နောက်ကို လိုက်သွားပါပြီ။

"ဗုဒ္ဓေါ"

ဘုရားပင် တမိသည့်အဖြစ်။ ဘာဖြစ်ကြတာလဲ။ ဒီအိမ်ကမိန်းမတွေ လောကမှာ ယောကျ်ားမရှိတော့ဘူးတဲ့လား။

သို့ဆိုလျှင် နောက်တစ်ယောက်ကရော ဒီကောင့်နောက်ကို လိုက်သွားတာပဲလား။

စာများထားခဲ့မလားဟူသော အထင်နှင့် တစ်ခန်းလုံးလှည့်ပတ် ရှာကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



တွေ့ပါပြီ အခန်းတံခါးလက်ကိုင်ကွင်းမှာ ချိတ်သွားသော တံတာစ်ဓောင်။

ညီညီ

မမရှင်းရှင်း မိုးစက်နောက်ကို လိုက်သွားပြီ။ ဘဝကိုအချစ်တွေနဲ့တည်ဆောက်တော့မှာမို့ မမရှင်းရှင်းအတွက် မပူပါနဲ့၊ ငွေလနဲ့လက်ထပ်ပြီး ဘဝကို ကောင်းကောင်းဖြတ်သန်းပါ။

မမရှင်းရှင်း

"ဟွန်း ထင်တဲ့အတိုင်းပါပဲ၊ ဒီကောင်ကပဲ စွမ်းနေတာလား ငါ့အိမ်မှာရှိတဲ့မိန်းမတွေကပဲ ယောကျ်ားမမြင်ဖူးတာလား ဟမ် မိန်းမလေးယောက်လုံး တစ်ပြိုင်နက်ထဲ ဘယ်လိုပေါင်းမလဲ တောက် လူယုတ်မာ သတ်မယ် သတ်မယ်"

ညီညီကျော် တစ်ယောက်ထဲ ပေါက်ကွဲ၍ နေသည်။

"မိုးစက် မင်းကွာ ငါ့အစ်မတွေကို ခေါ်သွားတာ ငါ ဝမ်းမနည်းဘူး။ မင်းကယ်မှ အပျိုကြီးဘဝက လွတ်မယ့်အစ်မတွေမို့ ငါခွင့်လွှတ်နိုင်တယ်၊ ဒါပေမဲ့ ငါသိပ်ချစ်တဲ့ ငွေလရောင်လေးကိုတော့ ခိုးသွားဖို့မသင့်ဘူးကွ သောက်တလွဲကောင်ရ"

ညီညီကျော် တစ်ယောက်ထဲ ပေါက်ကွဲနေသည်။ ပေါက်ကွဲတာမှ တစ်အိမ်လုံး ပြောင်းဆန်၍နေသည်။ ပစ္စည်းတွေပေါက်ခွဲပစ်ပြီး ဒေါသတကြီး အော်ဟစ်၍နေတော့သည်။

■ ■ ■



## အခန်း (၅၂)

"မေမေ ဒါ မေမေ့ချွေးမလေ၊ သားတို့ ခုပဲ တရားရုံးမှာ လက်မှတ်ထိုးလာခဲ့ပြီ"

ငွေလလက်ကို ဆုပ်ကိုင်ပြီး မိခင်နှင့်မိတ်ဆက်ပေးနေသော မိုးစက် တော်တော်လေးကို မြူးကြွသွက်လက်၍နေသည်။

အချုပ်ထဲမှ ရှင်းအောင်နေဆိုသလို ချစ်သူကို အချုပ်ထုပ်အပျိုကြီးမတွေရဲ့ ကွန်ယက်ထဲမှ ဆွဲထုတ်နိုင်ခဲ့ပြီမို့ ဒီနေ့လေးဟာ မိုးစက်အတွက်တော့ ဘယ်တော့မှမမေ့နိုင်တဲ့ အမှတ်ရစရာနေ့လေးတစ်နေ့ပါပဲ။

"အေးလေ သားတို့လူငယ်ချင်း မေတ္တာမျှပြီးနေမှတော့ မေမေ့ဘက်က ငြင်းဆန်စရာ အကြောင်းမရှိပါဘူးကွယ်"

သဘောကောင်းလွန်းသော ယောက္ခမကြီးကို ငွေလရောင် နီးသလေးစားသောအကြည့်ဖြင့် ကြည့်လိုက်သည်။

www.burmeseclassic.com



"ငွေလမှာ အမေရော အဖေရောမရှိတော့တဲ့အတွက် အမေ့ကို ငွေလရဲ့အမေရင်းလို တစ်သက်လုံးပြုစုပါရစေ အမေ"

ငွေလကြမ်းပြင်မှာ ပုဆစ်တုပ်ထိုင်ချလိုက်ပြီး ယောက္ခမဖြစ်သူကို ကန်တော့လိုက်သည်။ ငွေလ ကန်တော့သည်နှင့် မိုးစက်ပါ မိခင်ဖြစ်သူကို ဦးချကန်တော့လိုက်သည်။

"သားနဲ့သမီး အိုအောင်မင်းအောင် ပေါင်းရပါစေကွယ်"

မိခင်ဖြစ်သူ၏ဆုတောင်းစကားမဆုံးခင်မှာပင်

"မိုးစက် မိုးစက်ရှိလား"

"ရက်စက်တဲ့ကောင် နင့်ကြောင့် ငါတို့ဘဝပျက်ရပြီဟဲ့"

"ထွက်ခဲ့စမ်း ထွက်ခဲ့ပါ"

ဘွင်းဘွင်းတို့ ညီအစ်မသုံးယောက်၏အသံပြုကြီးတွေနှင့် အော်ဟစ်သံကြောင့် မိုးစက်ရော ငွေလရော တစ်ယောက်မျက်နှာတစ်ယောက် ငြိုင်တူကြည့်လိုက်ကြသည်။

"ဟဲ့ ဟဲ့ ဘယ်သူတွေလာအော်နေကြတာတုန်း အိမ်ရှေ့မှာ"

အထိတ်တလန့်ဟန်ဖြင့် မေးလိုက်သော အမေ့ကြောင့် ငွေလ လက်ကိုဆုပ်ကိုင်ပြီး

"သူတို့ကို တစ်သက်စာပညာပေးလိုက်လို့ မကျေမနပ်ဖြစ်နေကြတာ မေမေ၊ ထွက်ပြီးတော့ သားတို့မရှိကြောင်း ပြောပေးပါ"

"ခြော် မင်းက မေမေ့ကိုထွက်လိမ်ခိုင်းနေတယ်ပေါ့"

"ခဏလေးပါ မေမေ"





"မင်းဘာတွေလျှောက်လုပ်တာလဲ မိုးစက်"

"သူတို့သုံးယောက်စလုံးကို ယောက်ျားပေးစားလိုက်လို့"

"ဟောတော်"

မိခင်ဖြစ်သူထံမှ အာမေဋိတ်သံ ထွက်လာပြီး ငွေလထံမှ ခစ်ခနဲ ရယ်သံထွက်ပေါ်လာသည်။

သိပ်မကြာလိုက် ဘွင်းဘွင်းတို့ညီအစ်မသုံးယောက်နောက်သို့ ပြေးလိုက်လာကြသော ခြေသံတွေ။ သူတို့က တခြားလူမဟုတ် ဇိုးသိန်းတို့ ညီအစ်ကိုသုံးယောက်ပဲ ဖြစ်သည်။

ဒေါသတကြီးဖြင့် ဆွေ့ဆွေ့ခုန်နေသော ညီအစ်မသုံးယောက်ကို အတင်းချော့မော့ပြီး ပြန်ခေါ်သွားကြသည်။

မိခင်ဖြစ်သူ လှုငယ်တွေကိစ္စထဲ ဝင်မပါချင်၍ သူ့အခန်းထဲ ဝင်သွားသည်။

ညွှန်းခန်းထဲတွင် ငွေလနှင့်မိုးစက် နှစ်ယောက်ထဲ ကျန်ခဲ့သည်။

"ကဲ မိန်းမ ခုမနက်ပဲ လက်ထပ်ပြီးပြီဆိုတော့ မင်္ဂလာဦးနေ့လေးကို အတူတူသွားပြီး ဖြတ်သန်းကြရအောင်"

ငွေလပခုံးကိုဖက်ပြီး ပါးကိုရွှတ်ခနဲ နမ်းလိုက်သော မိုးစက်၏ အပြုအမူကြောင့် ငွေလ ရှက်ကိုးရှက်ကန်းဖြင့် ပြုံးကာ ခေါင်းငုံ့လိုက်သည်။

"မင်္ဂလာဦးညပဲ ကြားဖူးတယ်၊ မင်္ဂလာဦးနေ့ဆိုတာ မကြားဖူးပါဘူး"

"ခု ကြားဖူးသွားပြီလေ လာကွာ၊ ရင်ခွင်ထဲမှာ အကြာကြီး



www.burmeseclassic.com

www.burmeseclassic.com



ဖက်ထားချင်လို့ ကိုယ့်အခန်းထဲ သွားကြရအောင်"

"အို ရှက်ပါတယ်ဆို"

"ရှက်ရင် ပေဘာဒီလို နမ်းတယ်ကွာ"

ညဉ့်ခန်းထဲမှာပင် ငွေလရောင်ဝါနီရွှေးရွှေးပါးပြင်ပေါ်သို့ အနမ်းတွေ တရစပ်ခြွေချလိုက်သည်။

အားလုံးအတွက်
နတ်သမီး

www.burmeseclassic.com